Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

(ကောင်းကင်ပြင်ပ)

Book.67 (1138-1152)

ရွှေနတ်ဆိုးဝံပုလွေတောင်တန်းနှင့်

စစ်ပွဲကြီး(အပိုင်း-1)

၁၁၃၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၃၈ - ရက်စက်လွန်းသော

ယုဝူရှမ်က အနည်းငယ်
ထိတ်လန့်သွားသည်။ ယန်ယဲ့က
သူမကိုသတိပေးလာမှသာလျှင် သူတို့မှာ
အခြားရွေးချယ်စရာမရှိကြောင်း
သဘောပေါက်သွားသည် ။

ယန်ယဲ့သည် မြို့ရိုးအပြင်ဖက်ရှိ
နတ်ဆိုးဝံပုလွေစစ်တပ်ကို လှည့်ကြည့်ကာ
“ငါတို့ အခုပဲ အကူအညီတောင်းပေမဲ့

သူတို့က ငြင်းလိုက်တယ်မဟုတ်လား။ ဒါကြောင့် မြို့ကိုကာကွယ်ဖို့ သူတို့ကိုယ်တိုင်လုပ်ပါစေ။ မြို့တံခါးတွေ ဖွင့်လိုက်စမ်း”

"တံခါးဖွင့်ကြစမ်း"
ယန်ယဲ့၏ဆန်းကြယ်ချီစွမ်းအင်အပြည့်ထည့်သွင်းထားသောအသံက မြောက်ပိုင်းမြို့တံခါးတစ်လျှောက်ပဲ့တင်ထပ်သွားသည်။

အတွင်းစည်းကျောင်းသားများအားလုံးလ
ည်း အနည်းငယ် အံ့အားသင့်သွားကြ၏။
သူတို့၏ မျက်လုံးများသည်
တုန်လှုပ်ချောက်ချားမှုများဖြင့်
ပြည့်နှက်နေသည်။ သို့သော်
ယန်ယွဲ့၏အမိန့်ကို မနာခံဘဲမနေရဲပေ။
ချက်ချင်းပင် မြို့တံခါးများကို
ဖြည်းညှင်းစွာဖွင့်လိုက်ကြတော့သည်။

ယန်ယွဲ့ မည်သည့်အကြောင်းကြောင့်
ဒီလိုအမိန့်ပေးသည်ကို မသိသော်လည်း

မမေးဝံ့ကြပေ။ တွန့်ဆုတ်မနေဘဲ
မြို့တံခါးများကို ဖွင့်ပေးလိုက်ကြသည်။

ဒီအရာကပင် ယန်ယဲ့အပေါ်ထားသော
သူတို့၏ယုံကြည်မှုဖြစ်သည်။

မြို့တံခါးအသီးသီး
အနည်းငယ်စီပွင့်အာသွားသည့်နောက်
မရေမတွက်နိုင်သော နတ်ဆိုးဝံပုလွေများ
မြို့ထဲသို့
တရကြမ်းဝင်ရောက်လာကြတော့၏။

"ဒါဆို လုံလောက်ပြီမဟုတ်လား"
ယုဝ္ဝရှမ်က မြို့ထဲသို့ ဝင်လာနေသော
နတ်ဆိုးဝံပုလွေအုပ်ကို ကြည့်နေရင်
တုန်လှုပ်သောအသံဖြင့် မေးလိုက်သည်။

ယန်ယွဲ့က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်သည်။
သူ့ဘယ်ဖက်လက်ထဲတွင်
ရှေးဟောင်းဓားအိမ်ကို ဆုပ်ကိုင်ထားပြီး

ဓားစိတ်ဆန္ဒများတစ်ချောင်းကိုပါ ဓားအိမ်ထဲ ထည့်ထားသည်။

နောက်ထပ် အသက်ရှူ ၅ ရှိုက်စာခန့်ကုန်ဆုံးသွားသည့်နောက် နတ်ဆိုးဝံပုလွေ အကောင်ရေ (၃၀၀၀) နီးပါး မြို့ထဲသို့ ဝင်ရောက်လာခဲ့သည်။

"တံခါးတွေပြန်ပိတ်လိုက်တော့"
ထိုအချိန်တွင် ယန်ယဲ့၏အသံသည် ထပ်မံ၍ထွက်ပေါ်လာပြီးနောက်

မြို့ရိုးအထက်ကနေ

ဓားစွမ်းအင်အလင်းတန်းတစ်ခုပြေးထွက်

လာပြီး မြို့တံခါးရှေ့သို့ ဆင်းသက်လာသည်။

ဓားစွမ်းအင်က မြို့ထဲသို့ ဝင်လာမည့်

ဒါဇင်နှင့်ချီသော နတ်ဆိုးဝံပုလွေများကို

ချက်ချင်း ၂ ပိုင်း ခွဲပစ်လိုက်သည်။

သို့သော်လည်း ထိုအရာက

နောက်ကနေလိုက်ပါလာသော

နတ်ဆိုးဝံပုလွေများကို မရပ်တန့်နိုင်ခဲ့ပေ။

အောင်း!

မြို့ရိုးအထက်မှ ဓားအူသံများ အဆက်မပြတ် မြည်ဟီးလာပြီးနောက် မရေမတွက်နိုင်သော ဓားစွမ်းအင်များ အပေါ်မှ လွင့်ပျံလာသည်။ နောက်ဆုံးတွင် ဓားစွမ်းအင်များက မြို့တံခါးနှင့် နတ်ဆိုးဝံပုလွေစစ်တပ်ကြားက မြေပြင်ကို မျဉ်းကြောင်းသဖွယ် ပိုင်းဖြတ်သွားကာ ထူထပ်သောအတားအဆီးတစ်ခုအဖြစ်ဖန် တီးခဲ့သည်။ ဓားစွမ်းအင်အတားအဆီးကနေ

ထွက်ပေါ်လာသော
ကြောက်မက်ဖွယ်ဖိအားက
မရေမတွက်နိုင်သော နတ်ဆိုးဝံပုလွေများကို
မြေပြင်ပေါ် ပြားပြားဝပ်ကပ်သွားစေသည်။

အစပိုင်းတွင်
နတ်ဆိုးဝံပုလွေအများအပြားက
၎င်းတို့၏ခန္ဓာကိုယ်များနှင့်
ဓားစွမ်းအင်အတားအဆီးကို
ပြေးတိုက်ကြသော်လည်း
အချိန်အနည်းငယ်ကြာပြီးနောက် မည်သူမျှ

ရှေ့မတက်ဝံ့တော့ပေ။
အဘယ်ကြောင့်ဆိုသော်
ဓားစွမ်းအင်အတားအဆီးကို
ပြေးတိုက်သော နတ်ဆိုးဝံပုလွေတိုင်း
တစ်ကိုယ်လုံးပေါက်ကွဲပြီး
သွေးမြူများအဖြစ်
ပြောင်းလဲသွားသောကြောင့်ပင်။

နတ်ဆိုးဝံပုလွေ (၃၀၀၀)နီးပါး မြို့ထဲသို့
ဝင်လာပြီးနောက် ယန်ယဲ့နှင့် မြို့ရိုးပေါ်တွင်

ရပ်နေသော လူသားပညာရှင်များ ဆီသို့ တရကြမ်းခုန်ဝင်လာကြတော့သည်။

ဆူး!

ဓားစွမ်းအင်အလင်းတန်းတစ်ခု လင်းလက်လာပြီး ဒါဇင်အနည်းငယ်ခန့် နတ်ဆိုးဝံပုလွေများ၏ခေါင်းများ လေထဲသို့ ပျံတက်သွားသည်။ ထို့နောက်တွင် မြို့ရိုးအထက်ကနေ ကြောက်မက်ဖွယ်ကောင်းသော

ခားကြိုးတစ်ချောင်း ထွက်လာကာ
ပြင်းထန်သောဖိအားက
တရကြမ်းတိုက်ခိုက်လာသော
နတ်ဆိုးဝံပုလွေများစွာကို
ဖိနှိပ်ထားလိုက်သည်။ မရေမတွက်နိုင်သော
နတ်ဆိုးဝံပုလွေများ ရှိနေသည့်တိုင်
ခားကြိုးမှ ထွက်ပေါ်လာသော
ဖိအားကြောင့် ထိတ်လန့်သွားပြီး ရှေ့သို့
ခြေတစ်လှမ်းမျှပင် မလှမ်းဝံ့တော့ပေ။

ထိုအချိန်မှာပဲ

ဓားစွမ်းအင်အလင်းတန်းတစ်ခု ထပ်ပြီး

လင်းလက်လာခဲ့သည်။ ဒီတစ်ကြိမ်တွင်မူ

နတ်ဆိုးဝံပုလွေအုပ်ထဲကို မဝင်ရောက်ဘဲ

နတ်ဆိုးဝံပုလွေများရှေ့က မြေပြင်ပေါ်ကို

ကျသွားသည်။ မြေပြင်က

"ဝုန်းခနဲ"ပေါက်ကွဲသံကြီးနှင့်အတူ

အလွန်နက်ရှိုင်းသော တွင်းနက်ကြီးတစ်ခု

ပွင့်ထွက်သွားပါသည်။

"ဒီမျဉ်းကိုဖြတ်ပြီး အသေခံလိုက်"
ယန်ယဲ့သည် နတ်ဆိုးဝံပုလွေအုပ်ကို
အေးစက်စွာ စိုက်ကြည့်ကာ
ခံစားချက်မဲ့သောလေသံဖြင့်
ပြောလိုက်သည်။

အာဝူး!

သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးဝံပုလွေတစ်ကောင်သည်
ဒေါသထွက်ကာ လေထဲသို့

ခုန်တက်သွားသည်။ တစ်ချိန်တည်းမှာပင် ဓားစွမ်းအင်က ၎င်း၏လည်ပင်းကို ဖြတ်တောက်ပစ်ကာ ဝံပုလွေခေါင်းက လေထဲကို လွင့်ပျံတက်သွားသည်။

ဒီမြင်ကွင်းက ရှေ့တက်လာတော့မည့် အခြားနတ်ဆိုးဝံပုလွေများကို ထိတ်လန့်သွားစေကာ နတ်ဆိုးဝံပုလွေအားလုံး နေရာမှာပင်ရပ်တန့်သွားကြလေသည်။

ယန်ယဲ့သည် နတ်ဆိုးဝံပုလွေများကို စိုက်ကြည့်ကာ "တခြားကောင်တွေ စမ်းကြည့်ချင်သေးလား"

အာဝူး!

နတ်ဆိုးဝံပုလွေတစ်ကောင်က အူသံတစ်ချက်ပေးကာ ချက်ချင်း နောက်လှည့်ပြီး အဝေးကို ခုန်ထွက်သွားသည်။

မြို့ရိုးပေါ် ရှိလှူတိုင်းသည်
နတ်ဆိုးဝံပုလွေထောင်ချီကို
မြင်နေရချိန်တွင် မျက်နှာ
လေးနက်သောအမူအရာများ ရှိနေကြသည်။
နတ်ဆိုးဝံပုလွေ (၃၀၀၀)လောက်သာ
ဖြစ်သော်လည်း ၎င်းတို့သည်
အားနည်းခြင်းမရှိကြပေ။ အများစုမှာ
ချီးမြှောက်ခြင်းနယ်ပယ်အထွတ်အထိပ်အ
ဆင့်များ ဖြစ်ကြသည်။ ထို့အပြင်
သိုင်းကောရာဇ်အဆင့်
နတ်ဆိုးဝံပုလွေများစွာလည်းရှိပြီး

သူတော်စင်တစ်ပိုင်းအဆင့် နတ်ဆိုးဝံပုလွေ
အနည်းငယ်ပင်ရှိနေသေးသည်။
အကယ်၍ ထိုဝံပုလွေတစ်အုပ်ကိုသာ
လူထူထပ်သောမြို့ထဲသို့
ဝင်ခွင့်ပေးလိုက်ပါက ဘာဆက်ဖြစ်မည်ကို
အရူးတစ်ယောက်ပင် သိနိုင်၏။

ယန်ယွဲ့သည် သူ့ဘေးနားမှာ
နှုတ်ဆိတ်လျက်ငြိမ်သက်နေသော
ယုဝူရှမ်အား စိုက်ကြည့်ကာ "မင်းစိတ်ထဲမှာ

ငါက ရက်စက်တယ်လို့များ
ထင်နေတာလား"

ယုဝူရှမ်က စကားမပြောပေ၊
နှုတ်ဆိတ်၍သာငြိမ်နေခဲ့၏။

ယန်ယဲ့က သက်ပြင်းချလိုက်ပြီးမှ
ဆက်ပြောလိုက်ပါသည် "အရင်က
ပြောခဲ့သလိုပါပဲ။ တကယ်လို့
မြို့ကျသွားခဲ့ရင် အကယ်ဒမီရဲ့တပ်ဖွဲ့တွေနဲ့
ငါတို့လောက်ပဲ အသက်ရှင်နိုင်လိမ့်မယ် ။

ဘာကြောင့်လဲဆိုတော့ တိမ်ပင်လယ်မြို့က
အကယ်ဒမီနဲ့ ဆက်စက်နေတာလို့ပဲ
ယူဆနိုင်တာလေ။ အဲဒါက အကယ်ဒမီရဲ့
အဓိကအခြေခံအုတ်မြစ်မဟုတ်ဘူး။
ဒါကြောင့် အကယ်ဒမီက ငါတို့ကို
ငါတို့မသေမချင်း မြို့ကို ခုခံဖို့
အမိန့်ပေးမှာမဟုတ်ဘူး။အကယ်ဒမီရဲ့
အထက်အာဏာပိုင်တွေအမြင်ကို
ပြောမယ်ဆိုရင် ငါတို့တွေက
တိမ်ပင်လယ်မြို့ထက် ပိုတန်ဖိုးရှိတယ်။
ဒါကြောင့် သူတို့ ဒီကိုလာပြီး

မြို့ကိုကာကွယ်ဖို့ မကူညီနိုင်ရင်
နောက်ဆုံးရလာဒ်က ဒီလူသားတွေနဲ့အတူ
နတ်ဆိုးဝံပုလွေစစ်တပ်ကို ဆွဲထုတ်ဖို့
သန်းချီတဲ့မြို့သူမြို့သားတွေကို
စတေးမယ်ဆိုတဲ့ ရလာဒ်တစ်ခု
ဖြစ်လာလိမ့်မယ်”

ဒီအထိပြောပြီးနောက် ယန်ယဲ့က
ခေါင်းမော့ပြီး အဝေးကို
လှမ်းကြည့်လိုက်၏။ ထိုနေရာမှ
ကျယ်လောင်စွာ အော်ဟစ်သံများ

ထွက်ပေါ်လာသည်ကို မြို့ရိုးအထက်မှ လူတိုင်း ကြားလိုက်ကြသည်။ ဒီအချိန်မှာ ယန်ယဲ့က ဆက်ပြောလိုက်ပါသည်
“တချို့တွေကို အခုသေစေတာက တစ်မြို့လုံးကို သတ်ခွင့်ပြုတာထက် ပိုကောင်းတယ်”

ယုဝူရှမ်က ရုတ်တရက် ခေါင်းမော့လာပြီး
"ဒါပေမဲ့ သူတို့က ပုန်ကန်ရင် ဘာဖြစ်မလဲ"

"ပုန်ကန်ရင် ဘယ်လိုလုပ်မလဲ" ယန်ယဲ့က ရယ်မောလိုက်ပြီး “ဒါဆို မြို့ကို ကာကွယ်စရာ မလိုတော့ဘူး။ ငါတို့က မြို့တံခါးတွေ အကုန်ဖွင့်ပြီး နတ်ဆိုးဝံပုလွေတွေ အားလုံးကို ဝင်ခွင့်ပြုလိုက်မယ်။ အဲဒီနောက်မှာတော့ သူတို့ဟာ အကျိုးအမြတ်တွေ မရခင် နတ်ဆိုးဝံပုလွေတွေကို သေတဲ့အထိ တိုက်ခိုက်တာကို စောင့်ကြည့်ကြမယ်”

“နင်….” ယုဝ္ဂရှမ်က ယန်ယဲ့၏အကြံအစည်ကြောင့် ထိတ်လန့်သွားသည်။ ယန်ယဲ့တွင် ထိုကဲ့သို့ အစီအစဉ်များ အမှန်တကယ် ရှိနေလိမ့်မည်ဟု သူမ မထင်ထားခဲ့ပေ။ မြို့တံခါးများဖွင့်လိုက်ခြင်းဟာ မည်သည်ကို ဆိုလိုကြောင်း လူတိုင်း သိထားသည်မဟုတ်လော။

၎င်းက မရေမတွက်နိုင်သော အသက်ပေါင်းမြောက်များစွာကို အသေခံခိုင်းလိုက်ခြင်းပင်ဖြစ်သည်။

ထို့အပြင် ကလေးသူငယ်များ၊ ခိုကိုးရာမဲ့
လူအိုများနှင့် မရေမတွက်နိုင်သော
အပြစ်မဲ့သူများပါ ရှိနေခဲ့သည်။

ယုဝူရှမ်က “နင်…
နင်တကယ်ရက်စက်လွန်းတယ်"

ယန်ယွဲ့က သူမကို ရုတ်တရက်
လှည့်ကြည့်လိုက်သည်။ သူက
စကားမပြောဘဲ ယုဝူရှမ်ကို

ငေးကြည့်နေကာ
သူ့မျက်လုံးများထဲမှာတော့ လျစ်လျူရှုမှု
ရှိနေသည်။

ယန်ယဲ့က သူမကို
တစ်ခါမှမသိတဲ့သူတစ်ယောက်အလား
ကြည့်နေသည်ကို သတိပြုမိလိုက်သဖြင့်
ယုဝူရှမ်၏ ခန္ဓာကိုယ်လေးဟာ
မသိမသာတုန်ယင်သွားပါသည်။ သူမ
တစ်ခုခုပြောချင်သော်လည်း ယန်ယဲ့က
သူ့အကြည့်ကို လွှဲလိုက်ပြီး စကားတစ်ခွန်းမှ

မပြောပေ။ ယုဝ္ဂူရှမ်လည်း မတတ်သာစွာ
ပြောမည့်စကားများကို
ပြန်မျိုချလိုက်ရသည်။

ယုဝ္ဂူရှမ်၏မျက်နှာလေးက
သွေးရောင်ပင်မရှိတော့ပေ၊ ချက်ချင်းပင်
ဖြူရော်သွား၏။

အစောပိုင်းက ယန်ယဲ့ဟာ သူမ
တိတ်ဆိတ်နေသောကြောင့်
သူ့အကြံအစည်ကို ချပြခဲ့ခြင်းဖြစ်သည်။

ယုဝူရှမ်အတွက်က

ဒီအချိန်တစ်လျှောက်လုံး

သူ့ဘေးတွင်ရှိနေပြီးနောက်

သူ့အကျင့်စရိုက်နှင့် စိတ်သဘောထားကို

အပြည့်အဝနားလည်ထားသူဟု

ယူဆမိသည်။ ထို့ကြောင့် ယန်ယဲ့က သူမကို

ရှင်းပြခဲ့ခြင်းပင်။ ထိုသို့မဟုတ်ဘဲ

အခြားသူတစ်ယောက်သာဆိုပါက ၎င်းကို

ဂရုတစိုက်ရှင်းပြပြောဆိုနေမည်မဟုတ်ပေ။

ဒီအချိန်မှာ ယုဝ္ဂူရှမ်က ယန်ယဲ့ကို
မသိမသာလေးခိုးကြည့်နေသည်။
အချိန်အများစုတွင် ယန်ယဲ့ဟာ
အတော်လေးသဘောကျစရာကောင်းသော်
လည်း အတွင်းစိတ်သဏ္ဍာန်ကတော့
လုံးဝကိုမောက်မာလှကြောင်း သူမလည်း
သိထားခဲ့သည်။ ထို့အပြင် ယန်ယဲ့ဟာ
သူအသိအမှတ်ပြုထားသောသူများ
အပေါ်တွင်သာ အလေးအနက်ထား
ဂရုစိုက်တတ်၏။

ယခုအချိန်တွင် ယန်ယဲ့သည် သူမကို
အသေးစိတ် ရှင်းမပြခဲ့ပေ။
လက်အောက်ငယ်သားကို
အသိပေးရုံသဘောသာ ပြောပြခဲ့၏။
ထိုအရာက မည်သည်ကို ဆိုလိုသနည်း။

ယုဝူရှမ်က တိတ်ဆိတ်နေသော ယန်ယဲ့ကို
ကြည့်ကာ စကားပြောဖို့ ပြင်လိုက်သည်။
ဒီအချိန်မှာပဲ အဝေးကနေ ကျယ်လောင်စွာ
အော်ဟစ်သံများ၊ ငြီးငြူသံများ

ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သိပ်ပင်မကြာလိုက်ပေ၊ သူတို့မြင်ကွင်းထဲသို့ ရာနှင့်ချီသော လူသားပညာရှင်များ အုပ်စုလိုက်ကြီး အပြေးတစ်ပိုင်း ပေါ်လာခဲ့ကြသည်။

၎င်းတို့နောက်ကျောဖက်တွင်တော့ ရာချီသော နတ်ဆိုးဝံပုလွေများ လိုက်လံသတ်ဖြတ်နေခဲ့၏။ သို့သော်လည်း လူသားပညာရှင်အုပ်စုကြီးက ပြန်ပြီးတိုက်ခိုက်ဖို့ မလုပ်ဆောင်ကြပေ။

ထိုအစား မြို့ရိုးဖက်သို့သာ တရောသောပါး ပြေးကပ်လာကြသည်။

"ငါတို့ကို ကယ်ပါ….." မရေမတွက်နိုင်သော လူသားပညာရှင်များက မြို့ရိုးအထက်ကို မော့ကြည့်ကာ အော်ဟစ်နေခဲ့ကြသည်။

သို့သော်လည်း ယန်ယဲ့သည် တုတ်တုတ်မျှပင်မလှုပ်ပေ။ မြို့ရိုးအထက်ကနေသာ အေးစက်စွာ ကြည့်နေခဲ့သည်။

အပြင်စည်းကျောင်းသားများ နှင့်
အတွင်းစည်းကျောင်းသားများက
ကူညီချင်သော်လည်း ယန်ယဲ့၏အမိန့်
အမိန့်မပါဘဲ လုံးဝမလုပ်ဆောင်ဝံ့ပေ။

၁၁၃၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

## အပိုင်း ၁၁၃၉ - အားလုံး ငါ့အမိန့်ကို နာခံရမယ်

ထိုအခိုက် လူတစ်စုက မြို့ရိုးအောက်သို့ အပြေးရောက်လာကြ၏။ သို့သော်လည်း ရှေ့တွင် ယန်ယွဲ့ ဖန်တီးထားသော တွင်းနက်ကြီးရှိနေသောကြောင့် နတ်ဆိုးဝံပုလွေများကဲ့သို့ပင် ရပ်တန့်သွားကြသည်။

"ဒီမျဉ်းကိုဖြတ်တာနဲ့ သေရမယ်..."

ယန်ယဲ့ ပြောခဲ့သည့် စကားများကို သူတို့ မမေ့ကြပေ။

နတ်ဆိုးဝံပုလွေများသည် ဤနေရာအထိ ထွက်ပြေးလာသော လူသားများကို စူးစူးရဲရဲစိုက်ကြည့်နေကြပြီး ၎င်းတို့မျက်လုံးထဲ၌ သတ်ဖြတ်လိုစိတ်များ ရှိနေသည်။သို့သော်လည်း နတ်ဆိုးဝံပုလွေများက ရှေ့တက်မလာတော့ဘဲ ချက်ချင်းပင်

လှည့်ထွက်သွားကြသည်။ အသက်ရှူ ၂၀
ရှိုက်စာ မပြည့်ခင်မှာပဲ
နတ်ဆိုးဝံပုလွေတွေအားလုံး
သူတို့၏မြင်ကွင်းရှေ့ကနေ လျင်မြန်စွာ
ပျောက်ကွယ်သွားခဲ့ပါသည်။

သိပ်မကြာလိုက်ပါဘူး၊ အဝေးဆီကနေ
ကျယ်လောင်လှသော အော်ဟစ်သံများ
ပဲ့တင်ထပ်လာခဲ့ပြန်သည်။

ထိုနေရာ တစ်ခုတည်း မဟုတ်ပါ။
အမှန်စင်စစ် မြို့အနှံ့

နေရာအတော်များများဆီကနေ
ကျယ်လောင် သော အော်ဟစ်သံများ
ပဲ့တင်ထပ်နေသည်။

နတ်ဆိုးဝံပုလွေ(၃၀၀၀) မြို့ထဲသို့
ဝင်လာသော်လည်း မြို့ထဲရှိ
လူသားပညာရှင် အရေအတွက်နှင့်
နှိုင်းယှဉ်ကြည့်လျှင် လုံးဝကို နည်းပါး၏။
သို့သော်လည်း ထိုနတ်ဆိုးဝံပုလွေ
(၃၀၀၀)လောက်က မြို့ထဲရှိ လူသားများကို
အသာလေး သတ်ဖြတ်နေပါသည်။

အကြောင်းအရင်းကတော့....

အကြောင်းအရင်းက လူသားအများစုဟာ
စည်းလုံးမှုမရှိလို့ပါ။
နတ်ဆိုးဝံပုလွေစစ်တပ်နှင့်
ထိပ်တိုက်ရင်ဆိုင်တွေ့သည့်အခါ
သူတို့၏ပထမဆုံး အတွေးက
နတ်ဆိုးဝံပုလွေစစ်တပ်ကို
မည်သို့မည်ပုံခုခံတိုက်ခိုက်ရမည်မဟုတ်ဘဲ
ထွက်ပြေးဖို့သာဖြစ်၏။

လက်ရှိ ယန်ယွဲ့ရှေ့တွင် ရပ်နေသော လူအုပ်လိုပင်။

သူတို့အထဲ၌
ချိုးမြောက်ခြင်းနယ်ပယ်ပညာရှင်
မြောက်များစွာနှင့်
သိုင်းကျောင်းအချို့ပင်ရှိနေသေးသည်။
အကယ်၍ ၎င်းတို့သာ
ပူးပေါင်းတိုက်ခိုက်ပါက ၎င်းတို့အစား
နတ်ဆိုးဝံပုလွေအုပ်သာ
ထွက်ပြေးရပေမည်။ နောက်ဆုံးတွင်

နတ်ဆိုးဝံပုလွေအရေအတွက်က လူသားပညာရှင်များထက် အရေအတွက်နည်းနေသည်မဟုတ်ပါလော။

သို့ပါသော်လည်း သူတို့ထဲက မည်သူမှ အသက်ကိုစွန့်စားပြီး နတ်ဆိုးဝံပုလွေအုပ်ကို တိုက်ခိုက်ဖို့ဆန္ဒမရှိကြပေ။

ထိုအခိုက် လူငယ်တစ်ဦးက မြို့ရိုးပေါ်သို့ ရုတ်တရက် ခုန်တက်ကာ ယန်ယွဲ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ဒေါသတကြီး

ကြိမ်းမောင်းလေသည် "မင်းရဲ့အစွမ်းက ဒီ
နတ်ဆိုးဝံပုလွေတွေကို သတ်ဖို့ လုံးဝ လုံ
လောက်တယ်။ ဒါဖြင့်ရင် မင်းတို့အားလုံး
ဘာလို့ မလုပ်ကြတာလဲ။
မင်းဘာလို့မလုပ်ခဲ့တာလဲ။ ပြီးတော့
နတ်ဆိုးဝံပုလွေတွေက မြို့ထဲကို
ဘယ်လိုကြောင့် ဝင်လာနိုင်တာလဲ။
မင်းတို့အားလုံး မြို့ကို
ကာကွယ်နေတာမဟုတ်ဘူးလား။
မင်းတို့အားလုံး ဒီမှာဘာလုပ်နေတာလဲ။

ဟင်မ့်... တစ်ခုခုပြောစမ်းပါ! ဘာလဲ....၊ မင်းတို့ သေနေပြီလား"

ဖုန်းဝူချောင်နှင့် အပြင်စည်းကျောင်းသားအုပ်စုက ဒေါသတကြီး ဖြစ်နေကြသည်။ သူတို့က ရှေ့ထွက်ပြီး လူငယ်ကို တိုက်ခိုက်ဖို့ပြင်လိုက်သော်လည်း ယန်ယဲ့က သူ့လက်ကို ဝှေ့ယမ်းကာ တားလိုက်၏။

ယန်ယဲ့က လူငယ်ကို ဂရုမစိုက်ဘဲ
ယုဝူရှမ်အား စိုက်ကြည့်ကာ "မင်း ဒါကို
မြင်လား။ အဲဒါက ငါတို့ ကာကွယ်ပေးနေတဲ့
လူတွေလေ။ ဟုတ်ပါတယ်၊ အားလုံးက
ဒီလူငယ်လိုမဟုတ်ပေမဲ့ အနည်းဆုံး ၅၀
ဒါမှမဟုတ် ၆၀ ရာခိုင်နှုန်းလောက်
ဒီလိုဖြစ်နေတာကို ငါ အာမခံရဲတယ်။
ငါတို့ကာကွယ်ပေးနေတာကို
ကျေးဇူးမတင်တဲ့အပြင် ဒီလိုလုပ်တာက
ငါတို့အကယ်ဒမီရဲ့တာဝန်လို့တောင်
သူတို့သတ်မှတ်နေတယ်။ ဒါ့အပြင် ငါတို့သာ

မြို့ကိုမကာကွယ်နိုင်တာနဲ့ သူတို့က ဝိုင်းပြီးအပြစ်တင်လိမ့်မယ်။ သူလုပ်သလိုပဲ …"

ယုဝ္ဂူရှမ်က စကားမပြောသော်လည်း သူမ၏ လက်သီးများကို တင်းတင်းဆုပ်ထားမိသည်။

“မင်း….” လူငယ်က ဆက်ပြောဖို့ပြင်လိုက်သော်လည်း တစ်ပိုင်းတစ်စနှင့်ရပ်သွားရသည်။ အကြောင်းမှာ အလင်းတန်းတစ်ခုက သူ့လည်ပင်းကိုဖြတ်သွားပြီးနောက် သွေးစီးကြောင်းနှင့်အတူ သူ့ခေါင်းပါ လေထဲသို့ ပျံတက်သွားသောကြောင့်ပါ။

ထိုလူငယ်ကို သတ်ပြီးနောက် ယန်ယဲ့က လူအုပ်စုဆီသို့ စူးစူးစိုက်စိုက်ကြည့်ကာ “သူနဲ့ သဘောထားချင်းတူတဲ့

တခြားတစ်ယောက်များရှိသေးလား။
မင်းတို့ရဲ့အမြင်ကို
ပွင့်ပွင့်လင်းလင်းပြောနိုင်တယ်။ စိတ်မပူပါနဲ့
ငါ့ဓားက အရမ်းမြန်တယ်။ မင်းမသေခင်မှာ
နာကျင်မှုအရိပ်အယောင်တောင်
လုံးဝမခံစားစေရဘူး”

မြို့ရိုးအောက်မှ လူအုပ်ကြီးလည်း
ထိတ်လန့်သွားပြီး အသိစိတ်များ
ပြန်ဝင်လာကြသည်။

ယန်ယဲ့က အေးစက်စက် ရယ်မောလိုက်ပြီး
"မရှိတော့ဘူးလား။
တစ်ယောက်မှမရှိဘူးဆိုတော့
ဒီကနေထွက်သွားကြ"

လူတိုင်း၏အမူအရာက
ပြောင်းလဲသွားပါပြီ။
အဘယ်ကြောင့်ဆိုသော်
နတ်ဆိုးဝံပုလွေအုပ်က သူတို့နှင့်
မလှမ်းမကမ်းကနေ တိတ်တဆိတ်
ခြောင်းမြောင်းနေသောကြောင့်ပင်။

ထိုအခြေအနေကြောင့် မည်သူမျှ
ထွက်မသွားဝံ့ကြပေ။

လူအုပ်က လှည့်ထွက်မသွားဘဲ နေရာတွင်
ရှိနေသည်ကို မြင်သောအခါ
ယန်ယွဲ့၏မျက်နှာသည် အေးခဲသွားကာ
"မင်းတို့ ငါ့ကို ထွက်သွားစေချင်တာလား။
ငါမင်းတို့ကိုကြိုပြီးသတိပေးထားမယ်။
ငါတကယ်လုပ်ရင် မင်းတို့ကို
ရိုးရိုးတန်းတန်းမောင်းထုတ်မှာ မဟုတ်ဘူး၊

အားလုံး ဒီကမ္ဘာကနေ ထွက်သွားအောင် ငါလုပ်မယ်"

ထိုအချိန်တွင် လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးက ရှေ့ကို ရုတ်တရက် ထွက်လာသည်။ သူက ယန်ယဲ့ကို စိုက်ကြည့်ကာ “ငါတို့အားလုံးက လူသားတွေပါ။ မင်း ငါတို့ကို အသက်ရှင်ဖို့ လမ်းမရှိတော့တဲ့နေရာမှာ မထားခဲ့ဘူး မဟုတ်လား"

“အတိအကျပဲ…၊ ငါတို့အားလုံးဟာ

လူသားတွေလေ။

နတ်ဆိုးဝံပုလွေစစ်တပ်က

မြို့ကိုသိမ်းပိုက်လိုက်တာနဲ့ အချင်းချင်း

ရေသာခိုမနေသင့်ဘူးမဟုတ်လား။

ငါတို့တွေ အားလုံးပေါင်းပြီး ရန်သူကို

ပြန်တိုက်ခိုက်သင့်တယ်လို့ကော

မထင်မိကြဘူးလား…”

“ဟုတ်တယ်၊ ငါတို့ရဲ့ရန်သူတွေကို

ပြန်ပြီးတိုက်ခိုက်ရအောင်။

တိမ်ပင်လယ်အကယ်ဒမီက စီနီယာတွေ!
ကျေးဇူးပြုလို့ ငါတို့ကို
နတ်ဆိုးဝံပုလွေစစ်တပ်နဲ့ တိုက်ခိုက်ဖို့
အခွင့်အရေးပေးပါ"

နတ်ဆိုးဝံပုလွေအုပ်လိုက်ကြီး မြို့ထဲကို
ဝင်ရောက်လာသည့်နောက်တွင်
မည်မျှထိတ်လန့်စရာကောင်းသည်ကို
လူတိုင်း သိရှိသွားခဲ့ကြသည်။ သူတို့သည်
တစ်ကိုယ်ကောင်းဆန်သော်လည်း
လူမိုက်များမဟုတ်ပေ။

ဒီလိုအခြေအနေမျိုးတွင် ယန်ယဲ့ ကဲ့သို့ အစွမ်းထက်ပညာရှင်တစ်ယောက်၏ဘေးနား၌ ရပ်တည်သင့်သည်။ နောက်ဆုံးတွင် သူတို့အားလုံး ယန်ယဲ့ရှေ့၌ ရပ်နေသည့်နောက် နတ်ဆိုးဝံပုလွေများ ရှေ့တက်မလာဝံ့တော့ကြောင်း မြင်ခဲ့ရပြီမဟုတ်ပါလား။

ယန်ယဲ့က လူအုပ်ကို စိုက်ကြည့်ကာ "မင်းတို့အားလုံးက နတ်ဆိုးဝံပုလွေတွေကို

တိုက်ခိုက်ချင်နေကြပြီလား"ဟုမေးလိုက်
လေသည်။

သူ့စကားကို ကြားလိုက်သော် လူတိုင်း
အလျင်အမြန်ခေါင်းညိတ်ကြသည်။

ယန်ယဲ့က ခေါင်းတညိတ်ညိတ်နှင့်
“ကောင်းပြီ။ ဒါပေမဲ့ မင်းတို့အားလုံးက
ငါတို့မြို့ကို ကာကွယ်နေတာမဟုတ်ဘဲ
ကိုယ့်ကိုယ်ကို ကာကွယ်နေတာလို့ပဲ
မှတ်ယူရမယ်။ မင်းတို့အားလုံးအတွက်

ငါတို့ရဲ့အသက်ကို စွန့်စားဖို့

တာဝန်မရှိပါဘူး။ ကိုယ့်ဘဝကို လိုချင်ရင်

ကိုယ့်ကိုယ်ကို အားကိုးရမယ်။ ဒါ့အပြင်

ငါတို့နဲ့ ပူးပေါင်းချင်ရင်

ငါ့အမိန့်ကိုနာခံရမယ်။ မလုပ်နိုင်ရင်တော့

အားလုံးပဲ အခုချက်ချင်း ထွက်သွားနိုင်ပြီ။

ငါ မင်းတို့ကို တားမှာ မဟုတ်တာ

သေချာတယ်။ ဒါပေမဲ့ မင်းတို့

ငါနဲ့ပူးပေါင်းပြီးမှ

လှည့်ကွက်တွေကစားချင်တယ်ဆိုရင်တော့..

.. ဟမ့်၊ မင်းတို့ကို နတ်ဆိုးဝံပုလွေတွေ မသတ်ခင် ငါအရင်ဆုံးသတ်ပေးမယ်"

ယန်ယဲ့၏နောက်ဆုံးပိတ်စကားကို ကြားလိုက်သောအခါ လူတိုင်း၏ အမူအရာများသည် အနည်းငယ် ပြောင်းလဲသွားသည်။

အတော်လေး ဒေါသထွက်သွားသော်လည်း မည်သူမျှ ပြန်မပြောရဲကြပေ။ သူတို့ရှေ့တွင် ရပ်နေသော အပြင်စည်းနည်းပြဆရာက နတ်ဆိုးဝံပုလွေ ထက်ပင်

ပို့ကြောက်စရာကောင်းသည်ဟု
ခံစားခဲ့ရသည်လေ။

ယန်ယဲ့သည် ယုဝူရှမ် ဖက်ကိုလှည့်ကာ
"ဝူရှမ်! သူတို့အတွက်
တစ်ခုခုစီစဉ်ပေးလိုက်"

ယုဝူရှမ်က ခေါင်းညိတ်လိုက်သည်။ သူမက
ယန်ယဲ့ကို စိုက်ကြည့်ကာ
တစ်ခုခုပြောဖို့ပြင်သည်။

သို့သော်လည်း ရှန်ချင်းယင်က အာကာသဟင်းပြင်ကို ဆုတ်ဖြဲ၍ ယန်ယဲ့ရှေ့တွင် ပေါ်လာသဖြင့် စကားအရှိန်သပ်လိုက်ရသည်။

ရှန်ချင်းယင်က ယန်ယဲ့ကို စူးစူးစိုက်စိုက်စိုက်ကြည့်ပြီး ဒေါသထွက်နေလေသည်။ သူမက "နင်ဘာတွေလုပ်နေတာလဲ"

ယန်ယဲ့က ပြုံးပြီး "တစ်မြို့လုံးမှာရှိတဲ့ ကျင့်ကြံသူတွေကို စုစည်းရင် ရွှေနတ်ဆိုးဝံပုလွေတောင်တန်းကို တန်ပြန်တိုက်ခိုက်နိုင်မယ်လို့ ထင်လား"

ရှန်ချင်းယင်က အံ့အားသင့်သွားသည် “နင် ….”

ယန်ယဲ့က ဆက်ပြောလိုက်၏။ “မှန်ပါတယ်၊ အဲဒါက

တော်တော်ခက်ခဲတယ်။ ဒါပေမဲ့ အဆင်ပြေပါတယ်လေ။ ကြိုးစားရကျိုးနပ်အောင်တော့ လုပ်ရမှာပဲ။ ဆရာမရှုန်! ဒီအချိန်ကစပြီး မြို့တံခါး (၄) ခုလုံးမှာရှိတဲ့ တပ်ဖွဲ့ဝင်တွေအားလုံးနဲ့ ကျောင်းသားတွေ အားလုံးက ငါ့အမိန့်ကို နာခံရလိမ့်မယ်။ အဆင်ပြေရဲ့လား"

ယန်ယဲ့သည် လူမိုက်မဟုတ်ပါ။ သူ့အစီအစဉ်ကို လူတိုင်း

နားမလည်နိုင်ကြောင်း
ကောင်းကောင်းကြီးသိထားပါသည်။

အနည်းငယ်သောအမှားက
တိမ်ပင်လယ်မြို့တစ်ခုလုံးအား
ဖျက်စီးပစ်နိုင်သည်။ ထိုအချိန်တွင်
သူကိုယ်တိုင်အသာထား၊
ဌာနမှူးကိုယ်တိုင်ရောက်လာလျှင်ပင်
အခြေအနေကို
ထိန်းချုပ်နိုင်တော့မှာမဟုတ်ပေ။

ထို့ကြောင့် သူသည်
အကြံအစည်ကိုအကောင်အထည်မဖော်ခင်

ကတည်းက

အကယ်ဒမီ၏အဖွဲ့ဝင်များထံကနေ

အပြည့်အဝထောက်ခံမှု

ရယူဖို့ဆုံးဖြတ်လိုက်သည်။

အကယ်ဒမီက သူ့ကို

အပြည့်အဝထောက်ခံပေးမှသာ

မြို့ထဲမှ လူသားကျင့်ကြံသူများကို စုစည်းပြီး

နတ်ဆိုးဝံပုလွေစစ်တပ်ကို

တန်ပြန်တိုက်ခိုက်နိုင်ပါလိမ့်မည်။

ရှန်ချင်းယင်က ယန်ယဲ့ကို ခဏကြာ စိုက်ကြည့်နေ၏။ " နင် ဒါကို လုပ်ချင်တာ သေချာလား "

"ငါတို့မှာ ရွေးချယ်စရာမရှိဘူးလေ" ယန်ယဲ့ကို သူမကို တစ်ချက်ငေးကြည့်ရင်း "ရှေးဟောင်းဓားကျောင်းတော်က ငါတို့ရဲ့ အရန်အင်အားတွေ ရောက်လာခဲ့ရင်တောင် ငါတို့ ဒီအခြေအနေကို ခဏလောက်ပဲ ထိန်းထားနိုင်မှာ။ ရွှေနတ်ဆိုးဝံပုလွေတောင်တန်းရဲ့ စစ်တပ်ကို

လုံးဝဖယ်ရှားချင်တယ်ဆိုရင်တော့
နည်းလမ်းကတစ်ခုပဲရှိတယ်။ အဲဒါက
တိမ်ပင်လယ်မြို့တစ်ခုလုံးရဲ့အင်အားကို
ပေါင်းစည်းဖို့ပဲ။ ဒီလိုမှမဟုတ်ရင်
နတ်ဆိုးဝံပုလွေစစ်တပ်က အလုံးအရင်း
တိုက်ခိုက်လာတာနဲ့
ငါတို့ထိန်းထားနိုင်မှာမဟုတ်ဘူး။
ဟုတ်တယ်၊ မင်းရဲ့မျှော်လင့်ချက်တွေကို
ဌာနမှူးနဲ့ တခြား
အဆင့်မြင့်အာဏာပိုင်တွေဆီမှာ
ထားနိုင်တယ်။ ဒါပေမဲ့ သူတို့က

လက်တလောမှာငါတို့ဖက်ကိုလှည့်လာနိုင်ပါ့

မလား။ မဟုတ်ရင် ငါ လျှို့ဝှက်ခြံဝန်းကို

ရှင်းပစ်တဲ့အချိန်တည်းက သူတို့အကုန်

ထွက်လာလိမ့်မယ်”

၁၁၄၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

## အပိုင်း ၁၁၄၀ - နတ်ဆိုးဝံပုလွေများကို မြို့ထဲသို့ လွှတ်ပေးခြင်း

ရှန်ချင်းယင်က

လေးနက်စွာပြောလိုက်သည်။

"ဒါပေမဲ့ ငါတို့အများတစ်ခုလုပ်မိတာနဲ့ တစ်ယောက်ယောက်က မီးတောက်ထဲကို လောင်စာထပ်ထည့်လိုက်ရင် တစ်မြို့လုံး ကမောက်ကမ ဖြစ်သွားလိမ့်မယ်"

ယန်ယဲ့က “ဒုက္ခရောက်နေတဲ့အချိန်တွေမှာ

ရက်စက်တဲ့နည်းလမ်း ဒါမှမဟုတ်

ပြင်းထန်တဲ့ အပြစ်ပေး

ဒဏ်ခတ်တာမျိုး သုံးသင့်တယ်။

ဒေါသမီးတောက် စဝံ့တဲ့သူကို

ငါကိုယ်တိုင်သတ်မယ်၊

ရှန်းရင်းဆန်ခတ်ဖြစ်အောင်

ဘယ်သူလုပ်ရဲလဲ၊

နတ်ဆိုးဝံပုလွေတွေလက်ချက်နဲ့မသေခင်

ငါအရင်သတ်ပေးလိုက်မယ်”

ရှန်ချင်းယင်က ထပ်ပြောလိုက်ပြန်သည်။ "တစ်မြို့လုံး ကမောက်ကမ ဖြစ်သွားတာနဲ့ မရေမတွက်နိုင်တဲ့ လူတွေ ဒုက္ခရောက်နိုင်တယ်။ မြို့မှာ လူဦးရေ သန်း ၁၀၀ နီးပါးရှိတယ်။ နင်သူတို့အားလုံးကို သတ်ပစ်လို့ရမလား"

"မရဘူး" ယန်ယဲ့က မြို့အပြင်ဖက်ရှိ နတ်ဆိုးဝံပုလွေစစ်တပ်ကို လက်ညှိုးထိုးပြပြီး “ဒါပေမဲ့ သူတို့လုပ်နိုင်တယ်”

"နင်..." ရှန်ချင်းယင်လည်း
ထိတ်လန့်သွားပြီး ယန်ယဲ့ကို
အချိန်အတော်ကြာထိ
စိုက်ကြည့်နေမိသည်။

ယန်ယဲ့က စကားစလိုက်၏။ "ဆရာမရှန်၊
ငါတို့မှာ အချိန်သိပ်မကျန်တော့ဘူး၊
ဒါကြောင့် မင်းဆုံးဖြတ်ချက်ချပါ။
တစ်ခုတော့ ကြိုပြီးသတိပေးပါရစေ။
တကယ်လို့ မြို့သာကျသွားခဲ့ရင် ငါတို့က

ဒီပရမ်းပတာအခြေအနေမှာ
အပြင်စည်းခြံဝန်းကကျောင်းသားတွေကို
ခေါ်သွားပြီး ထွက်သွားဖို့ဆိုတာတောင်
မဖြစ်နိုင်သလောက်ပဲ”

ရှန်ချင်းယင်က အချိန်အတော်ကြာ
တိတ်ဆိတ်သွားပြီးနောက်
အသက်ပြင်းပြင်းရှူပြီး "ကောင်းပြီလေ၊
နင့်ရဲ့အစီအစဉ်တိုင်းပဲလုပ်ကြတာပေါ့။
နင်ကတကယ့် အရူးပဲ..."

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
“ဒီအချိန်ကစပြီး မြို့တံခါး (၄)
ခုစလုံးမှာရှိတဲ့ တပ်ဖွဲ့တွေကို
ငါ့အမိန့်မပေးဘဲနဲ့ မြို့ထဲမှာရှိတဲ့
ဘယ်သူ့ကိုမှ အကာအကွယ်မပေးရဘူး။ မြို့
တံခါးတွေအနား ချဉ်းကပ်လာတဲ့သူမှန်သမျှ
တစ်ယောက်မကျန် အကုန်သတ်ပစ်လိုက်"
ဤအချက်ကို အလေးအနက်ထား ပြောရင်း
ယန်ယဲ့က ရှန်ချင်းယင်ကို စိုက်ကြည့်ကာ
"ဆရာမရှန်၊ မင်းက သူတို့ကို ကရုဏာမရှိပဲ
သတ်ပစ်ရမယ်ဆိုတာ သတိရပါ။

ဒီလိုအချိန်မျိုးမှာ

စေတနာနည်းနည်းလေးတောင်မပြမိစေနဲ့။

မင်းက စိတ်ပျော့ညံ့နေရင် တစ်မြို့လုံး

ဒုက္ခပေးရောက်သွားလိမ့်မယ်”

ရှန်ချင်းယင်က ယန်ယဲ့ကို

အချိန်တော်တော်ကြာ

စိုက်ကြည့်နေလေသည် “ဒါဆို

နင်လူတွေအများကြီးကို

စော်ကားမိလိမ့်မယ်။ အထူးသဖြင့်တော့

မြို့ထဲက အင်အားစုတွေပေါ့"

ယန်ယဲ့က ခေါင်းညိတ်ကာ "အဲဒီ
အင်အားစုတွေက တာအိုအမိန့်တော်နဲ့
ယှဉ်နိုင်ပါ့မလား"

ထိုစကားကိုကြားလိုက်သောအခါ
ရှန်ချင်းယင်လည်း
မျက်ခုံးထောင့်များ တုန်လှုပ်သွားသည်။
ဒီတစ်ခါတော့ သူမက
စကားပြန်ပြောမနေတော့ဘဲ နေရာတွင်ပင်
ပျောက်ကွယ်သွားပါတော့သည်။

ယန်ယဲ့ပြောသည့်အတိုင်းပါပဲ၊ သူသည် တာအိုအမိန့်တော်ကိုပင် ဆန့်ကျင်ရဲသည်ဖြစ်ရာ တိမ်ပင်လယ်မြို့၏အင်အားစုများကို မည်သို့ကြောက်ပါမည်နည်း။

“မြို့ထဲမှာရှိတဲ့ လူတော်တော်များများက အဖွဲ့လိုက်ဖွဲ့ပြီး ရောက်လာကြတယ်" ဒီအချိန်မှာပဲ ယုဝူရှွမ်က ယန်ယဲ့အနားသို့ လျှောက်လာရင်း ပြောလိုက်ပါသည်။

"နင်မှန်တယ်၊ လူသားတွေက
အန္တရာယ်ကြုံလာတဲ့အခါ
အတူတူပူးပေါင်းကြတယ်။
ရိုးရိုးသားသားပြောရရင်
လူသားအင်အားစုတွေသာ စည်းလုံးရင်
ထင်းရှူးစီရင်စုမှာ နတ်ဆိုးမျိုးနွယ်ဆိုပြီး
ရှိနိုင်မှာမဟုတ်ဘူး"

ယန်ယဲ့က ခေါင်းခါလိုက်သည်။
“လူသားမျိုးနွယ်ပဲ ဖြစ်ဖြစ်
နတ်ဆိုးမျိုးနွယ်ပဲ ဖြစ်ဖြစ်၊ ငါတို့အားလုံးက

ဒီကမ္ဘာကြီးမှာ အသက်ရှင်ဖို့အတွက်
တစ်ယောက်ကိုတစ်ယောက်
အသုံးချနေကြတာလေ။ တကယ်တော့
ငါက လူသားတွေထက်
နတ်ဆိုးတွေနဲ့ပူးပေါင်းရတာ
ပိုကြိုက်တယ်။ ဘာကြောင့်လဲဆိုတော့
နတ်ဆိုးတွေက မင်းကို လှည့်ကွက်တွေ
ဒါမှမဟုတ် ဘယ်လိုအကြံအစည်နဲ့မှ
ကစားမှာမဟုတ်ဘူး။ သူတို့က
မင်းကိုသဘောကျရင် သဘောကျတယ်။
သူတို့သဘောမကျရင် တိုက်ခိုက်မယ်၊

ဒါပါပဲ.....။ ဒါ့အပြင် သူတို့က မင်းကို မိတ်ဆွေလိုသဘောထားတဲ့လူသားတွေလို နောက်ကျောကိုဓားနဲ့ထိုးမှာမဟုတ်ဘူးလေ …."

ယုဝူရှမ်က ရုတ်တရက် ပြောပါသည်

"အနာဂတ်မှာ နတ်ဆိုးမျိုးနွယ်နဲ့ လူသားမျိုးနွယ်ကြား စစ်ပွဲကြီးတစ်ခု ဖြစ်ပွားခဲ့မယ်ဆိုရင် နင် ဘယ်မျိုးနွယ်ဖက်ကို ဝင်ပါမလဲ"

ယန်ယဲ့က

ခက်ပြတ်ပြတ်သာပြန်ပြောလိုက်၏။

“နတ်ဆိုးမျိုးနွယ်က ငါ့ကိုသတ်ချင်ရင် ငါသတ်မယ်။ လူသားမျိုးနွယ်က ငါ့ကို သတ်ချင်ရင် ငါလည်းသူတို့ကို ပြန်သတ်မယ်။ နည်းနည်းလေးမှ သည်းခံထားမှာမဟုတ်ဘူး"

ယုဝူရှမ်က ခေါင်းညိတ်ပြီး "အဲဒါ သဘာဝကျပါတယ်"

ထိုအချိန်တွင် ဟောင်ရှုအိုင်က ယန်ယဲ့နှင့်
ယုဝူရှမ် တို့ရှေ့ကို
ရုတ်တရက်ရောက်လာပြီး
"မိန်းကလေးဝူရှမ်၊ နည်းပြဆရာရဲ!
မြို့ထဲမှာရှိတဲ့ လူတော်တော်များများက
နတ်ဆိုးဝံပုလွေတွေကို တိုက်ခိုက်ဖို့
အဖွဲ့တွေဖွဲ့ထားကြပြီ။
အခုလောလောဆယ်တော့
မြို့ထဲကိုဝင်လာတဲ့
နတ်ဆိုးဝံပုလွေတွေအကုန်
အသတ်ခံလိုက်ရပြီ။

ငါတို့သူတို့ကိုဆက်သွယ်ပြီး
နတ်ဆိုးဝံပုလွေစစ်တပ်နဲ့
စစ်ပွဲစသင့်ပြီလား"

ယန်ယဲ့က အပြုံးတစ်ခုနှင့်
ပြန်ပြောလိုက်သည်။ "မင်းသူတို့ကို
အခုချက်ချင်း ဆက်သွယ်လိုင်ရင် သူတို့က
မင်းကို ဂရုစိုက်ဦးမှာမဟုတ်သေးဘူး"

ယုဝူရွှမ်ကလည်း ခေါင်းညိတ်လိုက်သည်။
"မှန်တယ်၊ သူတို့အသက်ရှင်ဖို့အတွက်

သူတို့ရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်တွေကို ခဏလောက်ပဲ ဘေးဖယ်ထားလိုက်တာ။ ဒါပေမဲ့ အန္တရာယ်ဆိုတာ မရှိတော့ရင် သူတို့ရဲ့စိတ်ဓာတ်အမှန်တွေ ပြန်ပေါ်လာလိမ့်မယ်။ အခုသူတို့ကို ဆက်သွယ်လိုက်မယ်ဆိုရင်တော့ သူတို့က ငါတို့နဲ့ စေ့စပ်ဆွေးနွေးတော့မှာမဟုတ်သလို ငါတို့ကို လုံးဝဂရုစိုက်မှာမဟုတ်ဘူး”

ဟောင်ရှုအိုင်က နားလည်သွားသည့်အလား ခေါင်းခါလိုက်ရင်း "ဒါက သူတို့တွေအကုန် လူမိုက်တွေချည်းပဲ"

ယုဝူရှမ်က ခေါင်းညိတ်ကာ ဆက်ပြောလိုက်သည်။ "မြို့ကို ကာကွယ်ဖို့ တာဝန်ပေးခံရတဲ့ တခြားသူသာဆိုရင် ဒီလူတွေက မြို့ထဲမှာပဲ ဖိမ်ကျကျနေနေမှာ။ ပြီးတော့ သူတို့က ဒီလိုအခြေအနေမှာပါဝင်ဖို့ အကယ်ဒမီကိုတောင် လျော့ကြေးဆိုပြီး

တောင်းဆိုလိမ့်ဦးမယ်။ သူတို့

ကံဆိုးသွားတာကတော့

မြို့ကိုကာကွယ်နေတဲ့လူက

ရဲယန်ဖြစ်နေတာပဲ"

ယန်ယဲ့၏အကျင့်စရိုက်အရ

မြို့ထဲရှိအင်အားစုများ သို့မဟုတ်

ကျင့်ကြံသူများနှင့် ညှိနှိုင်းပါမည်လော။

လုံး၀ မဖြစ်နိုင်ပေ။

ဟောင်ရှုအိုင်က ပြောလေသည် “ဒါဆို ငါတို့
အခု ဘာလုပ်သင့်လဲ။
မြို့ရိုးတွေပေါ်ကကြည့်လိုက်ရင်
မြို့တံတိုင်းက မကြာခင် ပြိုကျတော့မယ်။
ဒီအတိုင်းဆက်သွားနေရင်တော့
ငါတို့ကတကယ်ပြီးသွားမှာသေချာတယ်"

ယန်ယဲ့သည် မြို့တံတိုင်းကို
တရကြမ်းတိုက်ခိုက်နေသော
နတ်ဆိုးဝံပုလွေစစ်တပ်ကို တစ်ချက်မျှ
ငေးကြည့်ရင်း အချိန်အတော်ကြာအောင်

တိတ်ဆိတ်နေပြီးမှ  "မြို့တံခါးတွေ

ထပ်ဖွင့်လိုက်..."

ယန်ယဲ့၏အမိန့်ပေးသံထွက်ပေါ်လာပြီးနော

က်တွင် မြို့တံခါးတိုင်းက

အနည်းငယ်စီပွင့်အာသွားခဲ့သည်။

ထို့နောက်တွင်တော့

မြို့တံခါးအသီးသီးကနေ

မရေမတွက်နိုင်သော နတ်ဆိုးဝံပုလွေများ

အလုံးအရင်းနှင့်တိုးဝင်လာကြတော့၏။

အသက်ရှူ ၁၀ ရှိက်စာအတွင်းမှာပဲ
နတ်ဆိုးဝံပုလွေ အကောင်ရေ (၂၀၀၀၀)
နီးပါး မြို့ထဲကို ခုန်ဝင်လာခဲ့လေသည်။

"တံခါးတွေကို ပြန်ပိတ်လိုက်တော့..."
ယန်ယွဲ့၏အသံ
နောက်တစ်ကြိမ်ထွက်ပေါ်လာပြီးနောက်
မြို့တံတိုင်းအထက်မှ
ခားစွမ်းအင်အလင်းတန်းအမြောက်အများ
ဆင်းသက်လာကာ မြို့တံခါးများရှေ့တွင်
ခားစွမ်းအင်အတားအဆီးတစ်ခု

ဖြစ်ပေါ်လာခဲ့သည်။ တစ်ချိန်တည်းတွင်
မြို့ထဲသို့ ဝင်ရောက်ဖို့ပြင်နေသည့်
နတ်ဆိုးဝံပုလွေများအားလုံး နေရာမှာပင်
တုံ့ခနဲရပ်တန့်သွားကြတော့သည်။

...

မြို့တွင်း..... နေရာအနှံ့တွင်.....။

နတ်ဆိုးဝံပုလွေ (၂၀၀၀၀) မြို့ထဲသို့
ဝင်ရောက်လာသဖြင့်
တိမ်ပင်လယ်မြို့တော်တစ်ခုလုံးဟာ
ရုတ်ရုတ်သဲသဲ အသံများဖြင့်
ပြည့်နှက်သွားပါသည်။

သူနှင့်မသက်ဆိုင်သောလူများကို
ကာကွယ်ဖို့အတွက်နှင့်သူ့ကိုယ်သူ
စတေးရမည်လော။ ယန်ယွဲ့က
ထိုသို့ပြုလုပ်မည်မဟုတ်ပေ။ သူသည်

သူတော်စင်မဟုတ်သလို
အင်ပါယာတစ်ပါးလည်းမဟုတ်ပါ။

သူကိုယ်တိုင်လည်း
တစ်ကိုယ်ကောင်းဆန်သူဖြစ်သည်။
ထိုအချက်ကို ဘယ်သောအခါမှ
ဖုံးကွယ်ထားမည်မဟုတ်ပေ။ ထို့ကြောင့်
တစ်မြို့လုံး အသတ်ခံရလျှင်ပင်
သူပြဿနာမဟုတ်ပေ။

ယန်ယွဲ့အနေနှင့် တိမ်ပင်လယ်အကယ်ဒမီ၏

ဌာနမှူးကို ကတိပေးခဲ့သည့်စကားအပြင်

တိမ်ပင်လယ်မြို့ကို ကာကွယ်ပေးရသည့်

နောက်ထပ်အကြောင်းရင်းတစ်ခု

ရှိသေးသည်။ ၎င်းက ဟောင်ရှူအိုင်နှင့်

သူ၏တပည့်များဖြစ်သည့်

အပြင်စည်းကျောင်းသားများကြောင့်ပင်။

အကယ်၍ နတ်ဆိုးဝံပုလွေစစ်တပ်သာ

မြို့ကိုသိမ်းသွားပါက သိုင်းသူတော်စင်

တစ်ယောက် သို့မဟုတ် ပညာရှင် ၂ သန်း

ထပ်မံပေါင်းစည်းထားလျှင်ပင်

သူတို့အားလုံး

လွတ်မြောက်နိုင်မှာမဟုတ်ပေ။

ခြွင်းချက်အနေနှင့် သူကတော့

လွတ်မြောက်နိုင်သေးသည်။ သို့သော်

ဟောင်ရှုအိုင်အပါအဝင်

သူ၏အပြင်စည်းကျောင်းသားများက.......

သူ့အကာအကွယ်ဖြင့်

လွတ်မြောက်ခဲ့လျှင်ပင်

နတ်ဆိုးဝံပုလွေစစ်တပ်အောက်မှာ

အနည်းနှင့်အများသေဆုံးသွားကြပေလိမ့်မ

ည်။ သို့မဟုတ်
အကုန်လုံးပင်သေသွားနိုင်၏။

အကြောင်းအရင်းမှန်က
အပြင်စည်းကျောင်းသားများဟာ လုံးဝကို
အားနည်းလွန်းနေသည်။ အကယ်၍
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းကသာ
လုံရှောင် ကဲ့သို့ အဆင့်တူပညာရှင်တစ်ဦးကို
စေလွှတ်လိုက်ပါက
အပြင်စည်းကျောင်းသားများအားလုံး

တိုက်ပွဲထဲမှာပဲ
ကျိန်းသေအသတ်ခံရမည်ဖြစ်သည်။

ထို့ကြောင့် လက်ရှိ
အကောင်းဆုံးနည်းလမ်းက မြို့ကို
ကာကွယ်ဖို့သာ။

လက်ရှိတွင် သူတို့က မြို့ကို
လွှမ်းခြုံထားသည့်
အကာအကွယ်ဝက်ပါအစီအရင်ဖြင့်
နတ်ဆိုးဝံပုလွေစစ်တပ်ကို

အချိန်တော်တော်ကြာသည်ထိ
တိုက်ခိုက်နိုင်ပေသည်။ သို့သော်
မြို့တံတိုင်းများ
ပြိုကျသွားသည်နှင့်တပြိုင်နက်
ယန်ယွဲ့ကိုအသာထား၊ ယန်ယွဲ့လိုလူ ၁၀
ယောက်ရှိနေလျှင်ပင် အခြေအနေကို
အလှည့်အပြောင်းလုပ်နိုင်မှာမဟုတ်တော့
ပေ။

တိမ်ပင်လယ်မြို့တော်ကို ကာကွယ်ဖို့
တစ်ခုတည်းသော နည်းလမ်းက မြို့ထဲရှိ

ကျင့်ကြံသူများအားလုံးကို စုစည်းဖို့သာ
ဖြစ်သည်။ သို့သော်လည်း ယန်ယဲ့သည်
မြို့ထဲရှိ ကျင့်ကြံသူများက
စစ်ကူလာမည်မဟုတ်ကြောင်း
ကောင်းစွာသိနေခဲ့၏။
လက်ရှိအခြေအနေက သူ့အတွေးများ
မှန်ကန်ကြောင်း
သက်သေပြနေသည်မဟုတ်ပါလား။
ထို့ကြောင့် သူက လူတိုင်းကို ဖိအားပေးကာ
မြို့ကိုကာကွယ်ခိုင်းသည်။

ယခင်ကကဲ့သို့ပင် နတ်ဆိုးဝံပုလွေများသည် ချက်ချင်း ရှေ့တက်လာကာ မြို့ထဲကို ဝင်ရောက်ဖို့ပြင်ထားကြသည်။

သို့သော်လည်း ယန်ယဲ့က နတ်ဆိုးဝံပုလွေ ရာနှင့်ချီကို သတ်ဖြတ်လိုက်ရာ အားလုံး ကြောက်လန့်စပြုလာကြသည်။ သူတို့က ယန်ယဲ့ကို သဘာဝအတိုင်း မှတ်မိနေကြ၏။ သူတို့ရှေ့တွင်ရပ်နေသူက သူတို့၏တပ်မှူးကိုပင် သတ်ဖြတ်ခဲ့သည်မဟုတ်ပါလား။

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၄၁ - ငါက

စိတ်သဘောထားသေးသိမ်တဲ့လူမဟုတ်ဘူး

မရေမတွက်နိုင်သော

နတ်ဆိုးဝံပုလွေများသည်

ဒေါသတကြီးမျက်လုံးများဖြင့် ယန်ယဲ့ကို

စူးစူးရဲရဲ ကြည့်နေသော်လည်း
ရှေ့သို့မလှမ်းဝံ့ပေ။
အစောပိုင်းက ရှေ့တက်လာသော
နတ်ဆိုးဝံပုလွေအုပ်
အနည်းငယ်စီရှိခဲ့သေး၏။ သို့သော်လည်း
၎င်းတို့၏ခေါင်းများက ခွင်းချက်မရှိ
လေထဲကို ပျံတက်သွားပါသည်။

"အာဝူး" နတ်ဆိုးဝံပုလွေများကြားမှ
ရုတ်တရက် အူသံတစ်ခု
ထွက်ပေါ်လာပြီးနောက် ဝံပုလွေများသည်

ချက်ချင်းလှည့်ကာ မြို့ဆီသို့
ဦးတည်သွားကြသည်။သိပ်မကြာလိုက်ပေ။
လူတိုင်း၏မျက်စိရှေ့ကနေ
ပျောက်ကွယ်သွားခဲ့ကြသည်။

ယန်ယဲ့က သူ့အကြည့်ကို ဆုတ်လိုက်ပြီး
တင်ပျဉ်ခွေလျက်ထိုင်ကာ
လုံရှောင်နှင့်တိုက်ပွဲအကြောင်းကို
ပြန်တွေးနေခဲ့သည်။ လုံရှောင်ကို
အနိုင်ယူနိုင်ခဲ့သော

အကြောင်းအရင်းမှာ အမြန်နှုန်းဥပဒေသနှင့်
ဟင်းလင်းပြင်တစ်ပိုင်းအဆင့်
ဓားစိတ်ဆန္ဒကြောင့်သာဖြစ်၏။
ဟုတ်ပါသည်၊ အကယ်၍ သူသာ
ဓားနယ်မြေနှင့်
ပျက်သုဉ်းခြင်းဥပဒေသတို့ကို အသုံးချပါက
လုံရှောင်ကို
အသာလေးသတ်နိုင်ပါလိမ့်မည်။
သို့သော်လည်း ထိုသို့ပြုလုပ်ခြင်းက
သူပိုင်ဆိုင်ထားသော
ပျက်သုဉ်းခြင်းဥပဒေသကို

ဖော်ထုတ်မိလျက်သား
ဖြစ်သွားမည်မဟုတ်လော။

ဓားနယ်မြေနှင့် အမြန်နှုန်းဥပဒေသ တို့ကို
ဖော်ထုတ်ပြသထားသောကြောင့်
ဟင်းလင်းပြင်တစ်ပိုင်းအဆင့်
ဓားစိတ်ဆန္ဒနှင့် ပျက်သုဉ်းခြင်းဥပဒေသကို
ဖော်ထုတ်လို့မရပေ။ အထူးသဖြင့်
ပျက်သုဉ်းခြင်းဥပဒေသကိုပင်။ ၎င်းသည်
သူ၏နောက်ဆုံးအကန့်အသတ်ဖြစ်သည့်
အကြီးမားဆုံးဝှက်ဖဲ ဖြစ်ခဲ့သည်။

လူတစ်ဦး၏ဝှက်ဖဲများအားလုံးကို
လူအားလုံး၏မျက်စိရှေ့တွင်
ထုတ်ဖော်ခဲ့လျှင် ထိုလူသည်
ကိုယ့်သေတွင်းကိုတူးနေသည်နှင့်ကွာခြားမ
ည်မဟုတ်ပေ။

ယန်ယဲ့ဟာ လူမိုက်မဟုတ်ပါ။
ရောင်စဉ်ဖြာဒေသတွင် သူ၏နာမည်က
လျင်မြန်စွာ ထွက်ပေါ်လာတော့မည်ကို
အလိုလိုသိနေပါသည်။ အကြောင်းအရင်းက

သူ့ကို လိုက်လံစုံစမ်းနေသူများ
ရှိနေသောကြောင့်ပင်။

ရှေးဟောင်းဓားကျောင်းတော် သို့မဟုတ်
တိမ်ပင်လယ်အကယ်ဒမီ ကဲ့သို့ သူ့အား
ထောက်ပံ့ပေးထားသော
အင်အားစုများဆိုလျှင် ပြဿနာမရှိနိုင်ပေ။
သို့သော် သူ့ရန်သူများ ဖြစ်နေလျှင်။
ကောင်းကင်ဘုံနတ်ဘုရားခန်းမ သို့မဟုတ်
ရွှေနတ်ဆိုးဝံပုလွေတောင်တန်း
ဆိုလျှင်ကော....။

သူ၏အစစ်အမှန်ခွန်အားကို ဖုံးကွယ်ပြီး
ပြိုင်ဖက်များကို အငိုက်ဖမ်း
တိုက်ခိုက်ခြင်းက အသက်ရှင်ဖို့
အကောင်းဆုံးနည်းလမ်းပင်မဟုတ်လော။

သူ လုံရှောင်ကို သေခြင်းရှင်ခြင်း
တိုက်ခိုက်ရသည့် နောက်ထပ်
အကြောင်းအရင်းတစ်ခုလည်းရှိခဲ့သည်။

၎င်းက တိုက်ပွဲတစ်လျှောက် သူ့ခွန်အားကို
မြှင့်တင်လိုသောကြောင့် ဖြစ်သည်။

လုံရှောင်၏ရုပ်ခန္ဓာအကာအကွယ်နှင့်
ခွန်အားက သူ့ထက်သာလွန်သည်။ ထို့အပြင်
၎င်း၏တိုက်ခိုက်ရေးအတွေ့အကြုံသည်လ
ည်း သူ့ထက်လုံးဝကိုသာလွန်သည်။
ထို့ကြောင့် လုံရှောင်နှင့် သေခြင်းရှင်ခြင်း
တိုက်ခိုက်ရာတွင်
အနည်းငယ်သာမှားသွားပါက သူ
ချက်ချင်းသေဆုံးသွားနိုင်သည်။

ထိုကဲ့သို့ အခြေအနေမျိုးတွင်
အကျိုးအမြတ်ကလည်း

သူ၏တိုက်ခိုက်ရေးစွမ်းအား သို့မဟုတ်
ကျင့်ကြံမှုအဆင့် မြင့်တက်သွားခြင်းပင်။

သူ့ခွန်အား တိုးလာသည့်အပြင်
နောက်ထပ်အကျိုးအမြတ်တစ်ခုလည်း
ရရှိခဲ့သေးသည်။ သူသည် လုံရှောင် ကဲ့သို့
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
တစ်ယောက်၏ စစ်မှန်သောခွန်အားကို
လက်တွေ့ရင်ဆိုင်ခဲ့ခြင်းပင်။
ထို့အပြင် ရုပ်ခန္ဓာခွန်အားကို
အဆင့်တစ်ခုထိကျင့်ကြံနိုင်ပါက

ဥပဒေသစွမ်းအင်အချို့ကိုပင်
လုံးဝလစ်လျူရှုထားနိုင်သည်ကို
နားလည်ခဲ့၏။

ဥပမာအားဖြင့်
သူ၏အမြန်နှုန်းဥပဒေစွမ်းအင်က လုံရှောင်
နှင့် ရင်ဆိုင်ရချိန်တွင် အမှန်တကယ်
အသုံးမဝင်ခဲ့ပေ။

လုံရှောင်၏အစစ်အမှန်စွမ်းအားက ရှိ့ဝူယင်
ထက်

သာလွန်သည်။ အဘယ်ကြောင့်ဆိုသော် အမှောင်တာအိုဥပဒေသ ပင်လျှင် ၎င်း၏ရုပ်ခန္ဓာအကာအကွယ်ကို အပြည့်အဝ ချိုးဖျက်နိုင်မှာ မဟုတ်ပေ။ သို့သော်လည်း ရို့ဝူယင်ကတော့ လုံရှောင်၏တိုက်ခိုက်မှုတစ်ခုတည်းဖြင့် သေသွားနိုင်ပေသည်။

"ငါ့ရဲ့ရုပ်ခန္ဓာခွန်အားကို အဆင့်မြင့်ဖို့နည်းလမ်းတစ်ခုတော့ အမြန်ဆုံးစဉ်းစားမှရမယ်" ယန်ယွဲ့သည်

သူ့စိတ်ထဲ၌ ဆုံးဖြတ်လိုက်၏။ အရင်က

သူ့ခန္ဓာကိုယ်ဟာ အလွန်သန်မာနေပြီဟု

ခံစားမိခဲ့သည်။ သူ၏ရုပ်ခန္ဓာကိုယ်ကို

လက်တလော

မြှင့်တင်ဖို့မလိုအပ်ဟုယူဆခဲ့သည်။

အမှန်တွင်လည်း

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်များပ

င် သူ၏ရုပ်ခန္ဓာအကာအကွယ်ကို

လွယ်လွယ်နှင့် မချိုးဖျက်နိုင်ပေ။

သို့သော် လုံရှောင်နှင့် ရင်ဆိုင်ပြီးမှသာ

သူ၏ရုပ်ခန္ဓာက လူသားများ သို့မဟုတ်

သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးသားရဲများနှင့်
နှိုင်းယှဉ်နိုင်သော်လည်း
စစ်မှန်သောပညာရှင်များနှင့်ဆိုလျှင်
အလွန်နိမ့်ကျနေသေးကြောင်း
သိသွားတော့သည်။

ထို့အပြင် သူက ရုပ်ခန္ဓာခွန်အားကိုချည်း
အားကိုးနေ၍မရပေ။
အဘယ်ကြောင့်ဆိုသော်
သူ၏ပြိုင်ဖက်ကသာ

ပျက်သုဉ်းခြင်းဥပဒေသ ကဲ့သို့
ဥပဒေသစွမ်းအင်တစ်ခုခုကို
ပိုင်ဆိုင်ထားပါက ချက်ချင်း
လျှော့သွားနိုင်လေသည်။

ယန်ယဲ့က မျက်လုံးဖွင့်လာပြီး
အသက်ပြင်းပြင်းရှူကာ "ငါ
တော်တော်အားနည်းနေသေးတာပဲ"

ထိုအခိုက် သူ့ဘေးနားတွင် ထိုင်နေသည့်
ယုဝူရှမ်က သူမ၏လက်နှစ်ဖက်ဖြင့်

ပေါင်ကိုပိုက်ကာ ခေါင်းတစ်ဖက်ဆောင်း၍ တခစ်ခစ်ရယ်လိုက်သည်။ သူမက ယန်ယဲ့ကို စိုက်ကြည့်ရင်း "အထက်အာဏာပိုင်တွေသာ နင်သတ်တာကို ကြားလိုက်ရင် ဘယ်လိုမျိုးဒေါသထွက်သွားမလဲ ကြားရဦးမယ်.... ဟီးဟီး..."

ယန်ယဲ့က "အရာရာတည်ငြိမ်နေတဲ့အချိန်မှာ အန္တရာယ်အတွက် ကြိုပြီး

ပြင်ဆင်ထားရမယ်။ အန္တရာယ်ကို
အမြဲလိုလို ရင်ဆိုင်နေရမှပဲ
တစ်စုံတစ်ယောက်က
အသက်ပိုရှည်နိုင်တယ်"

ယုဝူရှမ်က ရုတ်တရက် မေးလေသည်
"နင်ငါ့ကို စိတ်မဆိုးတော့ဘူးလား"

ယန်ယဲ့က သူမ ဘာဆိုလိုသည်ကို
သဘာဝကျကျသိပြီး “ဒေါသထွက်စရာ
ဘာမှမရှိပါဘူးလေ။ ဘာလို့လဲ ဆိုတော့

မင်းရဲ့ရှုထောင့်ကနေကြည့်ရင်

ငါ့လုပ်ရပ်တွေက ရက်စက်လွန်းပြီး

အေးစက်လွန်းနေတာကိုး။

မင်းတစ်ယောက်တည်းမဟုတ်ဘူးဆိုတာ

ငါသိတယ်၊

အပြင်စည်းခြံဝန်းရဲ့ကျောင်းသားတွေကြား

ထဲမှာလည်း အလားတူ

အတွေးတွေရှိတယ်။

မင်းရဲ့အတွေ့အကြုံတွေက

ငါနဲ့မတူလို့ဆိုတာ ငါနားလည်ပါတယ်။

မင်းမှာ မတူညီတဲ့ ဘဝအတွေ့အကြုံတွေ

ကြုံလာတဲ့အခါကျရင် အရာရာတိုင်းကို မင်းအမြင်က အခုလိုတူမှာမဟုတ်တော့ဘူး။ အဲဒါကို သိလိုက်တာနဲ့ ဒေါသဖြစ်စရာ ဘာမှမရှိဘူးဆိုတာ သဘာဝကျကျ နားလည်လိုက်တယ်”

ယုဝူရှမ်ဟာ ယန်ယဲ့ကို အချိန် အကြာကြီး စောင်းငဲ့ကြည့်ရင်း ခေါင်းကို ဆက်ဆက်ညိတ်ကာ "နင်သိပါတယ်။ တခြားသူတွေကို နင်ပေးတဲ့အမြင်က သွေးအေးတယ်၊ ရက်စက်တယ်၊

စိတ်မြန်လက်မြန်နဲ့ ဒေါသ၊
အတ္တကြီးတာတွေလေ။ တကယ်တော့
လူတိုင်းက နင့်ကို
ဒီလိုလူစားမျိုးလို့ပဲထင်ကြမှာလေ။ ဒါနဲ့လေ
နင့်ကို ဒီလိုပြောလို့ မင်းငါ့ကို
ရိုက်မှာမဟုတ်ဘူး... ဟုတ်တယ်မလား"

ယန်ယဲ့က မတ်တပ်ထရပ်ပြီး
ခပ်လှမ်းလှမ်းက နတ်ဆိုးဝံပုလွေစစ်တပ်ကို
စိုက်ကြည့်ရင်း ခဏတာ ပြုံးပြီး
"တကယ်တော့ လူတိုင်းဟာ သူတို့ရဲ့

နှလုံးသားအနက်ရှိုင်းဆုံးနေရာမှာ
အမှောင်ဖက်ခြမ်း ရှိတယ်။ ဒါပေမဲ့
အများစုက နှလုံးသားထဲမှာရှိတဲ့
အမှောင်ဖက်ခြမ်းကို ဖိနှိပ်ဖို့
ရွေးချယ်ကြတယ်။ ပြီးတော့ ဒီလောကရဲ့
အထွတ်အမြတ်သူတော်စင်တွေ ဆိုပြီး
ဟန်ဆောင်ခဲ့တယ်။ တချို့လူတွေက
ဘဝခရီးလမ်းတစ်လျှောက်လုံးမှာ
အဆင်ပြေနေရင်တောင် မမျှော်မှန်းနိုင်တဲ့
သွေးဆောင်မှုတစ်ခုခုသာရှိနေရင် သူတို့ရဲ့
အမှောင်ဖက်ခြမ်းကို

ပေါ်တင်ထုတ်ဖော်ကြမှာပဲလေ။

ရိုးသားတဲ့သူ၊

လူကောင်းသူကောင်းတစ်ယောက်က

ပုံမှန်အခြေအနေမျိုးမှာတော့

ရိုးရှင်းပါတယ်။ ဒါပေမဲ့ မင်းက အဲဒီလူကို

အမြင့်ဆုံးဂုဏ်ပုဒ်ပေးအပ်လိုက်ရင် သူက

နဂိုနဲ့ လုံးဝကို ကွာခြားသွားလိမ့်မယ်"

ယုဝူရှမ်က တိတ်ဆိတ်နေခဲ့သည်။

အဘယ်ကြောင့်ဆိုသော် သူမအနေနှင့်

ယန်ယဲ့၏စကားကို ငြင်းဆိုဖို့က
မဖြစ်နိုင်ကြောင်း သိထားသောကြောင့်ပင်။

အမှန်စင်စစ် လူတစ်ယောက်ဟာ
သူ၏နှလုံးသားထဲက အမှောင်ဖက်ခြမ်းကို
အဆက်မပြတ် မျိုသိပ်ထားပါက ၎င်းဟာ
တစ်စုံတစ်ခုသော သွေးဆောင်မှုမရှိလျှင်
အဆင်ပြေနေမည်ဖြစ်သည်။

သို့သော်လည်း ယန်ယဲ့
ပြောသည့်အတိုင်းပင်။ အကယ်၍
ထိုလူသည် သွေးဆောင်မှုတစ်မျိုးမျိုး
ခံရပါက မူလကနှင့် လုံးဝခြားနားသော

လူတစ်ယောက်အဖြစ်
ချက်ချင်းပြောင်းလဲသွားနိုင်သည်။

"စိတ်ဆန္ဒနှင့် ရည်မှန်းချက်...."

လူတိုင်းတွင်ရှိကြသည်။ သို့သော်လည်း
၎င်းတို့ကို လွှတ်လိုက်သည်နှင့် ယန်ယဲ့
ထက်ပင် ပိုကြောက်စရာကောင်းသော
သွေးအေးရက်စက်သူများ
ဖြစ်လာနိုင်လေသည်။

ယန်ယဲ့က ဆက်ပြောသည် “တကယ်တော့

ဒါဟာ လူတစ်ယောက်ကို

မကောင်းမှုမဖြစ်အောင် ထိန်းပေးတဲ့

နည်းလမ်းတင်မဟုတ်ဘူး၊ သူတို့ရဲ့

ခွန်အားလို့လည်း ဆိုနိုင်တယ်လေ။

နောက်ဆုံးတော့

ခွန်အားအလုံအလောက်မရှိတဲ့သူက

ကိုယ့်အကန့်အသတ်ကိုကျော်ပြီး

လုပ်နိုင်ပါ့မလား ဒါမှမဟုတ်

ဘောင်ကျော်ပြီး လုပ်ဝံ့ပါ့မလား။

လူကိုယ်တိုင်က တကယ်စိတ်ပါဝင်စားပြီး
လုပ်ချင်နေတာတောင်မှ အဲဒီလူက
မလုပ်ရဲသေးဘူး။ ဒါက ဘာလဲဆိုရင်
အဲဒီလူမှာ လုပ်ဖို့ ခွန်အားမရှိလို့ပဲ”

ဒီအချက်ကို ပြောသည့်အခါ ယန်ယဲ့က
အသက်ပြင်းပြင်းရှူလိုက်ပြီး
“ဒါတွေအားလုံးကို ငါပြောခဲ့တာက
ကမ္ဘာပေါ်ကလူတိုင်း မကောင်းဘူးလို့
မင်းကို မပြောလိုပါဘူး။ ငါက
လူအများစုအကြောင်းပဲ ပြောနေတာ။

ငါယန်ယဲ့ လူကောင်းတစ်ယောက်ဖြစ်ဖို့

မရည်ရွယ်သလို လူဆိုးလည်း

မဖြစ်ချင်ပါဘူး။ ငါကငါပဲ ဖြစ်ချင်တယ်!

ငါက သွေးအေးတယ်၊ ရက်စက်တယ်၊

စိတ်မြန်တယ်၊ ရန်လိုတယ်၊

အရမ်းအတ္တကြီးတယ်လို့

မင်းပြောခဲ့တာမဟုတ်လား။

အဲဒါတွေအားလုံးကို ငါဝန်ခံပါတယ်။

ငါ့ရဲ့ချို့ယွင်းချက်တွေနဲ့ ငါ့နှလုံးသားရဲ့

အမှောင်ဖက်ခြမ်းကို ရင်ဆိုင်ရတဲ့အခါ

ကိုယ့်ကိုယ်ကို ဖုံးကွယ်ပြီး ငြင်းဆန်ပြီး

လှည့်စားမှာတော့မဟုတ်ဘူး။ ငါဟာ ငါကိုယ်တိုင်ပဲ၊ ငါ့စိတ်ဆန္ဒအတိုင်းပဲ လိုက်လုပ်တယ်"

ယုဝူရှမ်က "နင်က စိတ်သဘောထားသေးသိမ်သလိုပဲနော်"

ယန်ယဲ့က

တဟားဟားအော်ရယ်လိုက်သည်။ သူက

“ငါက

စိတ်သဘောထားသေးသိမ်တယ်လို့တော့မ

ထင်ပါဘူး။

စိတ်သဘောထားသေးသိမ်တဲ့လူတွေက

ဘယ်လိုမျိုးလဲ။ သူတို့သည်

ဒေါသထွက်မှာကို ကြောက်ရွံ့ပေမဲ့

တခြားသူတွေကို ဘယ်လိုလုပ်ကြံရမယ်၊

နောက်ကျောကို ဓားနဲ့ထိုးရမယ်ဆိုတာကို

ကောင်းကောင်းကြီးသိနေတယ်လေ။

ဒါပေမဲ့ ဒေါသထွက်တဲ့အခါ အမြဲတမ်း

သတ္တိရှိနေရမလား။ အဲဒါကမဖြစ်နိုင်ဘူး။

ဥပမာအနေနဲ့

သိုင်းသူတော်စင်တစ်ယောက်လို အဲဒီလူကို

ငါတကယ်မအနိုင်မယူနိုင်ရင်၊ ငါက
အဲဒီလူကို တိုက်ခိုက်မှာ မဟုတ်ဘူး။
တိုက်ခိုက်မဲ့အစား ထွက်ပြေးမယ်"

ယုဝူရှမ်လည်း
ကြားလိုက်ရသောစကားကြောင့်
စကားမပြောနိုင်လောက်အောင်
ခံစားလိုက်ရလေသည်။

၁၁၄၂

Almighty Sword Domain

အဆိုးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၄၂ - စုကလန် နှင့် ပဋိပက္ခ

ယုဝူရှမ်း....

သူမဟာ ခဏကြာသည်ထိ

တိတ်ဆိတ်နေပြီးမှ ယန်ယွဲ့ကို

မျက်လုံးလှန်ကြည့်ကာ "တကယ်တော့

နင်က အရမ်းချစ်စရာကောင်းတယ်။

ဘာလို့လဲဆိုတော့ နင်ပြောသလိုပဲ
နင်ဒေါသထွက်ရင်
ပြတ်ပြတ်သားသားနဲ့နင့်လုပ်ရပ်တွေအတွ
က် အပြည့်အဝတာဝန်ယူတတ်တယ်။
ယောကျ်ားသားတော်တော်များများက
အဲဒါကို ပြီးမြောက်အောင်
မလုပ်နိုင်ကြဘူးလေ။ ပြီးတော့ နင့်မှာ
ချို့ယွင်းချက် နည်းနည်းရှိပေမဲ့
နင်လုပ်တဲ့အရာရာတိုင်းက
ခွင့်မလွှတ်နိုင်တဲ့အရာတွေမှမဟုတ်တာ။

အပြန်အလှန်အနေနဲ့
တခြားရှုထောင့်ကနေကြည့်ရင် နင်က
သစ္စာမေတ္တာတရားကြီးမားတယ်။
ဘာလို့လဲဆိုတော့ နင်
နတ်ဆိုးဝံပုလွေတွေကို တိုက်ခိုက်တာ
ငါတို့အတွက်နဲ့ အတွင်းစည်းခြံဝန်း၊
လျှို့ဝှက်ခြံဝန်းကို ရင်ဆိုင်တာတွေကြည့်ရင်
သိသာပါတယ်လေ"

“ဒါကိုလား၊ ဒါကတော့
ငါ့ကိုသစ္စာမဖောက်ရင်

ငါလည်းဘယ်တော့မှ သစ္စာမဖောက်ဘူး။
အဲဒါ ငါ ကျင့်သုံးနေတဲ့ လောကဥပဒေသပဲ"
ယန်ယဲ့က ဆက်ပြောလိုက်၏ “ဒါဟာ
မင်းရဲ့အပိုင်ဖြစ်လာလိမ့်မယ်လို့
ငါမျှော်လင့်တယ်။ လူတစ်ဦးက
ဘယ်အရာမဆိုလုပ်နိုင်ပေမဲ့ သူ့မှာ
သွားနိုင်တဲ့အကန့်အသတ်ရှိရမယ်။
နားလည်လား..."

ယုဝူရှမ်က ခေါင်းညိတ်လိုက်သည် "နင်
ပြောတာကို ငါမှတ်မိနေမှာပါ"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။ သူ စကားထပ်ပြောဖို့ပြင်လိုက်စဉ်မှာပဲ အဝေးဆီမှ မြေပြင်တစ်ခုလုံး ရုတ်တရက် တုန်ခါသွားသည်ကို သတိထားမိလိုက်၏။ အားလုံး လှမ်းကြည့်လိုက်ရာ သောင်းနှင့်ချီသော လူသားပညာရှင်များ သူတို့ဖက် ဦးတည်ပြေးလာနေကြောင်း တွေ့လိုက်ရသည်။

ဒီမြင်ကွင်းကို မြင်သောအခါ ဖုန်းဝူချောင်နှင့် အပြင်စည်းကျောင်းသားများ၊ အတွင်းစည်းကျောင်းသားများအားလုံး၏ မျက်နှာအမူအရာများ သိသိသာသာကို ပြောင်းလဲသွားကြသည်။

အကြောင်းအရင်းက လူအုပ်ထဲမှ လူတိုင်း မျက်နှာထက် ရက်စက်ကြမ်းကြုတ်ပြီးဒေါသထွက်နေပုံ များပေါ်လွင်နေ၍ပင်။ ထို့အပြင် လူအုပ်ထဲမှ အချို့သည် အော်ရာကိုပင်

သိသိသာသာ ထုတ်လွှတ်ခဲ့ပြီး ၎င်းတို့ဆီသို့
ဖိနှိပ်နေခဲ့သည်။

အသေအချာပင်၊ လူအုပ်ကြီးက
ဒေါသထွက်နေသည်မှာ သိသာလေသည်။

သိပ်မကြာလိုက်ပေ၊
သောင်းနှင့်ချီသောလူအုပ်ကြီးက
မြို့တံတိုင်းအောက်သို့ ရောက်လာကြသည်။

မြို့ရိုးအထက်မှ လူတိုင်း မျက်နှာထက်တွင် နိုးနိုးကြားကြား အမူအရာများ ရှိနေပြီး ၎င်းတို့၏ ခန္ဓာကိုယ်ထဲမှ ဆန်းကြယ်ချီစွမ်းအင်များ စတင် ထွက်ပေါ်လာပါတော့သည်။

ထိုအချိန်တွင် လူအုပ်ရှေ့ဆုံးမှ အဘိုးအိုက ရုတ်တရက် လေထဲသို့ ပျံတက်လာပြီး ယန်ယဲ့ကို  လက်ညှိုးထိုးကာ “မင်းက နည်းပြဆရာရဲယန် လား"ဟုအေးစက်စွာ ပြောလိုက်သည်။

ယန်ယဲ့က စကားမပြောဘဲ
ခေါင်းသာညိတ်ပြလိုက်၏။

အဘိုးအို၏မျက်နှာက ခက်ထန်သွားပြီး
"ဒါဆို မင်းက နတ်ဆိုးဝံပုလွေတွေကို
မြို့ထဲသွင်းလိုက်တာပေါ့"ဟုထပ်မေးလေသ
ည်။

ယန်ယဲ့က ခေါင်းကိုသာညိတ်ပြပြန်သည်။

အဘိုးအို၏မျက်နှာက အေးခဲသွားကာ ဒေါသတကြီး အော်ငေါက်လိုက်လေသည် "မင်း ဘယ်လိုတောင်လုပ်ဝံ့တာလဲ၊ ခွေးကောင်လေး.... ဟား! သူ့ကိုသတ်ကြ"

"သတ်" အဘိုးအို၏အသံကြောင့် လူအုပ်ကြီးက လှုပ်ရှားလာပြီး ယန်ယဲ့နှင့် မြို့ရိုးအထက်မှလူတိုင်းကို တိုက်ခိုက်ကြသည်။

အောင်း!

စူးရှသောဓားအူသံ ထွက်ပေါ်လာပြီးနောက်
လခြမ်းကွေးပုံသဏ္ဍာန်ဓားစွမ်းအင်အလင်း
တစ်ခုက မြို့ရိုးအထက်ကနေ
ဆင်းသက်လာခဲ့လေသည်။
လခြမ်းကွေးပုံစံဓားစွမ်းအင်က လူအုပ်ထဲသို့
ကျဆင်းသွားကာ
အားလုံးမတုံ့ပြန်နိုင်ခင်မှာပဲ လူ (၁၀၀၀)
ကျော် အသတ်ခံလိုက်ရလေသည်။

မရေမတွက်နိုင်သော
ကိုယ်တွင်းအင်္ဂါများနှင့် သွေးများ
မြေပြင်အနှံ့ ပြန့်ကျဲသွား၏။ အလွန်တရာ
ရက်စက်ကြမ်းကြုတ်ပြီး
ကြောက်စရာအတိမြင်ကွင်းပင်တည်း။

လူအုပ်က
ရှေ့တက်တိုက်ခိုက်ဝံ့ခြင်းမရှိတော့ဘဲ
နေရာတွင်သာ ရပ်တန့်လိုက်ကြသည်။

ဒီအချိန်မှာ အားလုံးက ယန်ယဲ့ကို
ထိတ်လန့်စွာ စိုက်ကြည့်နေကြ၏။
ဒီအခိုက်အတန့်တွင် သူတို့၏မျက်လုံးထဲ၌
ရက်စက်သော ဒေါသစိတ်များမရှိတော့ဘဲ
အဆုံးအစမဲ့ ကြောက်ရွံ့ခြင်းတို့သာ
ကြီးစိုးခဲ့သည်။

ယန်ယဲ့ကို လက်ညိုးငေါက်ငေါက်ထိုးပြီး
ကျိန်ဆဲနေသော အဘိုးအိုသည်ပင်
မျက်နှာတစ်ခုလုံး လေးနက်နေပါသည်။

ထိုအချိန်တွင် ရှန်ချင်းယင်က

ယန်ယဲ့ရှေ့တွင် ရုတ်တရက်ပေါ်လာခဲ့သည်။

သို့သော် သူမ

တစ်ယောက်တည်းမဟုတ်ပေ၊ ဘေးနားတွင်

အဘိုးအို ၅ ယောက်ရှိနေခဲ့သည်။

အားလုံးက

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်များ

ဖြစ်၏။

ရှန်ချင်းယင်ကိုမြင်သောအခါ

အဘိုးအို၏မျက်နှာသည်

ချက်ချင်းပင်မည်းမှောင်လာပြီး

“ဆရာမရှန်! ငါ ရှင်းပြချက်လိုတယ်။

မဟုတ်ရင် ငါစုရွှယ်က မင်းကို

မျက်နှာမပေးဘူးဆိုပြီး ငါ့ကို အပြစ်မတင်နဲ့"

ရှန်ချင်းယင်က ယန်ယွဲ့၏နံဘေးကို

လျှောက်လာပြီး "သူ့နာမည်က စုရွှယ်

လို့ခေါ်တယ်။ သူက စုကလန်ရဲ့

ဒုတိယကလန်ခေါင်းဆောင်။ စုကလန်က

တိမ်ပင်လယ်မြို့ရဲ့မဟာကလန်ကြီး ၂

ခုထဲက တစ်ခုလေ။ မြို့တော်မှာ

အင်အားအကြီးဆုံးမျိုးနွယ်စုတွေလို့
ပြောနိုင်တယ်။ သူတို့က
မြို့ထဲမှာတင်မကဘူး၊ အကယ်ဒမီမှာတောင်
အတိုင်းအတာတစ်ခုထိ
လုပ်ပိုင်ခွင့်အာဏာရှိတယ်။
ဘာဖြစ်လို့လဲဆိုတော့ အကယ်ဒမီရဲ့
အကြီးအကဲတွေနဲ့ ကျောင်းသားတချို့က
စုကလန်ရဲ့အဖွဲ့ဝင်တွေလေ"

ဤစကားကို အလေးအနက်ထားပြောရင်း
ရှန်ချင်းယင်က အဘိုးအိုစုရွယ် နှင့်

လူအုပ်ကို တစ်ချက်ကြည့်လိုက်ပြီး "
စုကလန်ရဲ့ အင်အားအများစုက
မြို့ရဲ့မြောက်ပိုင်းမှာရှိနေတယ်။ ဒီတော့
မြို့ထဲကို သွင်းလိုက်တဲ့
နတ်ဆိုးတွေလက်ချက်နဲ့ ပျက်စီးသွားပြီ။
စုကလန်ရဲ့အဖွဲ့ဝင် (၁၀၀၀) လောက်နဲ့
အဆင့်မြင့်ပညာရှင် တချို့ပါ
ဆုံးရှုံးသွားတယ်။ ဒါဆို….”
ယန်ယဲ့က "မင်းပြောသလိုဆို သူတို့က
ငါ့အပြစ်လို့ ထင်နေကြတာ၊ ပြီးတော့ ငါ့ကို
ပြဿနာရှာဖို့ လာကြတာပဲ မဟုတ်လား"

ရှန်ချင်းယင်က သက်ပြင်းကို
တိုးတိုးလေးချလိုက်ပြီး "ယန်ယဲ့၊
နင်ဒေါသဖြစ်မှာသေချာတယ်ဆိုတာကို
ငါသိပါတယ်၊ ဒါပေမဲ့ ငါ့စကားကို
ခဏနားထောင်ပါ။မြို့တော်က အခုအချိန်မှာ
မငြိမ်မသက်ဖြစ်နေတဲ့အကြောင်းရင်းက
စုကလန် နဲ့ လီကလန် တို့ကြောင့်ပဲ။
တကယ်လို့ နင်က စုကလန်ရဲ့အဖွဲ့ဝင်တွေကို
ဖိနှိပ်လိုက်ရင် သူတို့ရဲ့အမိန့်က မြို့ထဲမှာရှိတဲ့
လူအတော်များများကို
ဆူပူအုံကြွစေလိမ့်မယ်။ ဟုတ်တယ်၊

သူတို့က အကယ်ဒမီကို တိုက်ရိုက်တော့
ဆန့်ကျင်ဝံ့မှာမဟုတ်ဘူး၊ ဒါပေမဲ့ သူတို့က
နင့်ကို သေချာပေါက်ပစ်မှတ်ထားလိမ့်မယ်”

ယန်ယဲ့က သူမကို ကြည့်ပြီး "ဒါဆို ငါ
ဘာလုပ်သင့်တယ်လို့ မင်းထင်လဲ"
ဟုမေးလိုက်သည်။

ရှန်ချင်းယင်က ခဏလောက်
တိတ်တိတ်ဆိတ်ဆိတ်နေလိုက်ပြီး

“ပထမအချက်အနေနဲ့ နင်က မြို့ထဲကို

နတ်ဆိုးဝံပုလွေတွေ

ဆက်ပြီးဝင်ခွင့်ပေးလို့မရတော့ဘူး။

ဒုတိယအချက်အနေနဲ့၊ နင်

ငါနဲ့အတူလိုက်ပြီး စုကလန်ဘိုးဘေးကို

ရှင်းပြရမယ်။ သူငါ့ကို

မျက်နှာသာပေးလိမ့်မယ်၊ ဒါကြောင့်

အရင်ကအဖြစ်အပျက်တွေကို ဖြေရှင်းဖို့က

မခက်သင့်ဘူး"

"ဆရာမရှန်၊ မင်းမှားနေပြီ" ထိုအချိန်တွင် ရှန်ချင်းယင်၏နောက်၌ ရပ်နေသော အဘိုးအိုတစ်ယောက်က ရုတ်တရက် ရှေ့သို့ ထွက်လာပြီး ပြောလိုက်သည် "ငါ့ရဲ့ စုကလန်က မင်းကို မျက်နှာသာမပေးဖို့ ငြင်းတာ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီအဖြစ်အပျက်က ငါ့စုကလန်ကို ထိခိုက်ရုံတင်မကဘူး၊ တခြား မျိုးနွယ်စုတွေကိုတောင် ထိခိုက်စေခဲ့တယ်။ ငါ့စုကလန်က ရှင်းပြချက်လိုချင်တယ်ဆိုတာ.....

နည်းပြဆရာရဲ့ က

အကြောင်းပြချက်မရှိဘဲနဲ့

နတ်ဆိုးဝံပုလွေတွေကို မြို့ထဲ

ဝင်ခွင့်ပေးလိုက်တယ်။ ဒီအတွက် ငါတို့ရဲ့

အင်အားတွေ၊ အရင်းအမြစ်တွေနဲ့

စီးပွားရေးလုပ်ငန်းတွေ အများကြီး

ဆုံးရှုံးသွားပြီ။ ငါ့စုကလန်တင်မဟုတ်ဘူး၊

လက်အောက်ခံမျိုးနွယ်ခွဲလေးတွေတောင်

အများကြီး ဆုံးရှုံးသွားတယ်။ ဒါကို ငါတို့က

လွယ်လွယ်နဲ့မေ့ထားလိုက်ရင်

ငါ့ရဲ့စုကလန်က တိမ်ပင်လယ်မြို့မှာ ဘယ်လိုလုပ်ရပ်တည်နိုင်တော့မှာလဲ"

ယန်ယဲ့က စကားပြောနေသည့် အဘိုးအိုကို စိုက်ကြည့်ကာ "မင်းက စုကလန် ကလား" ဟု မေးလိုက်သည်။

"ငါက စုဝမ် ၊ စုကလန် လက်ရှိခေါင်းဆောင်ရဲ့ဒုတိယဦးလေး" အဘိုးအိုက “နည်းပြဆရာရဲ၊ မင်းအကြောင်း ငါကြားပြီးပြီ၊ မင်း ဘာမဆို

လုပ်ရဲတယ်ဆိုတာ ငါသိတယ်။
မင်းငါ့ရဲ့စုကလန်ကို
လွယ်လွယ်နဲ့အနိုင်ကျင့်နိုင်တယ်လို့ ထင်ရင်
မင်း လွတ်လွတ်လပ်လပ်
စမ်းကြည့်လို့ရတယ်"

ယန်ယဲ့က ရယ်မောလိုက်ပြီး ရှန်ချင်းယင်ကို
ပြန်ကြည့်လိုက်သည် "ဆရာမရှန်၊ အဲဒါကို
မင်းမြင်လား။ စုကလန်က
မြို့ကိုကာကွယ်နိုင်တဲ့အင်အားတွေရှိတယ်။
ဒါပေမယ်လို့ သူတို့က မြို့ထဲမှာပဲ

ပုန်းအောင်းနေဖို့စဉ်းစားထားတာ။
ဒါပေမယ့် ငါတို့တွေသာ မြို့ကို
မကာကွယ်နိုင်ရင် ကိုယ့်ကိုယ်ကို
အပြစ်တင်ရမယ့်အစား ငါ့ကို
အမှန်အတိုင်းပြောပါ မင်းကို
ဒေါသထွက်နေတာမဟုတ်ဘူးလား"

"ငါ့ဖင်ကို စိတ်ဆိုးအောင် လုပ်"
ထိုအချိန်တွင် လူအုပ်ရှေ့မှ အဘိုးအိုက
ယန်ယဲ့ကို လက်ညှိုးထိုးပြီး ဒေါသတကြီး
ကျိန်ဆဲလိုက်သည် "မြို့ထဲမှာဖြစ်တာက

ငါ့စုကလန်နဲ့ ဘာမှမဆိုင်ဘူးမဟုတ်လား။
မင်းက ငါတို့ကိုအရင်းအမြစ် ဒါမှမဟုတ်
တခြားလျော်ကြေးတွေများ ပေးခဲ့လား။
မင်း ငါတို့ကို ဘာမှ မပေးခဲ့ဘူး! ဒါဆို
ငါ့ရဲ့စုကလန်က မင်းအားလုံးအတွက်
မြို့ကိုကာကွယ်ဖို့ အရာအားလုံးကို
ဘာလို့စွန့်စားရမှာလဲ ။
သောက်အဓိပ္ပါယ်မရှိလိုက်တာ...."

ယန်ယွဲ့က ခေါင်းညိတ်ပြီး
"မင်းတို့စုကလန်ရဲ့ ရပ်တည်ချက်ကို

ငါနားလည်ပါတယ်" ဤအချက်ကို
ပြောပြီးနောက် သူ့လက်ဝါးကိုလှန်ကာ
ရှေးဟောင်းဓားအိမ်ကို
ဆုပ်ကိုင်ထားလိုက်သည်။ ထို့နောက်
သူညာဖက်လက်ကိုမြှောက်ယမ်းပြီး
ဓားစိတ်ဆန္ဒဓားတစ်ချောင်း ဖန်တီးကာ
ဓားအိမ်ထဲထည့်လိုက်သည်။
ယန်ယွဲ့၏ညာဖက်လက်က
ဓားစိတ်ဆန္ဒဓားကို ဖြည်းညှင်းစွာ
ဆွဲထုတ်လိုက်ရင်း "ဒီလိုဆို
ငါပေးမဲ့ရှင်းပြချက်က.....

ဒီနေ့ကစလို့ တိမ်ပင်လယ်မြို့မှာ စုကလန်
ဆိုတာ
မရှိတော့ဘူးဆိုတာပဲ"ဟုအေးစက်စက်ပြော
လိုက်တော့သည်။

"မင်းဒီလိုလုပ်မှာလား၊ ဟားဟား..."
သက်လတ်ပိုင်းအဘိုးအိုက ရူးသွပ်စွာ
ရယ်မောလိုက်သည်။ သို့သော် သူ့အသံက
ရုတ်ချည်းပင် ရပ်တန့်သွား၏။
အဘယ်ကြောင့်ဆိုသော် ယန်ယဲ့သည်
သူ့ရှေ့တွင် ရုတ်တရက်ပေါ်လာပြီး

လက်တစ်ဖက်က သူ့လည်ပင်းကို ဖမ်းဆုပ်ထားလိုက်သောကြောင့်ဖြစ်သည်။

"မင်းဘယ်လိုလုပ်ဝံ့သလဲ"

စုကလန်၏မဟာအကြီးအကဲ စုဝမ်က ဒေါသတကြီး အော်ငေါက်လိုက်သည်။ သူက တိုက်ခိုက်ဖို့ပြင်လိုက်စဉ် ယန်ယဲ့ဟာ သက်လတ်ပိုင်းအဘိုးအိုကို လွှတ်ပေးလိုက်ပြီး နေရာမှာပဲ ပျောက်ကွယ်သွားခဲ့သည်။

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၄၃ - ဒါဆို ငါထွက်သွားမယ်

ယန်ယဲ့ နေရာတွင် ပျောက်ကွယ်သွားသည့် အခိုက် အဘိုးအိုစုဝမ်၏ အမူအသည် သိသိသာသာ ပြောင်းလဲသွားသည်။ သူက ချက်ချင်းပင် အနန္တရာယ်ကို အလိုလို

ခံစားလိုက်ရပြီး သူရပ်နေသည့်နေရာမှ ခုန်ထွက်လိုက်၏။ သို့သော်လည်း ကြောက်မက်ဖွယ်ကောင်းသော ဖိအား ၂ ခုက တောင်ကြီးတစ်လုံးအလား သူ့အပေါ်ကို ဖိချလာသဖြင့် တစ်ကိုယ်လုံး တောင့်တင်းသွားခဲ့သည်။ ထိုအချိန်မှာပဲ ဓားတစ်ချောင်းက သူ၏နဖူးအလယ်တည့်တည့်ကို ထောက်ထားကြောင်း သိလိုက်ရလေသည်။

"ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒ၊ ...
ကောင်းကင်အဆင့် ၃
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ။
အမြန်နှုန်းဥပဒေသစွမ်းအင်။ မင်း…."
အဘိုးအိုစုဝမ်က ယန်ယဲ့ကို
အံ့အားသင့်စွာဖြင့် စိုက်ကြည့်နေသည်။
ယန်ယဲ့ အလွန်အစွမ်းထက်သည် သူလည်း
သိထားသည်။ သို့သော်လည်း
သူထင်ထားသည်မှာ ယန်ယဲ့ဟာ မည်မျှပင်
သန်မာနေပါစေ သူ့ခွန်အားက
အကန့်အသတ်ရှိသည်ဟူ၍ပင်။ သူက

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်

ဖြစ်သော်လည်း ယန်ယဲ့ဟာ

အဆင့်မြင့်သိုင်းကျောဇ် သာဖြစ်နေ၏။

ထို့အပြင် သူက

တိမ်ပင်လယ်အကယ်ဒမီ၏အကြီးအကဲတ

စ်ဦးဖြစ်သည်။ စုကလန်ကလည်း

သူ့နောက်တွင်ရပ်တည်နေပါသည်။ထို့ကြော

င့် သူက ယန်ယဲ့ကို

အလေးအနက်မထားခဲ့ပေ။ ယန်ယဲ့က သူ့ကို

တိုက်ခိုက်ဝံ့မှာမဟုတ်ဟုယူဆခဲ့သည်။

သို့သော်လည်း လက်တွေ့တွင်မူ သူ့အထင်နှင့်အမြင်က မှားသွားခဲ့ကြောင်း သိသာလေသည်။

"ရဲယန်၊ စိတ်လွတ်ကိုယ်လွတ် အရမ်းမလုပ်နဲ့" ယန်ယဲ့က အဘိုးအိုစုဝမ်ကို တစ်ချက်တည်းနှင့် ဖိနှိပ်လိုက်ကြောင်း မြင်လိုက်ရာ ရှန်ချင်းယင်ဟာ အလွန် တုန်လှုပ်သွားမိသည်။ သူမက ကမန်းကတန်းပြောခဲ့သည် "စီနီယာစုက အကယ်ဒမီအတွက်

အများကြီးဆောင်ရွက်ပေးခဲ့တယ်။ ပြီးတော့ သူ့မှာ အကယ်ဒမီရဲ့အဆက်အသွယ်တွေ အများကြီးပဲ။ နင်…."

ဆူး!

ရှန်ချင်းယင်က စကားမဆုံးသေး၊ သွေးစီးကြောင်းတစ်ခုနှင့်အတူ ခေါင်းပြတ်တစ်လုံးက လေထဲကို ပျံတက်သွား၏။

ဤ[illegible]နေရာရှိလူတိုင်း အံ့သြသွားကြသည်။

ယန်ယဲ့သည် လူတိုင်းကို ဂရုမစိုက်ဘဲ အဘိုးအိုစုဝမ်ကို အဆုံးသတ်ပေးပြီးနောက် သူ့အကြည့်က သက်လတ်ပိုင်းအဘိုးအိုထံ ကျရောက်လာသည်။
သက်လတ်ပိုင်းအဘိုးအို၏ အမူအရာသည် ချက်ချင်း ပြောင်းသွားကာ လူအုပ်ထဲသို့ အလျင်အမြန်ခုန်ဝင်သွားပြီး "မင်း ...ရဲ.... နည်းပြဆရာရဲယန်၊ မင်းက ငါ့စုကလန်ရဲ့

အဖွဲ့ဝင်တစ်ယောက်ကို
သတ်ပစ်ဝံ့တယ်လား။ ကောင်းတယ်!
မင်းက ငါ့ရဲ့စုကလန်ကို မလေးစားမှတော့
စုကလန်ကို သနားညှာတာမှုမရှိဘူးလို့
အပြစ်မတင်ပါနဲ့။ လူတိုင်း! ဒီရဲယန်ကို
သတ်ကြ”

"သတ်! ရဲယန်ကို သတ်ကြ”

“သတ်....”

လူအုပ်က တညီတညွတ်တည်း
အော်ဟစ်ကာ ယန်ယဲ့ ဆီသို့
ပြေးဝင်လာကြသည်။

“မြို့ရိုးပေါ်က လူတိုင်း၊ ငါ့အမိန့်ကို
နားထောင်ကြစမ်း။ အကုန်သတ်...
ဘယ်သူ့ကိုမှ မနှမြောနဲ့" ယန်ယဲ့က
အေးစက်စက်ပြောလိုက်ရင်း သူ့ဓားကို
အလျားလိုက်ပိုင်းချလိုက်၏။
ဓားစွမ်းအင်အလင်းတန်းတစ်စင်းက

အလျားလိုက် ဖြာထွက်သွားပြီး
လူ(၁၀၀၀)ကျော်ကို ချက်ချင်း
သတ်ဖြတ်ပစ်လိုက်လေသည်။
ထို့နောက်တွင် ယန်ယွဲ့သည် လူအုပ်ထဲသို့
ခုန်ဝင်ကာ သက်လတ်ပိုင်းအဘိုးအိုရှေ့ကို
ရောက်သွား၏။ အဘိုးအို
မတုံ့ပြန်နိုင်ခင်မှာပဲ ယန်ယွဲ့၏လက်က
၎င်းကို လည်ပင်းကနေဖမ်းဆုပ်ကာ
ဆွဲမလိုက်သည်။ သက်လတ်ပိုင်းအဘိုးအိုက
ထိတ်လန့်နေရာကနေ
သတိပြန်ဝင်လာပြီးနောက် သူဟာ

မြို့ရိုးအထက်၌ ရောက်နေသည်ကို သတိထားမိလေသည်။

“မင်း….” သက်လတ်ပိုင်းအဘိုးအိုက ဒေါသတကြီးအော်ငေါက်ဖို့ပြင်သည်။ သို့သော်လည်း သူ ရလိုက်သည်က ယန်ယဲ့ ထံမှ ရိုက်နှက်မှုသာ၏ ယန်ယဲ့၏လက်ချောင်းများက ဓားတစ်ချောင်းသဖွယ် အဘိုးအို၏ဗိုက်ကို ထိုးဖောက်ကာ မြို့ရိုးနံရံနှင့် ကပ်ရိုက်ထားလိုက်သည်။

ယန်ယဲ့က သက်လတ်ပိုင်းအဘိုးအိုကို ချက်ချင်းမသတ်ခဲ့ပေ။ သူက ၎င်းကို နံရံတွင် အရှင်လတ်လတ် ချိတ်ဆွဲထားသည်။ သို့သော် ထိုအရာကပင် အဘိုးအိုအတွက် သေတာထက်ပိုဆိုး၏။

အားလုံး ပြီးသွားသည့်နောက် ယန်ယဲ့၏ပုံရိပ်က လူအုပ်ထဲသို့ တဖန်ရောက်လာပြီး

ဓားစွမ်းအင်အလင်းတန်း မြောက်များစွာ လင်းလက်သွားခဲ့သည်။

သိပ်မကြာလိုက်ပေ၊ လူ (၁၀၀၀)ကျော် ထပ်မံသေဆုံးသွားပြန်သည်။

အစပိုင်းတွင် လူအုပ်က သူတို့အရေအတွက်ဖြင့် ယန်ယဲ့ကို တိုက်ခိုက်ရဲကြသည်။ သို့သော် ယန်ယဲ့၏ဓားတစ်ချက်က လူ (၁၀၀၀)ကျော်ကို သတ်လိုက်ပြီးနောက်

အားလုံး ထိတ်လန့်သွားပြီး အဖက်ဖက်သို့ တရောသောပါး ထွက်ပြေးကြတော့သည်။

သို့ပါသော်လည်း.....။

နောက်ထပ် ၁၀ မိနစ်မပြည့်ခင်မှာပဲ မြို့ရိုးအောက်၌ လူသေအလောင်း ( ၁၀,၀၀၀) နီးပါး လဲလျောင်းနေခဲ့ပါသည်။

သူတို့ထဲက အများစုဟာ
ယန်ယဲ့၏သတ်ဖြတ်ခြင်းခံရသလို
မြို့ရိုးပေါ် ရှိ ပညာရှင်များ၏
သတ်ဖြတ်ခံရသူများလည်း ရှိခဲ့သည်။
နောက်ဆုံးတွင် မြောက်ပိုင်းမြို့တံခါးကို
စောင့်ကြပ်နေသည့် တပ်ဖွဲ့များက
ယန်ယဲ့၏အမိန့်ကို မနာခံဝံ့ဘဲမနေရဲပေ။

ထိုအခိုက် ရှန်ချင်းယင်က ယန်ယဲ့ ဆီသို့
လျှောက်လာပြီး ဒေါသတကြီး
ကြိမ်းမောင်းလေသည်။

"နင်ဘာလုပ်နေတယ်ဆိုတာ နင်သဘောပေါက်လား။ နင်ဘာလုပ်ဖို့ ကြိုးစားနေတာလဲ"

"ဒါဆို ငါဘာလုပ်သင့်တယ်လို့ မင်းထင်လဲ" ယန်ယဲ့က လူသေအလောင်းများကို လက်ညှိုးထိုးပြပြီး "ငါဒီမှာပဲရပ်နေပြီး သူတို့လာသတ်တာကိုစောင့်နေရမှာလား"ဟု သာ ပြန်ဖြေလိုက်၏။

"ဒီလောက်အထိ သတ်ဖို့ မလိုဘူးလေ"

ရှန်ချင်းယင်က  ဒေါသတကြီးနဲ့ပြောသည်

"နင်သာ တမင်တကာ မလုပ်ဆောင်ဘဲ

ဒီလိုအစွန်းရောက်တဲ့နည်းလမ်းကို မသုံးရင်

အခြေအနေက ဒီလောက်အထိ

ဆိုးရွားလာမှာ မဟုတ်ဘူး။

နင့်ရဲ့လုပ်ရပ်တွေဟာ တစ်မြို့လုံးက

ကျင့်ကြံသူတွေ ငါတို့အကယ်ဒမီကို

မုန်းတီးသွားလိမ့်မယ်ဆိုတာ

နင်သဘောပေါက်လား။ ငါ့အကယ်ဒမီရဲ့

နာမည်ဂုဏ်သတင်းကို

သက်ရောက်မှုရှိမယ်ဆိုတာ
နင်နားမလည်တာလား”

ယန်ယဲ့က
လှောင်ပြောင်သံနှင့်ရယ်မောလိုက်လေသည်
။ သူက "ဘာလဲ...၊
စည်းကမ်းထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့
ဂုဏ်သတင်းလို့ ခေါ်တဲ့
အကယ်ဒမီအဖွဲ့ဝင်တွေဟာ စုကလန်လို
အမှိုက်တွေကို ကာကွယ်ဖို့
သူတို့ရဲ့အသက်တွေစတေးပေးရမှာလား။

အကယ်ဒမီရဲ့ဂုဏ်သတင်းကို
ထိန်းသိမ်းဖို့အတွက်နဲ့ မရေမတွက်နိုင်တဲ့
ကျောင်းသားတွေကို စတေးချင်တာလား။
ဒါဆို မင်းပြောတာ မှန်ပါ့မလား"

ဒီအထိ စကားပြောပြီးနောက်
ယန်ယွဲ့၏မျက်နှာက ရုတ်ချည်းပင်
အေးခဲသွားကာ "ဆရာမရှန်၊ မင်းက
ဒီလိုလုပ်ချင်ရင် မင်းကိစ္စပဲလေ။ ဒါပေမဲ့
ငါအဲလိုမလုပ်နိုင်ဘူး၊
မင်းဘာလုပ်မှာလည်းဆိုတာ

ငါစိတ်မဝင်စားဘူး။ ဒါပေမဲ့ ငါလုပ်နေတာက ငါ့ပြဿနာပဲ၊ ငါ့ရှေ့မှာ မင်းထပ်ပြီး ဆူညံမနေဖို့ ငါမျှော်လင့်တယ်။ ငါ့ခံနိုင်ရည်က အကန့်အသတ်ရှိတယ်”

"ကောင်းပြီ၊ နင်ကြိုက်သလိုလုပ်...." ရှန်ချင်းယင်က အေးစက်စွာပြောသည် "နင် စုကလန်ကို ဘယ်လိုရင်ဆိုင်မလဲဆိုတာ ကြည့်ရအောင်"

ယန်ယဲ့က သူမကို စူးစိုက်ကြည့်ရင်း

“အကယ်ဒမီနဲ့ မြို့ထဲက

ကျောင်းသားအားလုံးကို ငါ့အမိန့်ကို

နာခံစေချင်တယ်။

မင်းငြင်းရင်လည်းကောင်းပါတယ်။

ငါ့လူတွေကို ငါခေါ်သွားမယ်။

ဒီလိုဖြစ်လာဖို့လည်း

မင်းမျှော်လင့်ထားမယ်လို့ ထင်ပါတယ်။

ငါသွားတဲ့အခါ မင်းရဲ့နည်းလမ်းတွေအတိုင်း

မင်းမြို့ကို မင်းစီမံခန့်ခွဲနိုင်မှာပါ”

ရှန်ချင်းယင်က
အသံတိုးတိုးလေးနဲ့ပြောလိုက်၏။ "ယန်ယွဲ့၊
နင်ဘာလုပ်ဖို့စီစဉ်နေတာလဲ"

ယန်ယွဲ့က တစ်ချက် ရယ်မောပြီး
"အချိန်သိပ်မကျန်တော့လို့ သိပ်အများကြီး
မရှင်းပြချင်ဘူး။ ငါပြောချင်တာက
ကြမ်းတမ်းတဲ့ အချိန်တွေမှာ ကြမ်းတမ်းတဲ့
နည်းလမ်းတွေ လိုအပ်တယ်။ ခွန်အားပြဖို့
တစ်စုံတစ်ယောက်လိုတယ်။
ကံမကောင်းစွာပဲ အဲဒီနေရာကို

ဟန်ဆောင်ဖို့ ဘယ်သူမှ
ရှေ့ထွက်မလာကြဘူး။ အခုတော့ စုကလန်
ရှိနေပြီ"

“မဟုတ်ဘူး! လုံးဝမဟုတ်ဘူး"
ရှန်ချင်းယင်က
ဒေါသတကြီးပြောလိုက်သည်။ "နင်
စုကလန်ကိုထိတာနဲ့
တိမ်ပင်လယ်မြို့တစ်ခုလုံး ကမောက်ကမ
ဖြစ်သွားမှာ သေချာတယ်။ ဒါ့အပြင်
စုကလန်နဲ့ ဆက်နွယ်နေတဲ့

အကယ်ဒမီရဲ့အဖွဲ့ဝင်တွေက နင့်ကို
လုပ်ခွင့်ပေးမှာမဟုတ်ဘူး။ အဲဒီအချိန်မှာ…"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး
"ဒီလိုဖြစ်တာဆိုရင် ဆရာမရှန် ကို
နှုတ်ဆက်ပါတယ်"

ဒီစကားပြောပြီးနောက် ယန်ယဲ့က
မြို့ရိုးအထက်ရှိတပ်ဖွဲ့ဝင်များကို ကြည့်ပြီး

"မင်းတို့အားလုံး ငါနဲ့အတူ မြို့ထဲက ထွက်သွားဖို့ ဆန္ဒရှိလား"

"ငါတို့လိုက်မယ်" အခြားတပ်ဖွဲ့များနှင့် ကျင့်ကြံသူအများအပြားက ချီတုံချတုံဖြစ်နေသော်လည်း ဟောင်ရှုအိုင်တို့အဖွဲ့၏အမူအရာကြောင့် ချက်ချင်းပြန်ဖြေကြသည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "တံခါးဖွင့်လိုက်။ မင်းတို့ငါနဲ့

ထွက်သွားချင်ရင် ငါတို့ ဒီကနေ
ထွက်သွားရအောင်"

ချပ်.....ချပ်.....ဝုန်း!

ယန်ယဲ့ပြောပြီးသည်နှင့် မြို့တံခါးများသည်
ဖြည်းညှင်းစွာပွင့်လာသည်။

“သတ်”

“ကောင်းပြီလေ” ရုတ်တရက်ဆိုသလိုပဲ
ရှန်ချင်းယင်က "ဒီအခိုက်အတန့်ကနေစပြီး
အကယ်ဒမီရဲ့ကျောင်းသားတွေနဲ့
တပ်ဖွဲ့ဝင်တွေအားလုံး နင့်အမိန့်ကို
နာခံကြလိမ့်မယ်။
နင်ကြိုက်သလိုလုပ်လို့ရတယ်"

ရှန်ချင်းယင်က ဒီစကားများကို
ပြောသောအခါ အကူအညီမဲ့သလို
ခံစားလိုက်ရသည်။
အကယ်ဒမီ၏တပ်ဖွဲ့အားလုံး

ယန်ယဲ့၏အမိန့်ကို နာခံလိုက်သည့်အခါ
မည်မျှထိ ရှုံးသွပ်သွားမည်ကို
သိနေသောကြောင့်ပါ။

သို့သော် သူမတွင်လည်း
ရွေးချယ်စရာမရှိပေ။ သူမ ငြင်းပယ်နေပါက
ယန်ယဲ့ဟာ သူ့လူများကို ခေါ် ပြီး
ထွက်သွားမည်မှာ သေချာပေသည်။

ယန်ယဲ့ ထွက်သွားပါက မည်သည်ကို
ဦးတည်နေမည်နည်း။

ယန်ယဲ့ မရှိဘဲ တိမ်ပင်လယ်မြို့ကို
ကာကွယ်ဖို့ မဖြစ်နိုင်ကြောင်းဟု
ဆိုလိုခြင်းမဟုတ်ပေ။ သို့သော်လည်း
ရှေးဟောင်းဓားကျောင်းတော်မှ
စေလွှတ်လိုက်သော တပ်ဖွဲ့များက
ယန်ယဲ့ကိုသာ အသိအမှတ်ပြု
လေးစားကြပါလိမ့်မည်။

ယန်ယဲ့သာမရှိပါက
ရှေးဟောင်းဓားကျောင်းတော်ဟာ

တိမ်ပင်လယ်အကယ်ဒမီကို
လာကူညီပါမည်လော။

ထို့အပြင် ယန်ယဲ့ဟာ ရှုးသွပ်နေသည့်တိုင်
သူ့ခွန်အားက သံသယမလိုအောင်ကို
ကြောက်စရာကောင်း၏။

ထို့ကြောင့် ယန်ယဲ့ရှိနေခြင်းက
နတ်ဆိုးဝံပုလွေစစ်တပ်ကို
ဟန့်တားနိုင်ရုံသာမကဘဲ မြို့ထဲမှ
အင်အားစုများကိုပါ
ထိန်းချုပ်ထားနိုင်လေသည်။

သူမအနေနှင့် ဝန်ခံချင်သည်ဖြစ်စေ
ဝန်မခံသည်ဖြစ်စေ ရှန့်ကွမ်းယုဟိုင် ကလွဲ၍
အကယ်ဒမီ၏လူငယ်မျိုးဆက်သစ်၌
မည်သူမျှ ယန်ယဲ့ကို မနိုင်းယှဉ်နိုင်ပေ။

ထို့အပြင် ယန်ယဲ့သည် မြို့တစ်ခုလုံးကို
မငြိမ်မသက်ဖြစ်စေသော်လည်း
ထွက်သွားဖို့က မဖြစ်နိုင်ပေ။ အကြောင်းမှာ
အပြင်စည်းခြံဝန်းတစ်ခုလုံးက သူ့ကို
အပြည့်အဝထောက်ခံနေသောကြောင့်ပင်
တည်း။

ယန်ယဲ့သာ ထွက်ခွာသွားလျှင်

အပြင်စည်းခြံဝန်းတစ်ခုလုံး သူ့နောက်ကို

လိုက်ပါသွားမည်မှာက

သေချာသလောက်ပါ။ ထိုသို့ဖြစ်လာပါက

တိမ်ပင်လယ်အကယ်ဒမီ၏အရေးပေါ်အ

ခြေအနေကို မည်သူက

ဦးဆောင်ဖြေရှင်းပါမည်နည်း။

ဒီအခြေအနေကို မည်သူမျှ

ဖြေရှင်းနိုင်မှာမဟုတ်ပေ။

၁၁၄၄

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၄၄ -

တစ်ယောက်မကျန်အကုန်သတ်

ရှန့်ကွမ်းယုဟိုင် တံခါးပိတ်ကျင့်ကြံရာကနေ ထွက်လာပါက ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော်လည်း ရှန့်ကွမ်းယုဟိုင် ရောက်လာလျှင်ပင် တိမ်ပင်လယ်မြို့ကို အာရုံစိုက်ဖို့ အချိန် သို့မဟုတ် အခွင့်အလမ်း

လုံးဝမရှိပေ။
ရွှေနတ်ဆိုးဝံပုလွေတောင်တန်း၏ပညာရှင်
များက ရှန့်ကွမ်းယုဟိုင်ကို လုပ်ကြံဖို့
ပညာရှင်များ သေချာပေါက်
စေလွှတ်ပါလိမ့်မည်။

ထို့ကြောင့် ယခုအချိန်တွင် ယန်ယဲ့ကို
လုံးဝထွက်သွားခွင့်ပြုလို့မရပေ။

မြို့ရိုးအထက်မှ ဓားစွမ်းအင်များ
ကျဆင်းလာပြီး မြို့ထဲသို့ဝင်ဖို့ရန်

ပြင်နေသည့် မရေမတွက်နိုင်သော နတ်ဆိုးဝံပုလွေများကို ၂ ပိုင်း ဖြတ်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏အမိန့်သံထွက်ပေါ်လာပြီးနောက် မြို့တံခါးများ ချက်ချင်းပြန်ပိတ်သွားသည်။

ယန်ယဲ့က ဓားစိတ်ဆန္ဒဓားတစ်ချောင်းကို ကိုင်ထားရင်း ရှန်ချင်းယင်အား လှည့်ကြည့်လိုက်ပြီး "သေချာလား" ဟု မေးသည်။

ရှန်ချင်းယင်က ခေါင်းညိတ်လိုက်၏

"ဟုတ်တယ်"

ယန်ယဲက ငါလုပ်မဲ့အရာက

မင်းမျှော်လင့်ထားတာထက်

ကျော်လွန်နိုင်တယ်။ဒါပေမဲ့ မင်းငါ့ဘက်မှာ

ရပ်တည်ဖို့ ငါမျှော်လင့်ပါတယ်၊ ဒါမှမဟုတ်

မင်းဘာမှမလုပ်လဲရတယ် ။

အဆင်ပြေလား"

"ကောင်းပြီလေ..."

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။ သူ စကားဆက်ပြောဖို့ ပြင်လိုက်စဉ်မှာပဲခပ်လှမ်းလှမ်းမှ လူတစ်စု ရုတ်တရက် ပေါ်လာသည်ကို သတိထားမိလိုက်၏။

အမှန်တော့ လူစုလူဝေးဟု ခေါ်သင့်သည်။အဖွဲ့ခေါင်းဆောင်သည် လက်ထဲတွင် ဓားရှည်တစ်ချောင်း ကိုင်ထားသည့်

သက်လတ်ပိုင်းအမျိုးသားတစ်ဦးဖြစ်သည်။ ၎င်း၏အသွင်အပြင်က နံရံတွင်ချိတ်ဆွဲခံထားရသည့် သက်လတ်ပိုင်းအဘိုးအိုနှင့် အတော်လေး ဆင်တူသည်။

သူ့နောက်တွင် အနက်ရောင်ချပ်ဝတ်တန်ဆာဝတ်ဆင်ထားသော တပ်သား (၃,၀၀၀) ရှိပြီး အရေအတွက် (၁၀၀,၀၀၀) နီးပါးရှိသော

လူအုပ်ကြီးသည်လည်း နောက်ကနေ လိုက်ပါလာကြသည်။

ထို့အပြင် လူအုပ်ထဲမှ လူအများစုသည် နတ်ဆိုးဝံပုလွေအလောင်းများကို သယ်လာကြပြီး ၎င်းတို့လက်ထဲ၌ နတ်ဆိုးဝံပုလွေအလောင်း ၁၀,၀၀၀ ကျော်ရှိသည်။
ထိုနတ်ဆိုးဝံပုလွေအလောင်းများက ယန်ယဲ့၏အမိန့်ဖြင့် မြို့ထဲသို့

ဝင်ခွင့်ပြုလိုက်သော
နတ်ဆိုးဝံပုလွေများဖြစ်သည်။

ရှန်ချင်းယင်က ယန်ယဲ့အနားကို
တိုးကပ်လာပြီး သတိပေးသည်။ "ဒါက
စုကလန်ရဲ့ဘိုးဘေး စုရှင်းယွန်
လို့ခေါ်တယ်"

ယန်ယဲ့က  သိုင်းကျောရာဇ်အဆင့်နဲ့
အထက်ဆင့်ပညာရှင်တွေ၊ စစ်တပ်က

ပညာရှင်တွေအားလုံးကို ဒီကိုလာဖို့
အမိန့်ပေးလိုက်ပါ

ရှန်ချင်းယင်က ကြောင်အသွားသည်။
သူမက "ဒါဆို မြို့ကို ဘယ်လိုလုပ်မလဲ"

ယန်ယဲ့က "အဆင်ပြေပါတယ်။
နတ်ဆိုးဝံပုလွေစစ်တပ်က
မြို့အကာအကွယ်ဝင်္ကပါကို တော်တော်နဲ့
ချိုးဖျက်နိုင်ဦးမှာမဟုတ်ဘူး"

ရှန်ချင်းယင်က ယန်ယဲ့ကို
တစ်ချက်စိုက်ကြည့်ပြီးနောက်
သူမ၏လက်ကိုဝှေ့ယမ်းကာ
အာကာသဟင်းလင်းပြင်ထဲသို့
စွမ်းအင်လှိုင်းများ ပစ်လွှတ်လိုက်သည်။

အချိန်အနည်းငယ်ကြာပြီးနောက်တွင်တော့
မြို့တံခါး (၄) ခုလုံးကို စောင့်ကြပ်နေသည့်
သိုင်းကောရာဇ်အဆင့် နှင့်
အထက်ဆင့်ပညာရှင်များအားလုံး

တစ်စုတစ်စည်းတည်း
ရောက်ရှိလာခဲ့ကြလေသည်။

ယန်ယဲ့လည်း ရောက်လာသူတိုင်းကို
ကြည့်လိုက်ရာ သိုင်းကေရာဇ် အယောက်
(၅၀,၀၀၀) ကျော်ရှိကြောင်း
သတိပြုမိသောပြီး အံ့အားသင့်သွားသည်။
ထို့အပြင် သူတော်စင်တစ်ပိုင်းအဆင့် ၁၀၀
ဝန်းကျင်ရှိပြီး
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
တစ်ဒါဇင်ကျော်ပင် ရှိနေသေးသည်။

သို့သော်လည်း တိမ်ပင်လယ်အကယ်ဒမီက
ပလက်တီနမ်အဆင့်ဂိုဏ်းတစ်ခုဖြစ်ရာ
ထိုမျှလောက်သောအင်အားက
အဓိပ်ပါယ်ရှိပသေည်။ ထောင်ချီသော
သိုင်းကျောင်းများပင် မရှိပါက ၎င်းကို
ပလက်တီနမ်အဆင့်ဂိုဏ်း ဟု
ယူဆနိုင်ပါမည်လော။
ထို့အပြင် လက်ရှိရောက်နေသူများက
တိမ်ပင်လယ်အကယ်ဒမီ၏
အင်အားစုအားလုံးမဟုတ်ပေ။ကျန်အရာ

များကိုအသာထား၊ သိုင်းသူတော်စင် ၇ ပါးကပင် အရာအားလုံးကို သက်သေပြနေသည်လေ။

တိမ်ပင်လယ်မြို့တော်က တိမ်ပင်လယ်အကယ်ဒမီအတွက် အခြေခံအုတ်မြစ်တစ်ဝက်အဖြစ် ယူဆနိုင်သော်လည်း ၎င်းက အကယ်ဒမီ၏ စစ်မှန်သော အဓိကအခြေခံမဟုတ်ပေ။ထို့ကြောင့် မြို့ကို

ကာကွယ်ဖို့ ရည်ရွယ်ထားလျှင်ပင်
အဆုံးအစွန်ထိကာကွယ်မှာမဟုတ်ပါ။

ဒီအရာများက ယန်ယဲ့ တွေးတောနေသည့်
အတွေးများပင်ဖြစ်သည်။ သူ့ရှေ့မှ
ပညာရှင်များနှင့်
လျှို့ဝှက်ခြံဝန်း၏ကျောင်းသားများ ပင်လျှင်
တိမ်ပင်လယ်အကယ်ဒမီ၏
စစ်မှန်သောအင်အားမဟုတ်သေးပေ။

ဒီအချိန်ကစပြီး ကျောင်းသားတွေနဲ့
အကြီးအကဲတွေ၊ တာဝန်ခံတွေ နဲ့
မြို့သူမြို့သားတိုင်းက နည်းပြဆရာရဲ ရဲ့
အမိန့်ကို နာခံရမယ်။ဒီအမိန့်ကို
ဘယ်သူမှငြင်းဆန်လို့မရဘူး"
ရှန်ချင်းယင်၏အသံက ရုတ်တရက်
ထွက်ပေါ်လာခဲ့သည်။

လူတိုင်းက မျက်လုံးထဲတွင်
အံ့သြတုန်လှုပ်မှုများ
ထွက်ပေါ်လာသော်လည်း

တိမ်ပင်လယ်အကယ်ဒမီ၏ပညာရှင်များက
တော့ အဆုံးတွင် ခေါင်းညိတ်ကြသည်။

ယန်ယွဲ့သည် ရှန်ချင်းယင်ကို
တစ်ချက်ကြည့်လိုက်သည်။သူ့စိတ်ထဲ၌
ရှန်ချင်းယင်၏အဆင့်အတန်းကိုအတော်
လေး သိချင်နေခဲ့သည်။အမှန်တော့
ရှန်ချင်းယင်သာ
သာမန်အတွင်းစည်းနည်းပြဆရာတစ်ယော
က်ဖြစ်နေပါက မည်သူမျှ
သူမ၏အမိန့်ကိုနာခံမှာမဟုတ်ပေ။အဘယ်

ကြောင့်ဆိုသော် ၎င်းတို့ထဲမှ
အများအပြားသည် ရှန်ချင်းယင်
နှင့်အဆင့်တူသော်လည်း
အဆင့်မြင့်အာဏာပိုင်များ
ဖြစ်နေသောကြောင့်ပင်။ ထို့အပြင်
အများအပြားက ရှန်ချင်းယင် ထက်ပင်
ပိုအစွမ်းထက်နေသေး၏။

ထိုအချိန်မှာပဲ စုရှင်းယွန် နှင့်
စုကလန်၏တပ်ဖွဲ့များ မြို့ရိုးရှေ့သို့
ရောက်လာသောကြောင့် ယန်ယွဲ့လည်း

တွေးလက်စအတွေးများကို
ရပ်တန့်လိုက်ရသည်။

စုရှင်းယွန်က
နံရံအထက်၌ချိတ်ဆွဲခံထားရသည့်
သက်လတ်ပိုင်းအဘိုးအိုကို
တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်
သူ့အကြည့်များက ယန်ယဲ့ ပေါ်ကို
ဆင်းသက်လာပြီး "မင်းက အကယ်ဒမီရဲ့
နည်းပြဆရာအသစ် ရဲယန်
ဖြစ်မယ်ထင်တယ်။အရမ်းကောင်းတယ်၊

လူငယ်နည်းပြဆရာက
တကယ်တော်တယ်"

ယန်ယဲ့က ဂရုမစိုက်ဟန်ဖြင့်
ခေါင်းညိတ်ကာ "မင်း ငါ့ကို
ချက်ချင်းတိုက်ခိုက်ဖို့ ငါမျှော်လင့်ပါတယ်"

"ငါက ဘယ်လိုလုပ် သတ္တိရှိနိုင်မှာလဲ"
စုရှင်းယွန်က တဟားဟားရယ်ရင်း
"နည်းပြဆရာရဲ့ယန်က
နတ်ဆိုးဝံပုလွေပေါင်း ထောင်နဲ့ချီကို

တစ်ယောက်တည်းသတ်ခဲ့တဲ့အပြင်
လှျို့ဝှက်ခြံဝန်းတစ်ခုလုံးကိုတောင်
ဖယ်ရှားပစ်လိုက်တယ်။ စီရင်စုရဲ့
မဟာထိပ်သီးပါရမီရှင် ၅ ယောက်ကလွဲရင်
ဘယ်သူမှ မင်းရဲ့ခွန်အားကို မယှဉ်နိုင်မှာ
ငါစိုးရိမ်မိတယ်။

ငါက သဘာဝအားဖြင့်တော့
ခွန်အားတချို့ကို ပိုင်ဆိုင်ထားပေမယ်လို့
မင်းဆီက
တိုက်ခိုက်မှုနည်းနည်းလေးကိုတောင်

ခုခံနိုင်ဖို့ မသေချာဘူး။ ငါ့ဦးလေး
ဒါမှမဟုတ် ငါ့ရဲ့အသုံးမကျတဲ့
ညီလေးအတွက် လက်စားချေဖို့ ဒီနေ့ ဒီကို
လာခဲ့တာမဟုတ်ဘူး။နတ်ဆိုးဝံပုလွေတွေရဲ့
သတ်ဖြတ်တာကို ခံခဲ့ရသူတွေအတွက်
တရားမျှတမှုကို ရှာဖွေဖို့ ဒီနေ့
ဒီကိုလာခဲ့တာပဲ"

"တရားမျှတမှုရှာဖို့
မင်းဒီကိုရောက်လာတာလား" ယန်ယွဲ့က
အနည်းငယ် အံ့အားသင့်သွားပြီးနောက်

သူ့မျက်နှာတွင်
ထူးဆန်းသောအပြုံးတစ်ခုပေါ်လာသည်
" မင်းဘာပြောမှာလဲ
ငါအရမ်းသိချင်တယ်။ဆက်ပြော..."

စုရှင်းယွန်၏မျက်နှာသည် ချက်ချင်းပင်
သုန်မှုန်သွားကာ "ရဲယန်၊
မင်းမြို့တံခါးဖွင့်ခိုင်းလို့ မိဘတွေ
ဆုံးရှုံးသွားတဲ့ ကလေးတွေ
ဘယ်လောက်ရှိလဲ
မင်းသိလား။သားသမီးတွေ ဆုံးရှုံးခဲ့ရတဲ့

မိဘတွေ ဘယ်လောက်များလဲ

သိလား။ဇနီးဘယ်နှစ်ယောက်

ခင်ပွန်းဆုံးသွားလဲ သိလား ဒါမှမဟုတ်

လင်မယားတွေ ဘယ်လောက်များများ

ဆုံးရှုံးသွားတာ မင်းသိလား"

ဤအချက်ကို ပြောသောအခါ စုရှင်းယွန်က

ယန်ယဲ့ကို လက်ညှိုးထိုးပြီး "မင်းကြောင့်

မိသားစုတွေ

ဘယ်လောက်ပျက်စီးသွားတယ်ဆိုတာ

မင်းသိလား"

ယန်ယဲ့က ပုခုံးတွန့်လိုက်ပြီး "ငါလည်း ဒီလိုမဖြစ်စေချင်ဘူး။ နတ်ဆိုးဝံပုလွေစစ်တပ်က မြို့ကိုတိုက်ခိုက်လာပေမဲ့ မင်းတို့အားလုံးက မြို့ကို လာကာကွယ်ဖို့ ငြင်းဆန်ကြတယ်။ ငါတို့အင်အားက မြို့ကို ကာကွယ်နိုင်စွမ်းမရှိတော့ နတ်ဆိုးဝံပုလွေစစ်တပ်ကို လွှတ်ပေးဖို့ကလွဲလို့ ရွေးချယ်စရာမရှိတော့ဘူးလေ။

ရိုးရိုးသားသားပြောရရင်
မင်းရဲ့ခံစားချက်တွေကို
ငါတကယ်နားလည်ပါတယ်။ ဒါပေမဲ့ ငါက
မင်းတို့ရဲ့ချစ်ရသူတွေကိုသတ်ခဲ့တာမဟုတ်
ဘူးလေ။ ရွှေနတ်ဆိုးဝံပုလွေတောင်တန်းက
နတ်ဆိုးဝံပုလွေတွေက သတ်ခဲ့တာ။
မင်းသူတို့အတွက် တရားမျှတမှုကို ရှာဖို့
ကြံထားတယ်ဆိုရင်
အဲဒီနတ်ဆိုးဝံပုလွေတွေကို
သွားရှာသင့်တယ်။သူတို့က
တံခါးအပြင်ဖက်မှာရှိတယ်။

မင်းတို့အားလုံးအတွက်
တံခါးဖွင့်ပေးစေချင်လား"

စုရှင်းယွန်က
"ရွှေနတ်ဆိုးဝံပုလွေတောင်တန်းက
သဘာဝအတိုင်း သေသင့်တာမှန်တယ်၊
ဒါပေမဲ့ မင်းဘာလို့ သူတို့ကို မြို့ထဲကို
လွှတ်လိုက်တာလဲ"

ယန်ယဲ့က "နတ်ဆိုးဝံပုလွေစစ်တပ်ရဲ့
အင်အားကို မင်းမမြင်ဘူးလား။ ငါတို့ထက်

အများကြီးသာနေတယ်။ ငါတို့မှာ
အင်အားက နည်းနည်းပဲရှိတယ်လေ။
ဒီတော့
ငါတို့ မတားနိုင်ခဲ့ဘူး"

"မင်းတို့အားလုံး ဘာလို့မတားနိုင်ရတာလဲ"
စုရှင်းယွန်က ဒေါသတကြီးဖြင့်
ထိုစကားများကို အော်ဟစ် ပြောပြီးနောက်
သူ့အမူအရာက အနည်းငယ်
ပြောင်းလဲသွားသည်။ သူ့စကားက

တစ်ခုခုများနေမှန်း
သတိထားမိလိုက်သောကြောင့်ပင်။

အသေချာအပင်၊
အကယ်ဒမီ၏အဆင့်မြင့်ပညာရှင်များနှင့်
ကျောင်းသူကျောင်းသားများအားလုံး
စုရှင်းယွန်၏စကားကို ကြားလိုက်သည့်အခါ
မျက်နှာများ မှုန်ကုပ်ကုပ်ဖြစ်သွားကြသည်။
တစ်ချိန်တည်းမှာပင်
သူတို့၏ဒေါသအကြည့်များဟာ စုရှင်းယွန်
ထံ စုပြုံကျရောက်လာတော့သည်။

ရှန်ချင်းယင် ပင်လျှင် မျက်နှာတစ်ခုလုံး မှုန်မှိုင်းသွားခဲ့လေသည်။

စုရှင်းယွန်က အခြေအနေကို ပြန်ပြောင်းချင်သော်လည်း ယန်ယဲ့က သူ့လက်ကို ဝှေ့ယမ်းပြီး " မင်း သောက်အချိန်လာမပြုန်းနဲ့။ ငါ့မှာ ဒီလိုအမှိုက်စကားတွေ အတွက် အချိန်မရှိဘူး"

ထိုစကားပြောလိုက်ရင်း ယန်ယဲ့က စုရှင်းယွန်၏ နောက်ကွယ်မှ လူအုပ်ကို လက်ညှိုးထိုးပြီး "ငါ့ရဲ့အကြီးမားဆုံး ချို့ယွင်းချက်က ပျော့ညံ့လွန်းတာကြောင့် အားလုံးကို အခွင့်အရေးမပေးဘူးလို့ မပြောပါနဲ့။ မင်းတို့ရဲ့အကျင့်စရိုက်တွေကို ပြောင်းလဲဖို့ ဆန္ဒရှိတယ်ဆိုရင် ငါဘာမှမဖြစ်ဘူးလို့သဘောထားလိုက်မယ်။ အခု မင်းတို့လက်မငှားရင် ခဏနေလို့ တောင်းဆိုလာရင်တောင် မင်းတို့မှာ အခွင့်အရေးရှိမှာ မဟုတ်ဘူး"

"ရဲယန်၊ မင်း ငါတို့အားလုံးကိုသတ်ပစ်ဖို့ ရည်ရွယ်ထားတယ်လို့ ငါ့ကို မပြောဘူးလား" စုရှင်းယွန်က အေးစက်စွာ ရယ်မောလိုက်သည်။ "မင်းရဲ့အစွမ်းက ကောင်းကင်ကို တကယ် အံတုနေတာ ငါ ဝန်ခံပါတယ်၊ ဒါပေမဲ့ ဘာလဲ။ ငါ့ရဲ့ စုကလန်က အမိန့်ပေးလိုက်တာနဲ့ မြို့ထဲက အနည်းဆုံး လူ ၁ သန်းလောက်ကို ချက်ချင်း စုစည်းနိုင်တယ်။

မင်းဒီလောက်အများကြီးကို
သတ်လို့ရမလား"

"မှန်တယ်! ရဲယန်၊ မင်း ဘယ်လောက်ပဲ
သန်မာနေပါစေ ငါတို့
တော်တော်များများကို
မင်းသတ်နိုင်ပါ့မလား။ တတ်နိုင်ရင်တောင်
လုပ်ဝံ့မှာလား"

"ရဲယန်၊ မင်းဟာ မြို့ထဲကို
နတ်ဆိုးဝံပုလွေတွေ ဝင်ခွင့်ပေးပြီး

မြို့သူမြို့သားတွေကို သတ်ပစ်ဖို့
မင်းထင်သလို လုပ်ခဲ့တယ်။
ဒီလိုလုပ်ရပ်တွေဟာ မြို့ကို
သစ္စာဖောက်တာနဲ့ အတူတူပဲ။ မင်းကြောင့်
မြို့ထဲမှာ လူဘယ်နှစ်ယောက်သေသွားလဲ
ကြည့်စမ်း။ မင်းမှာ နှလုံးသားရှိတယ်ဆိုရင်
မင်းရဲ့အပြစ်တွေကို ဖြေဖျောက်ဖို့
ကိုယ့်ကိုယ်ကို သတ်သေသင့်တယ်"

"ရဲယန်၊ ကိုယ့်ကိုယ်ကိုသတ်သေပါ"

"ရဲယန်၊ ကိုယ့်ကိုယ်ကို သတ်သေလိုက်စမ်း...."

၁၁၄၅

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၄၅ - ရောက်လာကြပြီ

စုရှင်းယွန်၏နောက်ကွယ်မှ လူအုပ်ကြီးက
တညီတညွတ်တည်း
အော်ဟစ်လိုက်ကြသည်။

"သူတို့ကိုသတ်!ဘယ်သူ့ကိုမှ မနှမြောပါနဲ့"
ယန်ယဲ့က
 ရုတ်တရက်ပြောလိုက်သည်။

ဒီစကားကို ကြားလိုက်ချိန်တွင်
စုရှင်းယွန်အပါအဝင်

ဤနေရာရှိ လူတိုင်း အနည်းငယ်
အံ့သြသွားကြသည်။ဒီအချိန်မှာ
သူတို့၏နားများက
ကောင်းကောင်းအလုပ်မလုပ်သလို
ခံစားရသည်။

ယန်ယဲ့က
တိမ်ပင်လယ်အကယ်ဒမီ၏တပ်ဖွဲ့များကို
အေးစက်စွာ ကြည့်လိုက်သည်။ "သူတို့ကို
သတ်ဖို့ ငါအမိန့်ပေးထားတယ်။
မင်းတို့အားလုံး နားမကြားဘူးလား

ဒီတစ်ခါတော့ အားလုံးက သူ့အသံကို
ရှင်းရှင်းလင်းလင်း ကြားလိုက်ရသည်။

ဟောင်ရှုအိုင် နှင့်
အပြင်စည်းကျောင်းသားများကတော့
တွန့်ဆုတ်မနေဘဲ
လက်နက်ကိုယ်စီထုတ်ကာ
တိုက်ခိုက်လိုက်ကြတော့သည်။

ကျန် အဖွဲ့များကမူ ရှန်ချင်းယင်ကို စိုက်ကြည့်နေကြသည်။

ရှန်ချင်းယင်ဟာ သူမ၏ လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး တုန်တုန်ယင်ယင် ဖြစ်နေသည်။

ခဏကြာအောင် တိတ်ဆိတ်နေပြီးနောက် ရုတ်တရက် ဒေါသတကြီး အော်ဟစ်လိုက်လေသည် "သတ်ပစ်.... ဘယ်သူ့ကိုမှ ချန်ထားနဲ့...."

"သတ်ကြ...." ဒီအချိန်မှာတော့ မည်သူမျှ တွန့်ဆုတ်မနေတော့ဘဲ စုရှင်းယွန်နှင့် လူအုပ် ထံသို့ ခုန်ဝင်လိုက်ကြသည်။

"မင်း...မင်းတို့အားလုံး။ ရဲယန်....... မင်း ရူးနေလား" စုရှင်းယွန်က ထိတ်လန့်သွားသည်။ ယန်ယဲ့က သူတို့ကို အမှန်တကယ်သတ်ပစ်လိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။

နောက်ဆုံးတွင် သူ့နောက်မှာ ရပ်နေသော အရေအတွက်က လူပေါင်း (၁၀၀,၀၀၀) ကျော်ရှိပြီး နောက်ထပ် လူများပင် ဆင့်ခေါ် နိုင်သေး၏။ အထူးသဖြင့် တိမ်ပင်လယ်အကယ်ဒမီ၏ အဆင့်မြင့်အာဏာပိုင်များ မရှိချိန်တွင် အကယ်ဒမီက စုကလန်ကို ထိပ့်မည်မဟုတ်ဟု ထင်ထားခဲ့သည်။

သို့သော်လည်း လက်တွေ့မှာတော့ သူအထင်ကမှားသွားပြီဖြစ်သည်။

စုကလန်၏အင်အားက မဆိုးလှပေ၊
စုကလန်က ပညာရှင်အရေအတွက်နှင့်
အဆင့်မြင့်ပညာရှင်များစွာပင်
ပိုင်ဆိုင်ထား၏။ သို့သော်
တိမ်ပင်လယ်အကယ်ဒမီ၏
ပညာရှင်များနှင့် နှိုင်းယှဉ်လို့မရပေ။

ထို့ကြောင့် ဒီအချိန်မှာတော့
တစ်ဖက်သက်ဆန်စွာပဲ

အစုလိုက်အပြုံလိုက်
သတ်ဖြတ်ခံရတော့သည်။

ယန်ယဲ့ဖက်တွင်ကား စုရှင်းယွန် ကဲ့သို့
အင်အားအများကြီးမဟုတ်ပေ။
သို့သော်လည်း ပညာရှင်များ၏ခွန်အားက
စုကလန်ထက်သာလွန်သည်။

အထူးသဖြင့် ယန်ယဲ့တစ်ယောက်တည်းက
စုရှင်းယွန် နှင့် အဆင့်မြင့်ပညာရှင်များကို
ဖိနှိပ်ထားသည့်အခါ...

ထို့အတွက် စပြီးတိုက်ခိုက်လိုက်သည်နှင့် တစ်ဖက်သက်ဆန်သော သတ်ဖြတ်ပွဲသာဖြစ်ခဲ့သည်။

"ဆရာမရှန်၊ ငါ....ငါ့ရဲ့စုကလန်က အကယ်ဒမီရဲ့သစ္စာရှိအဖွဲ့ဝင်လေ။ ဒီလိုလုပ်ရပ်တွေက လူတိုင်းကို စိတ်ပျက်စေမှာကို မကြောက်ဘူးလား" စုရှင်းယွန်က လူအုပ်ကြားထဲမှ အော်ဟစ်လိုက်သည်။

သို့သော်လည်း ဒီအချိန်မှာ ရှန်ချင်းယင်က မျက်လုံးများကိုသာ မှိတ်ထားပြီး သူ့ကို ဂရုမစိုက်ခဲ့ပေ။

"ငါတို့လက်မြောက်!ငါတို့လက်မြောက်!ငါတို့အရှုံးပေး...."

"ဆရာမရှန်၊ ငါတို့ လက်နက်ချဖို့ ဆန္ဒရှိတယ်။ငါတို့ လက်နက်ချဖို့

ဆန္ဒရှိတယ်။ ကျေးဇူးပြုပြီး ငါတို့ကို သနားပါ"

"ငါ တကယ်လက်မြှောက်ဖို့ ဆန္ဒရှိတယ်!ငါ့ကိုမသတ်ပါနဲ့။ အား...."

မရေမတွက်နိုင်သောလူများက လက်နက်ချဖို့ အော်ဟစ်နေသော်လည်း တိမ်ပင်လယ်အကယ်ဒမီ၏ပညာရှင်များက မရပ်သေးပေ။ ဆက်၍သတ်ဖြတ်နေဆဲပင်။

"ဆရာမရှန်၊ ငါ့ရဲ့စုကလန်က မြို့ကို အစွမ်းကုန်ကာကွယ်ဖို့ ဆန္ဒရှိတယ်"ရုတ်တရက် အသံတစ်ခု ထွက်ပေါ်လာသည်။

ရှန်ချင်းယင်က မျက်လုံးများကိုဖွင့်ကာ သူမ၏လက်ကို ဝှေ့ယမ်းလိုက်ပြီး အကယ်ဒမီမှပညာရှင်များကို ချက်ချင်း ရပ်တန့်စေလိုက်သည်။ အကြောင်းမှာ

စကားအော်ပြောလိုက်သူက စုရှင်းယွန်
ဖြစ်နေလို့ပါ။

ရှန်ချင်းယင်က ယန်ယဲ့ကို
လှည့်ကြည့်သည်။

အောင်း!

ဓားစွမ်းအင်အလင်းတန်းတစ်ခု
လင်းလက်လာပြီး ရာချီသော

ခေါင်းပြတ်များ လေထဲသို့
ပျံတက်သွားသည်။

ယန်ယွဲ့က တိမ်ပင်လယ်အကယ်ဒမီ၏
ပညာရှင်များကို တစ်ချက်ကြည့်လိုက်ပြီး
"မင်းတို့အားလုံးကို ဘယ်သူ့ကိုမှ မနှမြောဖို့
ငါပြောခဲ့တယ်"

ရှန်ချင်းယင်က
အနည်းငယ်တုန်လှုပ်သောအသံဖြင့် "သူတို့
လက်နက်ချပြီးပြီလေ..."

ယန်ယဲ့က သူမရှေ့တွင်
ရုတ်တရက်ပေါ်လာပြီး
အလင်းရောင်တစ်ချက်လက်သွားကာ
ရှန်ချင်းယင်၏နဖူးကနေ
သွေးများစီးကျလာခဲ့သည်။
သူမ၏လှပသောမျက်နှာလေးက
ချက်ချင်းပင် သွေးများနီရဲသွားတော့သည်။

"၁ ကနေ ၁၀ အထိရေမယ်။
သူတို့မသေသေးရင် အဲဒီအစား

မင်းတို့သေရမယ်" ယန်ယဲ့ထံမှ
ငရဲနတ်ဆိုးအလား အေးခဲနေသော အသံ
ထွက်ပေါ်လာသည်။

တိမ်ပင်လယ်အကယ်ဒမီ၏
ပညာရှင်များသည် ဒီမြင်ကွင်းကြောင့်
အံ့အားသင့်သွားကြသည်။
အပြင်စည်းကျောင်းသားများ ပင်လျှင်
ယန်ယဲ့ကို ဒေါသတကြီး
စိုက်ကြည့်နေကြသည်။

စုရှင်းယွန် နှင့်

စုကလန်၏လူများသည်လည်း

အတော်လေးကို အံ့သြသွားကြသည်။

ထို့အပြင် တုန်လှုပ်နေရာကနေ

သတိပြန်ဝင်လာပြီး

သူတို့၏နှလုံးသားထဲကနေ ထိတ်လန့်မှုများ

ချက်ချင်းပေါ်လာသည်။

"အပြင်စည်းခြံဝန်းရဲ့နည်းပြဆရာက

ဘယ်လိုနတ်ဆိုးမျိုးလဲ..."

ထိုအခိုက် အကယ်ဒမီ၏ အကြီးအကဲ
တစ်ယောက်က “ရဲယန်၊
မင်းဘယ်လိုသတ္တိရှိလဲ! သူမ
ဘယ်သူလဲသိလား၊ မင်းသူမကိုထိဝံ့ရင်
မင်းသေမှာသေချာတယ်"

"ဇ...." ယန်ယဲ့ကတော့ ထိုအဘိုးအိုကို
ဂရုမစိုက်ဘဲ သူပြောသည့်အတိုင်း
စတင်ရေတွက်လိုက်တော့သည်။

"ရဲယန်၊ မင်းသဘောပေါက်လား..."

ယန်ယဲ့၏အသံက “ဂ...."

အဘိုးအိုက ဒေါသတကြီး ဖြစ်သွားသည်။
သူက တစ်ခုခုပြောဖို့
ရည်ရွယ်လိုက်သော်လည်း ဘေးနားရှိ
အဘိုးအိုတစ်ယောက်က သူ့လက်မောင်းကို
ချက်ချင်း ဆုပ်ကိုင်လိုက်ပြီး ယန်ယဲ့ကို
စိုက်ကြည့်နေသော  အကယ်ဒမီ၏
ပညာရှင်များကို တစ်ချက်ကြည့်လိုက်ပြီး
“သူပြောတဲ့အတိုင်း လုပ်ပါ။

သူတို့ကိုသတ်လိုက်။ဘယ်သူ့ကိုမှ
မနေ့ပြောပါနဲ့" သူက ယန်ယဲ့အကြောင်းကို
ကောင်းကောင်းမသိသော်လည်း ၎င်းက
ပြောသည့်အတိုင်း
လုပ်တတ်သူဖြစ်ကြောင်း
သေချာပေါက်သိနေပေသည်။

လျှို့ဝှက်ခြံဝန်းတစ်ခုလုံးကိုပင်
သတ်ဖြတ်ရဲသည်ဖြစ်ရာ ယန်ယဲ့
မလုပ်ရဲသောအရာ ရှိပါမည်လော။

"မင်း! ရဲယန်၊ မင်း....မင်း ဘယ်လောက်
ရက်စက်လိုက်တာ။ ငါ…."
စုရှင်းယွန်၏ဒေါသသံက အဆက်မပြတ်
ပဲ့တင်ထပ်နေသည်။

တစ်ချိန်တည်းမှာပင် အဝေးကနေ
လူအုပ်ကြီး ပြေးလာကြသည်။ စုရှင်းယွန်
နှင့် အခြားသူများသည် ထိုလူများကို
သတိပြုမိပြီး ဝမ်းသာသွားကြသည်။
အကြောင်းမှာ ထိုလူအုပ်က

သူတို့အကြောင်းကြားထားသည့်
အင်အားစုများ ဖြစ်နေလို့ပါ။

“အကယ်ဒမီက သစ္စာဖောက်တွေကို
ချေမှုန်းနေတယ်။
မသေချင်ရင် ဝေးဝေးမှာနေကြစမ်း...”
တိမ်ပင်လယ်အကယ်ဒမီ၏
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်က
လျင်မြန်စွာပြေးလာနေသော လူအုပ်ကို
အေးစက်စွာ ကြည့်လိုက်သည်။
အဘိုးအို၏စကားကိုကို

ကြားလိုက်သောအခါ လူတိုင်း ချက်ချင်းပင် ရပ်တန့်သွားကြသည်။

စုကလန်က တိမ်ပင်လယ်မြို့၏ အင်အားကြီးကလန်ဖြစ်ရာ မည်သူမှ မစော်ကားဝံ့ပေ။ သို့သော်လည်း သူတို့က တိမ်ပင်လယ်အကယ်ဒမီကို ပိုကြောက်ပေသည်။

စုကလန်က ရွှေအဆင့်ဂိုဏ်းသာဖြစ်ပြီး တစ်ဖက်ကတော့ ပလက်တီနမ်အဆင့်ဂိုဏ်းကြီးတစ်ခုဖြစ်သ

ည်။ ရွှေအဆင့်ဂိုဏ်း နှင့်
ပလက်တီနမ်အဆင့်ဂိုဏ်း ကြားတွင်
ပဋိပက္ခဖြစ်လာပါက မည်သည့်ဖက်၌
ရပ်တည်ရမည်ကို အရှူးတစ်ယောက်ပင်
သိနိုင်လေသည်။

ဤနေရာကို ရောက်လာသည့် လူတိုင်းက
ကီလိုမီတာ
 ၁၀၀ ကျော်ထိ ပြန်ဆုတ်သွားကာ
နေရာမှာပဲ ရပ်နေလိုက်ကြသည်။ သူတို့က
မတတ်နိုင်ဘဲ စုရှင်းယွန် နှင့်သူ့လူများ

အသတ်ခံနေရသည့် မြင်ကွင်းကိုသာ
ကြည့်နေခဲ့သည်။

၁၀ မိနစ်ဟူသောအချိန်က
သိပ်မကြာလိုက်ပေ။

မြို့ရိုးအောက် မြေပြင်တွင် လူပေါင်း
(၁၀၀,၀၀၀)ကျော် ၏ အလောင်းများ
အစုအပုံလိုက် ချထားကာ
သွေးစီးကြောင်းများက
နေရာအနှံ့စီးထွက်နေခဲ့သည်။ လုံးဝကို

ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ အနိဋ္ဌာရုံမြင်ကွင်းတစ်ခုပင်ဖြစ်သည်။

"အခု ကျေနပ်ပြီလား" ရှန်ချင်းယင်က ရုတ်တရက်ပြောလိုက်သည်။ "လူတွေအများကြီးသတ်ပြီးတော့ နင်ကျေနပ်သွားပြီလား"

ယန်ယဲ့က သူမကို ဂရုမစိုက်ပေ။ သူက စုရှင်းယွန် ဆီသို့ လျှောက်သွားလိုက်သည်။ ဓားစိတ်ဆန္ဒဓားတစ်ချောင်းကို ဖန်တီးကာ

စုရှင်းယွန်ဧ၏ခန္ဓာကိုယ်ကို မြို့နံရံနှင့် ကပ်ရိုက်ထားလိုက်လေသည်။

ထို့နောက် ယန်ယွဲ့က မြို့ရိုးပေါ်သို့ ပြန်ပြီးခုန်တက်လာကာ "ဟောင်ရှူအိုင်၊ မြို့တံခါးတွေဖွင့်ပြီး နတ်ဆိုးဝံပုလွေနည်းနည်းလောက် ဝင်ခိုင်းလိုက်။ ဝူရွှမ်၊ အသက်ရှင်ချင်တဲ့လူတွေက မြို့ကိုကာကွယ်ရမယ်လို့ တစ်မြို့လုံးကို အကြောင်းကြားပါ။

တိမ်ပင်လယ်အကယ်ဒမီက

မြို့ကိုကာကွယ်ဖို့ရောက်လာတဲ့ဘယ်သူမဆို

သေရင်အတူသေမယ်၊

အသက်ရှင်ရင်လည်းအတူတူပဲ။ လာဖို့

ငြင်းတဲ့သူတွေ အတွက်တော့ သူတို့ရဲ့

ကံကြမ္မာက ငါတို့အတွက် ဘာမှ

အရေးမကြီးပါဘူး။ တကယ်လို့

တစ်စုံတစ်ယောက်က

ပြဿနာဖြစ်အောင်လုပ်ရင် စုကလန်က

အကောင်းဆုံးဥပမာပဲ"

ယန်ယဲ့က ရုတ်တရက် ဆက်ပြောလိုက်သည် "စုကလန်ရဲ့ဘိုးဘေးကို အသက်ရှင်လျက်ထားလိုက်ဦး"

ဒီအချိန်မှာ ယန်ယဲ့၏အမိန့်ကို ဘယ်သူမှ မငြင်းဝံ့ကြပေ။

အချိန်အနည်းငယ်ကြာပြီးနောက်တွင် မြို့တံခါးများဖွင့်ကာ နတ်ဆိုးဝံပုလွေ (၅၀၀၀) ကျော်ကို မြို့ထဲသို့ လွှတ်ပေးခဲ့သည်။

တစ်ချိန်တည်းမှာပင်
ယုဝူရှမ်၏ကြိုးစားမှုဖြင့် ယန်ယဲ့
ထုတ်ပြန်ခဲ့သော သတင်းစကားက
တိမ်ပင်လယ်မြို့တစ်ခုလုံး
ပြန့်နှံ့သွားခဲ့သည်။

ဒီအချိန်တွင် မြို့ရိုးပေါ် ရှိ လေထုသည်
တင်းမာနေသည်။

ပေါင်ရှုအိုင်နှင့် အခြားသူများအပြင်
အကယ်ဒမီမှ ပညာရှင်များအားလုံး
ယန်ယဲ့ကို ရန်လိုသောအကြည့်များဖြင့်
ကြည့်နေကြသည်။ အချို့မှာ
သတ်ဖြတ်လိုစိတ်များပင်
ထုတ်လွှတ်နေကြ၏။

ယန်ယဲ့၏အမိန့်သံ
ထွက်ပေါ်လာသည့်နောက်
ရှန်ချင်းယင်က တွန့်ဆုတ်မနေဘဲ
ချက်ချင်းလှုပ်ရှားလိုက်ပါသည်။

ယန်ယဲ့၏လုပ်ရပ်များက သူတို့ကို
အမှန်တကယ် ဒေါသထွက်စေသော်လည်း
အမိန့်ကိုတော့ မနာခံဘဲမနေဝံ့ကြပေ။

"ဒီအတိုင်းပဲ လူ (၁၀၀,၀၀၀) သေသွားပြီ"
ရှန်ချင်းယင်က ယန်ယဲ့ဆီသို့
လျှောက်လာရင်း ပြောလိုက်လေသည်။
ဒီအချိန်မှာ သူမ၏ မျက်နှာလေးက
သွေးများဖြင့် ဖုံးလွှမ်းနေသေးပြီး "သူတို့
လက်နက်ချသွားပြီ။တကယ်လို့

ငါတို့သာရပ်ခဲ့ရင် လူ (၁၀၀,၀၀၀)ရဲ့ အကူအညီကိုရတာနဲ့ အတူတူပဲဖြစ်လိမ့်မယ်။ စုရှင်းယွန်က နင့်ကိုဒေါသထွက်အောင်လုပ်တာ ငါသိတယ်။ အဲ့ဒါကြောင့် နင် သူ့ကိုသတ်ချင်ခဲ့တာမဟုတ်လား။ရဲယန်၊ ဘာပဲဖြစ်ဖြစ် နင်က စိတ်မြန်လက်မြန် မလုပ်ဘဲ မနေနိုင်ဘူးလား"

ယန်ယဲ့သည် ရှန်ချင်းယင်ကို ဂရုမစိုက်ဘဲ အဝေးမှ တောင်တန်းဆီသို့

လှမ်းကြည့်လိုက်သည်။မျက်စိတစ်ဆုံးတိုင်
အောင် ရှည်လျားသောတောင်တန်းများ
ပြန့်ကျဲလျက်ရှိ၏။ ထိုတောင်တန်းများက
တိမ်တိုက်များထဲသို့ပင် တိုးဝင်နေကာ
အဝေးကနေ အိပ်စက်နေသော
နဂါးများကဲ့သို့ပင်။တောင်တန်းများသည်
သဘာဝအတိုင်း
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းဖြစ်သည်။

ဒီလိုဖြင့် ယန်ယဲ့ဟာ
အဆုံးအစမဲ့ရှည်လျားသော

တောင်တန်းကြီးကို စိုက်ကြည့်ရင်း
အချိန်အတော်ကြာ တိတ်ဆိတ်နေခဲ့သည်။
သူဘာတွေတွေးနေမှန်းမသိနိုင်ပေ။

ရှန်ချင်းယင်က တစ်ခုခုပြောဖို့ပြင်လိုက်၏။
သို့သော်လည်း မရေမတွက်နိုင်သော
လူအုပ်ကြီး အဝေးကနေ ပြေးလာသည်ကို
သတိထားမိသွားလေသည်။ ဤလူအုပ်ကို
သတိပြုမိသည်နှင့် လူတိုင်း
မျက်နှာပျက်သွားကာ ချက်ချင်းပင်
သတိအပြည့်ဖြစ်သွားကြသည်။

"တိမ်ပင်လယ်အကယ်ဒမီက
ငါတို့ရဲ့ညီအစ်ကိုတွေနဲ့အတူ
မြို့ကိုကာကွယ်ဖို့ ဆန္ဒရှိတယ်..."

"ငါ့ရဲ့ ယွန်ကလန်က
တိမ်ပင်လယ်အကယ်ဒမီနဲ့ အတူ
အသက်ရှင်ပြီး အတူသေဖို့ ဆန္ဒရှိတယ်..."

"ငါ့ရဲ့ ချန်းကလန်က အကယ်ဒမီနဲ့ အတူ အသက်ရှင်ပြီး သေဖို့ ဆန္ဒရှိပါတယ်..."

"ငါ့ရဲ့ ဖုန်းကလန်က တိမ်ပင်လယ်အကယ်ဒမီအသက်ရှင်ရင်ငါတို့လည်းရှင်မယ်၊ သေရင် ငါတို့လည်းအတူသေဖို့ ဆန္ဒရှိတယ်"

ဒီစကားသံများကို ကြားလိုက်ချိန်တွင် တိမ်ပင်လယ်အကယ်ဒမီမှ လူတိုင်း အံ့သြသွားကြသည်။

၁၁၄၆

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၄၆ - မြို့တံတိုင်းပြိုကျ၊ နတ်ဆိုးဝံပုလွေစစ်တပ်ကြီး ဝင်ရောက်လာခြင်း

ထိုအချိန်တွင် ယုဝူရှမ်က
ရှေ့ထွက်ပြောလိုက်၏ "ကြိုဆိုပါတယ်
ကျင့်ကြံသူတို့! ငါတို့အကယ်ဒမီက
အားလုံးနဲ့ အတူ အသက်ရှင်ပြီး သေဖို့
ဆန္ဒရှိတယ်။ ဒါပေမယ်လို့ တစ်ခုတော့
ကြိုပြီးသတိပေးထားပါရစေ။ အားလုံးက
ဒီမြို့ကိုကာကွယ်ဖို့ လာတာဆိုတော့ ငါတို့
ချမှတ်ထားတဲ့ စည်းကမ်းတွေကို
လိုက်နာရမယ်။ဘယ်သူမဆို
စည်းမျဉ်းတွေကို ဖောက်ဖျက်တာ
ဒါမှမဟုတ်

လှည့်ကွက်တွေနဲ့ကစားလာမယ်ဆိုရင်တော့
စုကလန်က ဒီအကျိုးဆက်တွေရဲ့
အကောင်းဆုံးဥပမာဆိုတာ သိစေချင်တယ်"

အားလုံးက သူမ
ပြောလိုက်သည့်စကားကိုကြားသောအခါ
မြို့ရိုးအထက်ဆီသို့ မော့ကြည့်ကြသည်။
မြို့ရိုးနံရံအထက်၌ လူနှစ်ယောက်ကို
ချိတ်ဆွဲထား၏။ ထိုလူနှစ်ယောက်ကို
မြင်လိုက်သည်နှင့်တပြိုင်နက်
လူတိုင်း၏အမူအရာများက

ပြောင်းလဲသွားကြတော့သည်။
အကြောင်းအရင်းမှာ ထိုလူနှစ်ယောက်က
သူတို့နှင့် ရင်းနှီးနေသောလူများပင်
မဟုတ်ပါလား။

"စုကလန်ကို တကယ်ဖျက်ဆီးပစ်မယ်လို့
ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး..."

“ဒီတစ်ခါတော့ အကယ်ဒမီက
လေးလေးနက်နက်ကိုင်တွယ်နေတာထင်တ
ယ်…”

"ကံကောင်းတာက ငါ၊ ဒီအရူးအိုကြီး
စုရှင်းယွန် ရဲ့စကားကို
နားမထောင်ခဲ့လို့သာပေါ့။ မဟုတ်လို့ရှိ
ဒီအချိန်မှာ ငါ့ ယွန်ကလန်က
ပျက်စီးနေလောက်ပြီ"

စုကလန်ညီအစ်ကိုနှစ်ယောက်၏အလောင်း

များနှင့် လူပေါင်း (၁၀၀,၀၀၀)ကျော်၏

အလောင်းများကို မြင်လိုက်သော် မူလက

မကောင်းကြံလိုစိတ်ရှိနေသူများပင်

၎င်းတို့၏ရည်ရွယ်ချက် များကို ချက်ချင်း

ဖယ်ထုတ်လိုက်ကြသည်။

အထူးသဖြင့်

အကာအကွယ်အောက်တွင်နေပြီး

ပုန်းအောင်းဖို့ ကြံစည်နေသူများပင်တည်း။

သူတို့ရှေ့မှ ရက်စက်ကြမ်းကြုတ်သော

အဖြစ်မှန်ဟာ တိမ်ပင်လယ်အကယ်ဒမီက

လုံးဝကို ဒေါသထွက်နေပြီဖြစ်ကြောင်း
သက်သေပြခဲ့သည်။

အစပိုင်းတွင် လူအရေအတွက် (၁၀၀၀)
ကျော်လောက်သာ ရောက်လာကြသည်။
သို့သော်လည်း သိပ်မကြာလိုက်ပေ၊
မရေမတွက်နိုင်သော ကျင့်ကြံသူအုပ်လိုက်
ကြီးက မြောက်ပိုင်းမြို့တံခါး ဆီသို့
အလျင်အမြန် ရောက်ရှိလာကြလေသည်။

အချိန် ၁၅ မိနစ်မပြည့်မီမှာပဲ လူပေါင်း
(၁၀၀,၀၀၀)နီးပါး ရောက်ရှိလာပြီး
ပိုများလာကာ အဆက်မပြတ်
ရောက်လာနေကြဆဲဖြစ်သည်။
သဘာဝအတိုင်း သူတို့က စုကလန် ကဲ့သို့
ပြဿနာရှာဖို့ရန်
ရောက်လာကြခြင်းမဟုတ်ပေ။ အားလုံးက
တိမ်ပင်လယ်အကယ်ဒမီနှင့်အတူ
ပူးပေါင်းဖို့ သဘောတူညီချက်ဖြင့်
အပြေးအလွှားရောက်လာကြသူများဖြစ်သ
ည်။

တိမ်ပင်လယ်အကယ်ဒမီကလွဲ၍ မြို့ထဲရှိ

ကျင့်ကြံသူများနှင့် မျိုးနွယ်စုများက

နတ်ဆိုးဝံပုလွေများကို

ခုခံနိုင်စွမ်းမရှိပေ။

တန်ပြန်တိုက်ခိုက်ခဲ့သော်လည်း

ပြင်းထန်သော ပျက်စီးဆုံးရှုံးမှုများကို

ခံစားနေကြရဆဲဖြစ်သည်။ ထို့ကြောင့်

သူတို့အတွက် အသက်ရှင်ဖို့

တစ်ခုတည်းသောနည်းလမ်းက

တိမ်ပင်လယ်အကယ်ဒမီ၏

အကာအကွယ်ကို
ရယူဖို့သာဖြစ်တော့သည်။

တစ်ဖက်မှာလည်း သူတို့အားလုံး
အကယ်ဒမီ၏တပ်ဖွဲ့များနှင့် ပူးပေါင်းပြီး
မြို့ကို ကာကွယ်ဖို့ ဆုံးဖြတ်ထားကြသည်။
ရွေးချယ်မှုဟာ
အန္တရာယ်များသော်ငြားလည်း
အနည်းဆုံးတော့ အကယ်ဒမီမှ
ပညာရှင်များနှင့်
အတူရှိနေနိုင်မည်ဖြစ်သည်။ သို့သော်လည်း

သူတို့သာ မြို့ကိုကာကွယ်ဖို့မလုပ်ပါက နတ်ဆိုးဝံပုလွေများ မြို့ထဲဝင်လာသည်နှင့် အကယ်ဒမီက သူတို့၏သေခြင်းရှင်ခြင်းကို သေချာပေါက် လစ်လျူရှုထားမည်ဖြစ်ကြောင်း လူတိုင်း သိသွားကြသည်။

နောက်ထပ် ၁ နာရီနီးပါးကြာပြီးနောက်တွင် မြောက်ပိုင်းမြို့တံခါး၌ လူ ၁ သန်းနီးပါး စုစည်းလာခဲ့ကြသည်။

အများစုက

အဆင့်နိမ့်ကျင့်ကြံသူများဖြစ်၏။

အများစုက သိုင်းဘုရင်အဆင့် သို့မဟုတ်

ဝိညာဉ်နယ်ပယ်အဆင့်များတွင်သာရှိကြသ

ည်။ သို့ရာတွင် ချီးမြှောက်ခြင်းနယ်ပယ်၊

သိုင်းဧကရာဇ်အဆင့် ပညာရှင်

အနည်းငယ်လည်း ရှိသေးသည်။

အဆင့်နိမ့်သူတော်စင်တစ်ပိုင်းအဆင့်၊

အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်

နှင့် အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်

အချို့ပင် ပါဝင်လာကြ၏။

ရှန်ချင်းယင် အပါအဝင်

တိမ်ပင်လယ်အကယ်ဒမီ၏

ပညာရှင်များသည်လည်း

မြောက်ပိုင်းမြို့တံခါးသို့ အပြေးအလွှား

ရောက်လာနေသော လူအုပ်ကြီးကို

ငေးကြည့်နေရင်း အံ့အားသင့်သွားကြသည်။

နောက်ဆုံးတွင်

တိမ်ပင်လယ်အကယ်ဒမီဟာ မြို့ထဲမှ

ပညာရှင်များကို

အကူအညီတောင်းသော်လည်း

အနည်းစုလောက်သာ

အလေးအနက်ထားပြီးရောက်လာကြသည်။

ထို့အပြင် အန္တရာယ်တစ်ခုခုကြုံလျှင်ပင်

ထိုလူအားလုံးက ချက်ချင်း

ထွက်ပြေးကြသည်။

တိမ်ပင်လယ်မြို့တော်က

တိမ်ပင်လယ်အကယ်ဒမီ၏

လက်အောက်ခံမြို့ဖြစ်သော်လည်း မြို့ကို

မည်သည့်စီမံခန့်ခွဲမှုမျှ

ကျင့်သုံးခြင်းမရှိခဲ့ပေ။

ထို့အပြင် အကယ်ဒမီသည်
အင်အားစုများကြားရှိ ပဋိပက္ခစစ်ပွဲများကို
ဝင်ရောက်စွက်ဖက်ခြင်းမပြုဟူသော
နိယာမကို ကျင့်သုံးသည်ဖြစ်ရာ မြို့ထဲရှိ
အင်အားစုများက အကယ်ဒမီနှင့်
လုံးဝဆက်စပ်မှုမရှိကြပေ။ သူတို့က
အကယ်ဒမီ၏အမိန့်ကို နာခံစရာ မလိုဟုသာ
ယူဆထားကြလေသည်။ ထို့ကြောင့်
တိမ်ပင်လယ်အကယ်ဒမီက

၎င်းတို့၏အကူအညီကို ရယူဖို့မဖြစ်နိုင်သလို
အမိန့်ပေးစေခိုင်းဖို့လည်းမတတ်နိုင်ပါ။

အကယ်ဒမီက
အကူအညီတောင်းခံသည့်အခါတိုင်း ...

"သူတို့ ဘာကြောင့် ရုတ်တရက်ကြီး
သဘောထားတွေ ပြောင်းလဲလာတာတုန်း။
ဘာအတွက်နဲ့ မြို့ကို ခုခံကာကွယ်ဖို့
စိတ်အားထက်သန်လာကြတာလဲ ဆိုတာကို
နားမလည်နိုင်တော့ဘူးမဟုတ်လား"

ထိုအခိုက် ယုဝ္ဂူရှမ်က ရှန်ချင်းယင် အနားသို့ ရုတ်တရက် လျှောက်သွားသည်။

ရှန်ချင်းယင်က ခေါင်းညိတ်ကာ တုန့်ပြန်လိုက်သည်။

"ယန်ယဲ့က စုကလန်တစ်ခုလုံးကို ဘယ်လိုကြောင့် ဖယ်ရှားခိုင်းလိုက်တာလဲ သိလား" ယုဝ္ဂူရှမ်က ရှင်းမပြခင် နောက်ထပ်မေးခွန်းတစ်ခုမေးလိုက်သည်။

ရှန်ချင်းယင်က "သူတို့
သူ့ကိုစော်ကားနေတာတွေ
သည်းမခံနိုင်လို့မဟုတ်ဘူးလား"

ယုဝူရှမ်က
ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေသ
ည်။ အတန်ကြာထိ ရယ်မောပြီးမှ
"နင်မှားနေပြီ၊ အရမ်းမှားတယ်။ ယန်ယွဲ့က
သည်းခံတတ်တဲ့သူမဟုတ်သလို
သူ့ရဲ့နဂိုအကျင့်စရိုက်ကိုက

လုံးဝကိုမောက်မာတယ်။ သူ့အတွက်က
စုကလန်ကို
အလေးအနက်ထားစရာမလိုဘူးလေ။
စုရှင်းယွန်နဲ့ တခြားသူတွေကို သတ်လိုက်တဲ့
အကြောင်းရင်းက
သူ့ကိုဒေါသထွက်စေလို့မဟုတ်ဘူး။
ဘာကြောင့်လဲဆိုတော့ ဒီကိစ္စမှာ
ပြဿနာရှာလာမဲ့သူတွေကို
ဥပမာပေးတဲ့အနေနဲ့ စုကလန်ကို
အရင်ဆုံးလုပ်ပြလိုက်တာပဲ။ ဒါမှ
တိမ်ပင်လယ်မြို့တစ်ခုလုံးကို ငါတို့တွေ

ထိန်းချုပ်နိုင်မှာလေ။ တခြား သာမန်အချိန်မျိုးမှာသာဆိုရင် သူက စုရှင်းယွန်ကို တမင်သတ်ပစ်တာ ဖြစ်နိုင်တယ်။ ဒါပေမဲ့ အခု ငါတို့မှာ အချိန်အများကြီး မရှိတော့ဘူး”

ဤအချက်ကို အဓိကပြောပြနေရင်း ယုဝူရှွမ်က အောက်မှ လူအုပ်ကို ရုတ်တရက် လက်ညှိုးထိုးပြလိုက်ပြီး "ငါတို့သာ သူတို့ကို အခုလိုမျိုးမစုစည်းနိုင်ရင်

မြို့တော်တိုင်းတွေပြိုကျပြီး
နတ်ဆိုးဝံပုလွေစစ်တပ်ဝင်လာတဲ့အခါ
လူတိုင်းက အထိန်းအကွပ်မဲ့သွားလိမ့်မယ်။
ခေါင်းဆောင်မရှိတဲ့အချိန်မှာ သူတို့ကို
စောင့်ကြိုနေတာက သေခြင်းတရားပဲ။
ဒါပေမဲ့ ငါတို့က သူတို့ကို ပေါင်းစည်းပြီး
စုစည်းနိုင်ရင် ဒါဟာ လုံးဝခြားနားတဲ့
အခြေအနေတစ်ခုကို ဖန်တီးနိုင်လိမ့်မယ်”

ရှန်ချင်းယင်က "ဒီလူတွေကို မသတ်ဘဲနဲ့ ငါတို့ ဒီအတိုင်းပဲ ပြီးအောင်လုပ်နိုင်တယ်မဟုတ်ဘူးလား"

“မဟုတ်ဘူး! နင်ထပ်မှားပြန်ပြီ" ယုဝူရှမ်က ဆက်ပြောလေသည် “ဒါဆိုရင် မြို့ကို ကာကွယ်ဖို့ သူတို့ ရည်ရွယ်ချက်က ရိုးရိုးသားသား မဟုတ်နိုင်ဘူး။ သူတို့ လက်နက်ချတဲ့ တစ်ခုတည်းသော အကြောင်းအရင်းက ငါတို့က သူတို့ထက် ပိုသန်မာတယ်၊ ပြီးတော့ သူတို့မှာ ခုခံဖို့

အင်အားမရှိလို့ပဲ။ ငါတို့တွေ
နတ်ဆိုးဝံပုလွေစစ်တပ်နဲ့
တိုက်ခိုက်နေတဲ့အချိန်မှာ အများစု
အထူးသဖြင့်တော့ စုကလန်လိုအဖွဲ့တွေက
လှည့်ကွက်တွေထုတ်ပြလာလိမ့်မယ်။
အဲဒီအချိန်မှာ ငါတို့က
နှစ်ဖက်ညှပ်တိုက်ခိုက်ခံရသလိုမျိုးဖြစ်သွား
မှာလေ။ ဒါဆို အရေးအကြီးဆုံးက
ပြဿနာဖြစ်လာနိုင်တဲ့ ဘယ်အရာမဆို၊
ဘယ်သူမဆို ဟန့်တားနိုင်တဲ့ နည်းလမ်းက
တစ်ခုပဲရှိတယ်။ အဲဒါက သူတို့ကို

သတ်ပစ်ဖို့ပဲ။
တခြားသာမန်အချိန်တွေမှာဆိုရင်
ဖြည်းဖြည်းချင်းလုပ်ဖို့ ရွေးချယ်နိုင်ပေမဲ့
အခုက ငါတို့မှာ အချိန်မရှိဘူး”

ရှန်ချင်းယင်က ရုတ်တရက် မေးလိုက်သည်
"အဲဒီလူတွေကို မသတ်ရင် ဘာဖြစ်မလဲ"

ယုဝူရှမ်က တစ်ချက်ရယ်လိုက်ပြီးမှ
ဆက်ပြောသည်။ “ဒါဆို တိမ်ပင်လယ်မြို့က

သေချာပေါက်

ပရမ်းပတာအခြေအနေဖြစ်သွားမယ်။

နတ်ဘုရားတွေဆင်းလာရင်တောင်

ထိန်းနိုင်မှာမဟုတ်ဘူး။ ယန်ယွဲ့

နတ်ဆိုးဝံပုလွေတွေကို မြို့ထဲ

ဆက်ပြီးလွှတ်နေရင်တောင် ဘာမှ

ပြောင်းလဲမှာ မဟုတ်ဘူး။

ဘာကြောင့်လဲဆိုတော့ သူတို့က

အခြေအနေ

ဘယ်လောက်ပြင်းထန်တယ်ဆိုမသိဘဲ၊

သူတို့သိတာက

ငါတို့အကယ်ဒမီရဲ့တာဝန်ပဲလို့သာ။ ဒါပေမဲ့ အဲဒီလူတွေကို ငါတို့သတ်လိုက်တာနဲ့ သူတို့သာမြို့ကို ခုခံဖို့ ဆက်ငြင်းနေသေးရင် ငါတို့က နတ်ဆိုးဝံပုလွေတွေကို ဆက်ပြီး လွှတ်ပေးမယ်ဆိုတာ သဘောပေါက်သွားပြီ။ ဒါက ဘာဖြစ်လဲ....၊ သူတို့ မကျေမနပ်နဲ့ ငါတို့ကို ပြဿနာရှာဝံ့ရင် စုကလန်ရဲ့ကံကြမ္မာနဲ့ အဲဒီလူသေအလောင်း (၁၀၀,၀၀၀)ကျော်က သူတို့ရင်ဆိုင်ရမဲ့ အကျိုးဆက်တွေပဲ ဖြစ်သွားမယ်”

ရှန်ချင်းယင်က အသက်ပြင်းပြင်းရှူပြီး
"ဒါဆို သူတို့ အသက်ရှင်ချင်တယ်ဆိုရင်
ငါတို့နဲ့ ပူးပေါင်းဖို့ကလွဲလို့
ရွေးချယ်စရာမရှိတော့ဘူးဆိုတဲ့သဘော
လား"

"ဒါပေါ့..." ယုဝူရှမ်က
ခေါင်းညိတ်လိုက်သည်။

ရှန်ချင်းယင်က "သူဘာလို့ ဒါတွေအကုန်လုံး ငါ့ကို မရှင်းပြတာလဲ"

"ဘာလို့လဲဆိုတော့ သူက နင့်ကို တခြားလူတစ်ယောက်လို့ သတ်မှတ်မထားဘူးလေ။ သူက တခြားလူလို့သတ်မှတ်မထားတဲ့သူတွေကို ဘယ်လိုမှပြောမနေတတ်ဘူး" ယုဝူရှမ်က ဆက်ပြောလိုက်၏ "ကံမကောင်းစွာပဲ၊ နင် အဲဒီနှစ်ခုစလုံးကို လွဲချော်သွားပြီ။ သူက

နင့်ကို လစ်လျူရှုထားတဲ့အပြင်
သတ်ဖို့တောင်စိတ်ပိုင်းဖြတ်ထားတယ်"

ရှန်ချင်းယင်က တိတ်ဆိတ်သွားကာ
စကားမပြောနိုင်တော့ပေ။

အုန်း....ဂျုန်း....ဂျုန်း

ရုတ်တရက်ဆိုသလိုပင် ကမ္ဘာတုန်စေသော
ပေါက်ကွဲသံကြီး ပွဲတင်ထပ်လာပြီးနောက်

သူတို့မျက်စိရှေ့မှာပဲ မြို့တံတိုင်းများ
ပြိုကျသွားခဲ့လေသည်။

မြို့တံတိုင်းများ
ပြိုကျသွားသည်နှင့်တစ်ချိန်တည်းတွင်
သန်းချီသော နတ်ဆိုးဝံပုလွေစစ်တပ်ကြီးက
လှုတိုင်းရှေ့၌
ဘွားခနဲထွက်ပေါ်လာခဲ့ပါသည်။

သို့သော် နတ်ဆိုးဝံပုလွေစစ်တပ်က
မလှုပ်ရှားသေးဘဲ လူသားပညာရှင်အုပ်စုနှင့်
မီတာ ၃၀၀ အကွာတွင်ရပ်နေခဲ့ကြသည်။

နတ်ဆိုးဝံပုလွေစစ်တပ်က အများစုမှာ
ချီးမြှောက်ခြင်းနယ်ပယ်အဆင့် နှင့်
သိုင်းကေရာဇ်အဆင့်များဖြစ်ကြ၏။

ရောမခန္ဓာကိုယ်အရွယ်အစားနှင့်
နတ်ဆိုးဝံပုလွေများထံမှ ထွက်ပေါ်လာသည့်
ကြောက်မက်ဖွယ် ဖိအားကြောင့် မြို့တွင်းရှိ

ကျင့်ကြံသူ အများအပြား
တုန်လှုပ်သွားကြသည်။

ထို့နောက် လူအများအပြားက နောက်သို့
တစ်လှမ်းချင်းဆုတ်သွားပြီး ထွက်ပြေးဖို့
ပြင်လိုက်ကြ၏။

ထိုအချိန်မှာပဲ အလင်းတန်းတစ်ခု ဖျတ်ခနဲ
လင်းလက်သွားပြီးနောက်
လှည့်ထွက်ပြေးဖို့လုပ်နေသော

ကျင့်ကြံသူဒါဇင်ချီက

ချက်ချင်းသေဆုံးသွားခဲ့သည်။၁၁၄၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၄၇ - ဝက်ပါကိုပိတ်၊

မြို့တံခါးတွေဖွင့်

"အကယ်ဒမီရဲ့တပ်ဖွဲ့တွေ၊ ငါ့အမိန့်ကို
နားထောင်ကြစမ်း။ စစ်ပွဲမစခင်
ထွက်ပြေးတဲ့သူတွေကို ကရုဏာမပြဘဲ
သတ်ပစ်လိုက်" ယန်ယွဲ့၏အသံက
မိုးချိန်းသံအလား တဟုန်ထိုး
မြည်ဟီးလာကာ ထွက်ပြေးဖို့ပြင်နေသူတိုင်း
ချက်ချင်းပင်
ရပ်တန့်သွားခဲ့သည်။အဘယ်ကြောင့်ဆို
သော် ၎င်းတို့ ပတ်ပတ်လည်၌
အကယ်ဒမီ၏ ပညာရှင်များ
ရှိနေသောကြောင့်ပင်။ သို့သော်လည်း

နတ်ဆိုးဝံပုလွေစစ်တပ်၏
ကြောက်မက်ဖွယ်ကောင်းသော ဖိအားကို
ကြောက်လန့်ပြီး ထွက်ပြေးသွားသူများ
ရှိသေးသည်။

သို့တိုင် အားလုံး ခြွင်းချက်မရှိ
အသတ်ခံရ၏။ အသတ်ခံရသည့်အထဲ
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်ပင်
ပါလေသည်။

ထောင်ချီသောလူအုပ်ကို
ထပ်သတ်လိုက်ပြီးနောက် မည်သူမျှ
ထွက်ပြေးဖို့ မကြိုးစားဝံ့တော့ပေ။
အချို့က ထွက်ပြေးချင်နေသော်လည်း
ရက်စက်သောသတ်ဖြတ်မှုကို မြင်ပြီး
မည်သူမှ မပြေးဝံ့ကြတော့ပါ။

အကယ်၍ သူတို့သည် အကယ်ဒမီ၏
ပညာရှင်များနှင့်အတူ တိုက်ပွဲဝင်ပါပါက
အသက်ရှင်ဖို့အခွင့်အရေး
ရှိကောင်းရှိပေမည်။ သို့သော်လည်း

ထွက်ပြေးပါက ချက်ချင်း
သေမည်မှာမလွဲပေ။ မည်သူကမျှ
ထွက်ပြေးဝံမည်နည်း။

သူတို့ ထွက်ပြေးသွားပြီးနောက်တွင်
နတ်ဆိုးဝံပုလွေစစ်တပ်ကြီး မြို့ထဲသို့
ဝင်လာပြီး အကယ်ဒမီ၏ ပညာရှင်များ
ဆုတ်ခွာသွားပါက အားလုံး ကြုံရမည့်
ကံကြမ္မာကို ကောင်းစွာသိရှိလာကြသည်။

သူတို့ဟာ အကယ်ဒမီ၏အကူအညီမပါဘဲ

နတ်ဆိုးဝံပုလွေစစ်တပ်ကို

တန်ပြန်တိုက်ခိုက်ဖို့ရာ စွမ်းအားမရှိကြပေ။

သူတို့အထဲမှ

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်များ

လွတ်မြောက်နိုင်သော်လည်း

ကျန်လူများကတော့.....။

ဖြစ်လာမည့်အရာကို တွေးမိလိုက်သည့်အခါ

အများစုက ထွက်ပြေးဖို့ ရည်ရွယ်ချက်ကို

ချက်ချင်း စွန့်လွှတ်လိုက်ကြသည်။

နတ်ဆိုးဝံပုလွေစစ်တပ်ကြီးက

မြို့တံတိုင်းများကိုဖြိုချကာ

ပြေးဝင်လာပြီးနောက်တွင်

ချက်ချင်းမတိုက်ခိုက်သေးဘဲ

ရှေ့မှမြင်ကွင်းကြောင့် ၎င်းတို့၏

မျက်လုံးများတွင် အံ့သြသွားသည့်

အမူအရာများရှိနေလေသည်။

ထင်ရှားသည်မှာ၊

မြို့တံတိုင်း၏နောက်ကွယ်တွင် လူသား ၁

သန်းကျော်က ၎င်းတို့ကို

စောင့်မျှော်နေလိမ့်မည်ဟု သူတို့ မမျှော်လင့်ထားခဲ့ကြပုံပါ။ ထို့အပြင် လူသားများ ပိုများလာကာ လူပေါင်း ၁ သန်း ထက်ပင် ကျော်လာလာခဲ့သည်။

ယန်ယဲ့က ကောင်းကင်ကို မော့ကြည့်ပြီး တဖန် လူအုပ်ကို ငုံ့ကြည့်ရင်း "တွေ့လား။ ဒါ နတ်ဆိုးဝံပုလွေစစ်တပ်ပါ။ ဒီနယ်မြေအပြင် တစ်မြို့လုံးကို နတ်ဆိုးဝံပုလွေစစ်တပ်က ဝိုင်းထားကြပြီ။ ပြေးမလား မဟုတ်ဘူး၊

ငါတို့မှာ ထွက်ပြေးဖို့ ဘယ်မှ မရှိဘူး။
အသက်ရှင်ဖို့
တစ်ခုတည်းသောနည်းလမ်းက
သတ်ပစ်ဖို့ပဲ၊
သူတို့နောက်ပြန်ဆုတ်ပြေးရတဲ့အထိ
သတ်ပစ်ဖို့ပဲ”

ဤအချက်ကို ပြောသောအခါ
ယန်ယဲ့၏မျက်နှာပေါ်တွင်
ရက်စက်ကြမ်းကြုတ်သော အမူအရာတစ်ခု
ပေါ်လာသည်။ သူက "အားလုံးပဲ ငါ

ပွင့်ပွင့်လင်းလင်း ပြောပါရစေ။ မင်းတို့

ထွက်ပြေးဝံ့ရင်

အကယ်ဒမီရဲ့ပညာရှင်တွေကို

တိမ်ပင်လယ်မြို့ကနေ ပြန်ဆုတ်ဖို့ ငါ

အမိန့်ပေးမယ်။ ငါ့စကားကို

ငါအမြဲစောင့်ထိန်းတယ်"

ယန်ယဲ့ပြောလိုက်သည့်

နောက်ဆုံးအပိတ်စကားကြောင့်

လူတိုင်း၏အမူအရာများ

ပြောင်းလဲသွားကာ
အရောင်ဖျော့သွားကြသည်။

အကယ်ဒမီမှ ပညာရှင်များသာ
ထွက်ခွာသွားပါက ၎င်းတို့
စောင့်ကြိုနေသော ကံကြမ္မာကို
စိတ်ကူးကြည့်နိုင်ပေသည်။

"ဘယ်သူရှိသေးလဲ၊... ထွက်ပြေးရဲရင်
ငါသူ့ကို အရင်သတ်မယ်။ လူတိုင်းကို ငါတို့

အကယ်ဒမီနဲ့ အတူ အသက်ရှင်ပြီး သေဖို့ ဆန္ဒရှိတယ်ဆိုတာမျိုးပဲ ကြားချင်တယ်”

"နည်းပြဆရာရဲ ပြောတာဟုတ်တယ်၊ မြို့က သေရေးရှင်ရေး အခြေအနေမှာ ရောက်နေတော့ မင်း အတွက် စိတ်အားထက်သန်မှု အပြည့်နဲ့ မလုပ်နိုင်ဘူး။ စိတ်မပူပါနဲ့၊ ငါ့မိုကလန်က တိုက်ပွဲထဲမှာ ထွက်ပြေးရဲတဲ့သူကို ပထမဆုံး တိုက်ခိုက်သူ ဖြစ်လိမ့်မယ်”

“ထွက်ပြေးရဲတဲ့သူကို ငါတို့ သတ်ပစ်မယ်”

ယန်ယဲ့သည်
စိတ်မြန်လက်မြန်ပြုမူတတ်သူဖြစ်ရာ
အကယ်ဒမီ၏ပညာရှင်များကို
ပြန်ဆုတ်ခွာဖို့
အမိန့်ပေးမှာကြောက်နေသဖြင့်
မရေမတွက်နိုင်သောလူများက
ပြတ်ပြတ်သားသား ရပ်တည်ခဲ့ကြသည်။

အထူးသဖြင့် မြို့ထဲရှိ
အင်အားစုများအားလုံးနီးပါးပင်။ သူတို့၏
အခြေခံအုတ်မြစ်က
တိမ်ပင်လယ်မြို့ပင်ဖြစ်သည်။
မြို့ကျသွားသည်နှင့် ထွက်ပြေးနိုင်လျှင်ပင်
သူတို့ကြိုးစားပမ်းစားတည်ဆောက်ထားသ
ည့်အခြေခံအုတ်မြစ်ကို ဆုံးရှုံးရပါလိမ့်မည်။
ထိုအချိန်တွင်
သူတို့၏သက်ဆိုင်ရာအင်အားစုများက
ကျိန်းသေပေါက် ပျက်စီးသွားနိုင်ပေသည်။
ထိုအချက်ကို တွေးမိပြီး မည်သူမျှ မြို့ကို

ကျရှုံးဖို့ခွင့်မပြုနိုင်ဟု
စိတ်ပိုင်းဖြတ်လိုက်ကြတော့သည်။

ရှန်ချင်းယင်က လူအုပ်ကြီးထံမှ
အပြုအမူကို မြင်ပြီး
ရုတ်တရက်ပြောလိုက်သည်။ "သူတို့က
အရင်တုန်းက ဒီလိုမဟုတ်ဘူး…."

ယုဝူရှမ်က အေးစက်စွာ ရယ်မောလိုက်ပြီး
“လူဆိုးတွေသာ လူဆိုးတွေကို

ကိုင်တွယ်ဖြေရှင်းနိုင်ပါတယ်။
အရင်တုန်းက အကယ်ဒမီက
သိပ်သည်းခံတတ်တယ်။
ငါဒီလိုပဲအလွယ်ရှင်းပြပါရစေ။ တကယ်လို့
တိမ်ပင်လယ်မြို့တော်က
တာအိုအမိန့်တော်ရဲ့လက်အောက်ခံဖြစ်ခဲ့ရင်
မြို့သူမြို့သားတွေက တာအိုအမိန့်တော်ကို
ဆန့်ကျင်ဝံ့ပါ့မလား။ ငါ့အမြင်အရတော့
တိမ်ပင်လယ်အကယ်ဒမီက သေမျိုးကမ္ဘာရဲ့
ပဋိပက္ခတွေမှာ ဝင်ပြီးမစွက်ဖက်ဘူးဆိုတဲ့
စည်းမျဉ်းကို ပြန်ပြင်သင့်တယ်။

သေမျိုးကမ္ဘာနဲ့ လုံး၀
မလွတ်ကင်းနိုင်မှတော့ ပဋ္ဌိပက္ခတွေမှာ
မပါ၀င်ဘူးဆိုတဲ့ စည်းမျဉ်းကို
ဆက်ပြီးထိန်းထားနေစရာမလိုတော့ဘူးလေ
။ ဒီတော့ သေမျိုးကမ္ဘာနဲ့
လုံးလုံးပေါင်းစည်းဖို့ပဲရှိတယ်။ ဒါမှသာ
အကယ်ဒမီက
ဒီလိုအရှက်ရစရာအခြေအနေမျိုး
ထပ်ပြီးရှောင်နိုင်မယ်”

ရှန်ချင်းယင်က တိတ်ဆိတ်နေခဲ့သည်။

ထိုအခိုက် နတ်ဆိုးဝံပုလွေစစ်တပ်က

လူသားအုပ်စုနှင့် ၁ ကီလိုမီတာအကွာသို့

တိုးလာပြီးနောက် ရုတ်တရက် ရပ်သွားပြီး

အလယ်ကနေ

လမ်းကြောင်းတစ်ခုကွဲသွားခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်

လူတိုင်း၏ရှေ့သို့

ရွှေရောင်ဝတ်ရုံဝတ်လူတစ်ယောက်

ပေါ်လာခဲ့သည်။

ရွှေရောင်ဝတ်ရုံဝတ်လူက
ရောမဝံပုလွေတစ်ကောင်ကိုစီးနင်းထား၏။
ရွှေရောင်ဝတ်လူ စီးနင်းထားသော
ဝံပုလွေကြီးကိုမြင်သောအခါ
ယန်ယဲ့၏မျက်လုံးများ ကပင်
ချက်ချင်းကျဉ်းမြောင်းသွားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ရွှေရောင်ဝတ်လူ
စီးနင်းထားသည့် နတ်ဆိုးဝံပုလွေက အဆ
င့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်နေလို့ပါ။

ရွှေရောင်ဝတ်လူက ဝံပုလွေကြီးကို မြို့ရိုးများဆီသို့ စီးနင်းသွားပြီးနောက် သူ၏အကြည့်များသည် မပျက်စီးသေးသော မြို့တံတိုင်း၏ အစိတ်အပိုင်းတစ်ခုပေါ်သို့ ကျဆင်းသွားသည်။

ထိုနေရာတွင် လူတစ်ယောက်နှင့် ဝံပုလွေတစ်ကောင်ကို ကပ်ရိုက်ထားခဲ့သည်။

ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏

အဝါရောင်ဝတ်ရုံလူငယ်နှင့်

ဝံပုလွေဖြူတို့ပင်ဖြစ်သည်။

သူတို့နှစ်ယောက်လုံး

အသက်ရှင်နေသေးသော်လည်း

သေခါနီးတွင် ရှိနေကြသည်။

အချိန်အတော်ကြာအောင်

ကြည့်နေပြီးနောက်

ရွှေရောင်ဝတ်ရုံဝတ်လူက အကြည့်ကို

ရုတ်လိုက်ပြီး ယန်ယွဲ့ကို စိုက်ကြည့်ကာ

“ငါတို့ ရွှေနတ်ဆိုးဝံပုလွေကလန်က
ဒီတစ်ခါတော့ မှားသွားပြီထင်တယ်။
တိမ်ပင်လယ်အကယ်ဒမီမှာ မင်းလို
မဟာပါရမီရှင်တစ်ယောက်ရှိဖို့ ဒါမှမဟုတ်
အကယ်ဒမီက မင်းရဲ့တည်ရှိမှုကို
ကောင်းကောင်းဖုံးကွယ်ထားဖို့
ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ဘူး။
ဒါ့အပြင် မင်းဟာ ဒီသူရဲဘောကြောင်တဲ့
လူသားတွေကိုတောင်
ပေါင်းစည်းနိုင်လိမ့်မယ်လို့ ဘယ်တုန်းကမှ

မထင်ထားမိဘူး။ ဒီအရာတွေအားလုံးကို
ငါတကယ်မမျှော်လင့်ထားပါဘူး
.... လူသား၊ မင်းနာမည်ဘယ်လိုခေါ်လဲ"

"တိမ်ပင်လယ်အကယ်ဒမီရဲ့
အပြင်စည်းခြံဝန်းနည်းပြဆရာရဲယန်..."
ယန်ယဲ့က မီတာ ၃၀၀ အကွာတွင်ရှိနေသော
ရွှေရောင်ဝတ်ရုံဝတ်လူကို
စိုက်ကြည့်လိုက်ပြီး "ငါမင်းကို
ခန့်မှန်းပါရစေ၊ ငါ့အထင် မင်းက
ရွှေနတ်ဆိုးဝံပုလွေဘုရင် ရဲ့

သားတော်တစ်ယောက် ဖြစ်သင့်တယ်
မဟုတ်လား"

ရွှေရောင်ဝတ်ရုံဝတ်လူက
ခေါင်းညိတ်လိုက်သည် "မှန်တယ်၊ ငါက
လုံရှောင်ရဲ့ အကြီးဆုံးအစ်ကိုပါ”

ရွှေရောင်ဝတ်ရုံဝတ်လူ၏စကားကို
ကြားသည်နှင့် ရှန်ချင်းယင် အပါအဝင်
အကယ်ဒမီ၏

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်များ

အားလုံး

မျက်စိမျက်နှာပျက်သွားခဲ့ကြသည်။

ရှန်ချင်းယင်က ချက်ချင်းပင်

ယန်ယဲ့အနားကို ကပ်လာပြီး သူမ၏

မျက်နှာပေါ်တွင် လေးနက်သော

အမူအရာဖြင့် သတိပေးလိုက်သည် "သူက

ရွှေနတ်ဆိုးဝံပုလွေကလန်ရဲ့

သိုင်းသူတော်စင်အဆင့်အောက်မှာ

အစွမ်းထက်ဆုံးပညာရှင်တစ်ယောက်ပဲ။

သူ့ကို ရွှေနတ်ဆိုးဝံပုလွေဘုရင်ငယ်

ဒါမှမဟုတ် အိမ်ရှေ့စံမင်းသား လို့ခေါ်ကြတယ်။ နင်... သူ့ကို တိုက်ခိုက်နေတဲ့အချိန်မှာ လုံးဝ သတိလွတ်လို့မရဘူး"

ထိုအချိန်တွင် ရွှေရောင်ဝတ်ရုံဝတ်လူက နံရံအထက်ကပ်ရိုက်ခံထားရသည့် အဝါရောင်ဝတ်လူငယ်ကို ညွှန်ပြပြီး “သူက ဘယ်သူလဲဆိုတာ မင်းသိလား” ဟု မေးလိုက်သည်။

ယန်ယဲ့က "သူပြောတာတော့ လော့ချန်းရှောင်ရဲ့ဂျူနီယာညီလေး လို့ပြောတယ်"

ရွှေရောင်ဝတ်ရုံဝတ်လူက "ဒါကိုမင်းသိနေတာတောင် ဆက်လုပ်သေးတာလား"ဟုထပ်မေးလေသည်။

ယန်ယဲ့က အနည်းငယ် ရယ်မောလိုက်ပြီး
"ငါပြောရရင် မင်းရဲ့ညီလေးကိုပဲ
စိတ်ပူနေသင့်တယ်လို့ ငါထင်တယ်"

"သူ့ခွန်အားမရှိတာကိုပဲ
အပြစ်တင်နိုင်တယ်"
ရွှေရောင်ဝတ်ရုံဝတ်လူက "ဟုတ်ပါတယ်၊
ဒါပေမဲ့ ငါ သူ့ကိုယ်စား
လက်စားချေပေးမယ်”
ဟုထပ်ပြောလိုက်၏။

ရွှေရောင်ဝတ်ရုံဝတ်လူ
စကားပြောပြီးသွားသည်နှင့်
မရေမတွက်နိုင်သော အူသံများ
အဆက်မပြတ် ထွက်ပေါ်လာသည်။

ဘေးပတ်ဝန်းကျင်၊ ထို့နောက်
မရေမတွက်နိုင်သော ဝံပုလွေများသည်
တောင်တန်းအတွင်းပိုင်းကနေ
ပြေးထွက်လာကြသည်။

ဒီမြင်ကွင်းကို မြင်ပြီး

ယန်ယဲ့၏နောက်ကွယ်မှ လူအုပ်ကြီး၏

မျက်နှာပေါ် ရှိ အမူအရာများသည် တစ်ဖန်

ပြောင်းလဲသွားခဲ့သည်။ သန်းချီသော

နတ်ဆိုးဝံပုလွေစစ်တပ်ကြီး

ရှိနေသည့်အပြင် နောက်ထပ်

နတ်ဆိုးဝံပုလွေများ

ရောက်ရှိလာကြသည်လော။

ရွှေရောင်ဝတ်ရုံဝတ်လူက “ငါတို့

တိမ်ပင်လယ်မြို့အပြင်မှာ အချိန်တွေ

အများကြီး ဖြုန်းတီးနေခဲ့တယ်။ အခုတော့ အချိန်မဖြုန်းချင်တော့ဘူး။ ဒီလိုဆို ရလာဒ်ကို အခုပဲ ဆုံးဖြတ်လိုက်ရအောင်”

နတ်ဆိုးဝံပုလွေများ ပိုများလာကာ ရွှေရောင်ဝတ်ရုံဝတ်လူ၏နောက်တွင် စုဝေးနေပြီး မြေပြင်တစ်ခုလုံး အဆက်မပြတ် တုန်ခါသွားခဲ့သည်။ အချိန် ၁၅ မိနစ်အတွင်းမှာပင် မြောက်ပိုင်းမြို့တံခါးအပြင်ဖက်ကား ၃.၆

သန်းဝန်းကျင်ရှိ စစ်တပ်ကနေ
နှစ်ဆထပ်တိုးလာခဲ့သည်။

ယန်ယဲ့၏နောက်မှာတော့
လူသားကျင့်ကြံသူ ၃ သန်းလောက်သာ
ရှိလေသည်။

နှစ်ဖက်ကြားကွာဟချက်က လုံးဝကို
ကြီးမားလွန်း၏။

ရွှေရောင်ဝတ်ရုံဝတ်လူက “လူသား၊
ကြည့်ရတာ မင်းဘေးနားမှာ
လူနည်းနည်းပဲရှိတယ်ထင်တယ်”

"ဟုတ်လား" ယန်ယဲ့က အေးစက်စွာ
ရယ်မောလိုက်ပြီး “
ဝက်ပါအစီအရင်ကိုပိတ်ပြီး
မြို့တံခါးတွေဖွင့်ထားလိုက်ကြ"၁၁၄၈
Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၄၈ -

ကောင်းကင်နှင့်မြေကြီး၏အော်ရာ

“ဝက်ပါအစီရင်အရင် ပိတ်လိုက်ပါ။

မြို့တံခါးတွေ အကုန်ဖွင့်ထားလိုက်ကြ"

ရှန်ချင်းယင် နှင့် အခြားသူများသည် အနည်းငယ် ထိတ်လန့်သွားပြီး ယန်ယဲ့ကို အံ့သြသော အမူအရာများဖြင့် စိုက်ကြည့်နေကြသည်။

ယန်ယဲ့က ရှန်ချင်းယင်နှင့် အကယ်ဒမီ၏ပညာရှင်အုပ်စုကို အေးစက်စွာ ကြည့်လိုက်ပြီးနောက် သူက "ဝက်ံပါအစိရင်ကိုပိတ်ပြီး မြို့တံခါးတွေဖွင့်ဖို့ ငါပြောခဲ့တယ်။ မင်းတို့အားလုံး နားမကြားဘူးလား"

ရှန်ချင်းယင်က တစ်ခုခုပြောချင်သော်လည်း
ယုဝူရှမ်က ကျင့်ကြံသူအချို့ကို
ဦးဆောင်ကာ ထွက်သွားခဲ့သည်။
မြို့တံခါးတစ်ဝိုက်ရှိ
အဆောက်အအုံများအားလုံးကို
ပိတ်ပစ်လိုက်ကာ မြို့တံခါးများအားလုံး
ပွင့်အာသွားခဲ့သည်။

မြောက်ပိုင်းမြို့တံခါးအပြင်
နတ်ဆိုးဝံပုလွေစစ်တပ်များသည် အခြား

မြို့တံခါး ၃ ပေါက်မှ မြို့ထဲသို့
ဝင်လာကြသည်။

တစ်ဖက်သက်ဆန်သောသတ်ဖြတ်ခြင်းစတ
င်ခဲ့သည်။

အကူအညီမဲ့အော်သံများ၊ ငြီးငြူသံများ၊
ငိုကြွေးသံများ တစ်မြို့လုံး
ကျယ်လောင်လာပါသည်။

"နင်ဘာလုပ်ဖို့ကြိုးစားနေတာလဲ"
ရှန်ချင်းယင်က ယန်ယဲ့ ဆီသို့
လျှောက်သွားပြီး လက်တွေ့ကျကျ
အော်ငေါက်လိုက်၏။

ယန်ယဲ့က သူမကို ဂရုမစိုက်ပေ။ ထိုအစား
နတ်ဆိုးဝံပုလွေစစ်တပ်ကိုသာ
စိုက်ကြည့်နေသည်။ ဒီအချိန်တွင်
နတ်ဆိုးဝံပုလွေစစ်တပ်က အင်အား ၈
သန်းနီးပါးရှိနေပြီဖြစ်သည်။ ၎င်းတို့ထံမှ
ထွက်ပေါ်နေသော ကြောက်မက်ဖွယ်ရာ

အရှိန်အဝါများက သူ၏ဓားစိတ်ဆန္ဒဖြင့်ပင်
တားဆီးဖို့ခက်ခဲသွားပါသည်။

ရှန်ချင်းယင်က ဆက်ပြောဖို့
ရည်ရွယ်ထားသည်။ သို့သော် ယုဝူရှမ်က
ရုတ်တရက်ဆိုသလို သူမဆီ လှမ်းလာပြီး
"ဆရာမရှန်၊ နင်က လူမိုက်ပဲ။ ဒါပေမဲ့
ရှေ့ကိုထွက်ပြီး ကိုယ့်ကိုယ်ကို
အရှက်မခွဲသင့်ဘူး"

ရှန်ချင်းယင်က ဒေါသတကြီး "နင်…."

ယုဝူရှမ်က သူတို့နောက်မှ လူအုပ်ကို လက်ညှိုးထိုးပြပြီး "ဒါကိုကြည့်လိုက်"

ရှန်ချင်းယင်လည်း နောက်လှည့်ကြည့်လိုက်၏။ ဒီအချိန်မှာ သူတို့နောက်ရှိ လူအုပ်ကြီးက ထိတ်လန့်စရာအရေအတွက်နှင့် တိုးလာသည်ကို သူမ မြင်လိုက်ရလေသည်။

အစောပိုင်း လူပေါင်း ၃ သန်းလောက်သာရှိခဲ့သော်လည်း ယခုအခါ ၅ သန်းနီးပါးထိပင်ရှိလာပါပြီ။

ရှန်ချင်းယင်က အံ့သြသွားသည်။
"ဘယ်လိုဖြစ်ရတာလဲ"

ယုဝူရှမ်က "မြို့ထဲမှာ လူဦးရေ သန်း ၁၀၀ လောက်ရှိပေမဲ့ မြို့ကို ကာကွယ်ဖို့ လူ ၃ သန်းလောက်ပဲ ရောက်လာတယ်။ ဘာကြောင့်လဲသိလား....

ဘာကြောင့်လဲ ဆိုတော့

တော်တော်များများက မျှော်လင့်ချက်တွေ

ထားထားကြလို့လေ။ သူတို့အမြင်မှာ

ရှေ့ကနေထွက်တိုက်ခိုက်နေတဲ့သူတွေရှိ

တော့ မြို့ကို ကာကွယ်ဖို့

ဝင်တိုက်ခိုက်စရာမလိုဘူးလို့

ယူဆထားတာတွေပေါ့။ အခု ငါတို့

ဝက်ပါအစီရင်ကိုပိတ်ပြီး

မြို့တံခါးတွေအကုန်ဖွင့်ချလိုက်ပြီ။

တစ်နည်းပြောရရင် လူတိုင်းက

နတ်ဆိုးဝံပုလွေစစ်တပ်ကို ရင်ဆိုင်ရမယ်။

ဘယ်သူမှ အသာအယာနေလို့မရတော့ဘူး။ ဒါကြောင့် သူတို့ အသက်ရှင်ချင်တယ်ဆိုရင် ရွေးချယ်စရာတစ်ခုပဲကျန်တယ်။ ငါတို့အဖွဲ့ထဲကို ဝင်ဖို့ပဲ။ နင် အခုနားလည်ပြီလား"

ရှန်ချင်းယင်က "ဒါပေမဲ့ လူအများကြီးသေလိမ့်မယ်"

ယုဝူရှွမ်က ခေါင်းခါလိုက်ပြီး "တစ်မြို့လုံးကို အသတ်ခံရတာထက်စာရင် ဒါက

ပိုကောင်းတယ်။ ဒါ့အပြင်

နည်းပြဆရာမရှုန်၊ နင့်မှာ ငါတို့လို

အသက်ဆက်ရှင်ဖို့ အရည်အချင်းမရှိရင်

နင့်ပါးစပ်ကိုပိတ်ထားလို့ရမလား၊ ယန်ယဲ့ကို

လူသိရှင်ကြား မေးခွန်းထုတ်တာကို

ရပ်လို့ရမလား ။ ပွင့်ပွင့်လင်းလင်း

ပြောရရင် ငါ့ကို အပြစ်မတင်ပါနဲ့။

နင့်အတွက်ပဲ ဒီလိုလုပ်တာပါ။နင်

သဘောမပေါက်သေးဘူးလား။ ယန်ယဲ့က

နင့်ကို အကြိမ်ကြိမ်သတ်ချင်နေပြီ။

အကယ်ဒမီမှာ

နင့်ရဲ့ထူးခြားတဲ့အဆင့်အတန်းနဲ့
နင်သေတာက အကယ်ဒမီတပ်ဖွဲ့တွေရဲ့
စိတ်ဓာတ်ကို
ထိုးနှက်မဲ့အချက်သာမဟုတ်ရင်
နင်သေတာကြာပြီ”

ရှန်ချင်းယင်က စကားမပြောနိုင်တော့ပါ။

ထိုအချိန်တွင် ယန်ယွဲ့၏နောက်တွင် လူများ
ပိုများလာနေသည်။
အချိန်အနည်းငယ်ကြာသွားပြီးနောက်

လူသားပညာရှင်အုပ်က
ရွှေနတ်ဆိုးဝံပုလွေတောင်တန်း၏
နတ်ဆိုးဝံပုလွေစစ်တပ် ထက်ပင်
ကျော်လွန်သွားပါတော့သည်။
ယန်ယဲ့၏နောက်၌ လူသားကျင့်ကြံသူ ၁၀
သန်းနီးပါး ရှိသည်။

မြောက်ပိုင်းမြို့တံခါးတစ်ခုတည်းသာ
မြို့တော်တစ်ခုလုံး၌ ဘေးကင်းသည်။
ထိုအတွက်ကြောင့် မြို့ထဲရှိလူတိုင်း

မြောက်ပိုင်းမြို့တံခါးဆီသို့
အလျင်အမြန်ပြေးလာကြတော့၏။

ရွှေရောင်ဝတ်ရုံဝတ်လူက ယန်ယဲ့ကို
အချိန်တော်တော်ကြာ စိုက်ကြည့်ပြီး
"လူသား၊ မင်းက တကယ့်ကို ရဲရင့်ပြီး
ပြတ်သားတယ်။ ကံမကောင်းစွာပဲ၊
ဒါတွေအားလုံးဟာ အချည်းနှီးပဲ။
ဘာလို့လဲဆိုတော့ မင်းသေသွားတာနဲ့
ဒီလူသားတွေအားလုံး
ချက်ခြင်းပြိုကွဲလိမ့်မယ်"

စကားဆုံးသည်နှင့်

ရွှေရောင်ဝတ်ရုံဝတ်လူက လေထဲကို

ခုန်တက်လိုက်သည်။ ထို့နောက်တွင်

ကောင်းကင်တစ်ဝက်နီးပါးကိုပင်

ဖုံးကွယ်ထားမတတ်

ရောမရွှေရောင်ဝံပုလွေကြီးတစ်ကောင်က

မြောက်ပိုင်းမြို့တံခါးအပြင်ဖက် လေထဲတွင်

ပေါ်လာသည်။

"ဒါကိုယူ" ရွှေရောင်ဝံပုလွေကြီးက
သူ့လျှာကို ထုတ်ပြီးနောက်
ရောမရွှေရောင်ဝံပုလွေလက်သည်းကြီးက
ကောင်းကင်မှ ဆင်းသက်လာသည်။

လက်သည်းကုတ်ချက်ကနေ
ကြောက်မက်ဖွယ်ရာဖိအားတစ်ခု
ပေါက်ကွဲလာပြီး ယန်ယွဲ့နောက်မှ လူ ၁
သန်းနီးပါးကို မြေပြင်ပေါ်တွင်
ဖိကပ်သွားစေ၏။

သို့သော်လည်း ယန်ယဲ့ထံမှ
ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒ
တဟုန်ထိုးပေါ်လာပြီး အတားအဆီးအဖြစ်
ဖန်တီးလိုက်ကာ ဖိအားက
အနည်းငယ်အားလျော့သွားခဲ့သည်။

ဂျုန်း

ကောင်းကင်နှင့်မြေကြီး၏အရှိန်အဝါများ
တဝုန်းဝုန်းထွက်ပေါ်လာခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ
ဒီတိုက်ခိုက်မှုတစ်ခုတည်းကပင်
ရွှေရောင်ဝတ်ရုံဝတ်လူ၏စွမ်းအားသည်
လုံရှောင်
ထက်အဆပေါင်းများစွာသာကြောင်း
သိသာလေသည်။

အဘယ်ကြောင့်ဆိုသော် ၎င်းသည်
အထက်ကောင်းကင်ယံနှင့်မြေပြင်ရှိ

အောင်ရာကို

အလိုလိုထွက်ပေါ်လာစေကြောင့်ပင်။

ကောင်းကင်နှင့် မြေကြီး၏အောင်ရာက

မည်သည်နည်း။ ၎င်းသည်

အားကောင်းသော အောင်ရာ နှင့် ဖိအားကို

ဖန်တီးဖို့ ကောင်းကင်နှင့် မြေကြီး၏

စွမ်းအင်ကို အသုံးချသည့် ဖြစ်စဉ်တစ်ခု

ဖြစ်သည်။၎င်းသည်

သိုင်းသူတော်စင်တစ်ယောက်သာ

လုပ်ဆောင်နိုင်၏။ သို့မဟုတ်

နတ်ဘုရားအဆင့်နည်းစနစ် နှင့် အချို့သော
သူတော်စင်အဆင့်နည်းစနစ်များကို
အသုံးပြုမှသာ ဖြစ်နိုင်ပေသည်။

သို့သော် ရွှေရောင်ဝတ်ရုံဝတ်လူက
သူ့လက်သည်းကို
လှုပ်ရုံမျှသာဖြစ်သော်လည်း
ကောင်းကင်နှင့်မြေကြီး၏အောက်ရာနှင့်
ယှဉ်နိုင်လောက်အောင်
ကြောက်မက်ဖွယ်ကောင်းသော
ဖိအားတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

ရုပ်ခန္ဓာခွန်အားတစ်ခုတည်းနှင့်
ဖန်တီးလိုက်သောတိုက်ခိုက်မှုပင်ဖြစ်သည်။

လုံရှောင်၏ခန္ဓာကိုယ်သည်
အလွန်သန်မာသော်လည်း ထိုအဆင့်သို့
မရောက်သေးပါ။

ယန်ယွဲ့သည် သူ၏ဓားစိတ်ဆန္ဒကို
အသုံးမပြုတော့ပေ။ ကောင်းကင်အဆင့် ၃

ခားစိတ်ဆန္ဒသည်
ကြောက်စရာကောင်းသော်လည်း
ဤလောက၏အကန့်အသတ်ကို
မကျော်လွှန်ခဲ့ပါ။ ထို့ကြောင့်
ရွှေရောင်ဝတ်ရုံဝတ်လူ၏အော်ရာကို
လုံးလုံးလျားလျား ခုခံနိုင်စွမ်းမရှိပေ။

ယန်ယဲ့က သူ့ဘယ်လက်ကိုဆန့်ကာ
ရှေးဟောင်းခားအိမ်ကို
တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ထားပြီး

ညာလက်ဆန့်ထုတ်သဿ လေထဲကို
ဝှေ့ယမ်းလိုက်၏။

သူ့ခန္ဓာကိုယ်ထဲရှိ
ဆန်းကြယ်ချီစွမ်းအင်များက
ရှေးဟောင်းဓားအိမ်ထဲသို့ တိုးဝင်လာသည်။
တစ်ချိန်တည်းမှာပင် သူ၏
ကောင်းကင်အဆင့် ၃
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်
ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒကလည်း
ရှေးဟောင်းဓားအိမ်ထဲသို့ ရူးသွပ်စွာ
တိုးဝင်လာခဲ့သည်။

အောင်း!

ယန်ယွဲ့၏လက်ထဲမှ ရှေးဟောင်းဓားအိမ်က တုန်ခါလာပြီး
ပြိုးပြိုးပြက်ပြက်ပြက်လက်နေသော
အလင်းတန်းများ ထွက်ပေါ်နေလေသည်။
ထို့နောက်တွင်
အလင်းတန်းမြောက်များစွာက
ယန်ယွဲ့၏ပတ်ပတ်လည် မီတာရာချီသော
ဧရိယာကို လွှမ်းခြုံသွားခဲ့သည်။

ယန်ယဲ့သည်လည်း ဤတိုက်ပွဲကို
ရှုံးနိမ့်ဖို့မတတ်နိုင်ကြောင်း သိထား၏။

အကယ်၍ သူသာ ရှုံးနိမ့်သွားသည်နှင့်
သူ့နောက်မှ လူအုပ်ကြီး ပြိုကွဲကာ
တစ်ကွဲတစ်ပြားစီဖြစ်သွားပါလိမ့်မည်။

ထိုအချိန်တွင်
သိုင်းသူတော်စင်တစ်ယောက်သာ
ပေါ်မလာပါက တိမ်ပင်လယ်မြို့တစ်ခုလုံး

ပျက်ဆီးခြင်းမှ
လွတ်မြောက်နိုင်မည်မဟုတ်ပေ။

"ခုတ်ပိုင်းစမ်း"
ယန်ယွဲ့၏အေးစက်စက်အသံနှင့်အတူ
စူးရှသော ဓားအူသံထွက်ပေါ်လာပြီး
ဓားစွမ်းအင်အလင်းတန်းတစ်ခုဟာ
ကောင်းကင်အထက်သို့ ပစ်လွှတ်လိုက်သည်
။

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြီး ၂၅ ထပ်တိုက်ခိုက်မှုတစ်ခုပင်ဖြစ်သည်။

အမှန်တော့ ယန်ယွဲ့သည် ယခင်က ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြီး ၂၀ ထပ် တိုက်ခိုက်မှုသာ ထုတ်ဖော်နိုင်ခဲ့၏။ ယခုအခါ အဆင့်မြင့်သိုင်းကျောရာဇ်အဆင့်ကို ရောက်သွားပြီးနောက် သူ့ခွန်အားက မူလထက် မြင့်တက်လာခဲ့သည်။ ထို့ကြောင့် ယခုအချိန်တွင်

တစ်ချက်ထုတ်ဖော်လိုက်တိုင်း ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၂၅ ထပ်နိုင်သည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၂၅ ထပ်က မည်မျှထိ ပြင်းထန်ပါမည်နည်း။ မိုးကြိုးငါးသွယ်ဓားကျင့်စဉ်နှင့် ပေါင်းစပ်ပြီး ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒ၊ ကောင်းကင်အဆင့် ၃ သတ်ဖြတ်ခြင်းစိတ်ဆန္ဒတို့ပါ ထည့်ပေါင်းထား၏။ စစ်မှန်သော

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ကလွဲ၍

သူထုတ်ဖော်ခဲ့သမျှ

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား

များအနက်အပြင်းထန်ဆုံးတိုက်ခိုက်မှုဟု

ဆိုနိုင်ပါသည်။

ဓားစွမ်းအင်များ ဆင်းသက်မလာခင်

အာကာသဟင်းလင်းပြင်သည်

စာရွက်တစ်ရွက်အလား ဆုတ်ပြဲ၍

တိုက်ရိုက်ပြိုကျသွားသည်။ ကြီးမားသော

အာကာသအက်ကြောင်းများက

ဓားစွမ်းအင်နောက်တွင် အထပ်ထပ်
လိုက်ကာ ပေါ်လာသည် ။

လူတိုင်း အသက်ကိုအောင့်ထားကာ
စောင့်ကြည့်နေစဉ်မှာပဲ ဓားစွမ်းအင်နှင့်
ရောမရွှေရောင်လက်သည်းကြီးက
တိုက်မိသွားပါတော့သည်။

အထက်ကောင်းကင်ယံက ခဏတာ
တိတ်ဆိတ်သွား၏ ။

ဂျိန်း!

ရွှေရောင်လက်သည်းကြီးက
ပြင်းထန်စွာတုန်ခါလာပြီး
မရေမတွက်နိုင်သော ဓားစွမ်းအင်များ
ကောင်းကင်ယံအထက်၌ လွင့်စင်သွားကာ
ကောင်းကင်ပြင်ကို ချက်ချင်း
ချေမှုန်းပစ်လိုက်သည်။

“ကောင်းကင်အဆင့် စိတ်ဆန္ဒ နှစ်မျိုး။
မဆိုးပါဘူး။ ကံမကောင်းစွာပဲ၊
မလုံလောက်ဘူး"
ရွှေရောင်ဝတ်ရုံဝတ်လူ၏အသံက
ကောင်းကင်အထက်ကနေပဲ့တင်ထပ်လာခဲ့
သည်။ ထို့နောက် ကောင်းကင်ယံအထက်မှ
ရွှေရောင်အလင်းတန်းတစ်ခု
ဖြတ်သွားပြီးနောက် ပေါက်ကွဲသံကြီးတစ်ခု
ထွက်ပေါ်လာပြီး ယန်ယဲ့
အထက်လေထုထဲကို
ချက်ချင်းရောက်ရှိလာသည်။

၁၁၄၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၄၉ - လူတိုင်း ဒီအချိန်ကစပြီး

နည်းပြဆရာရဲယန် ရဲ့အမိန့်ကို နာခံပါ

အောင်း!

ယန်ယဲ့က သူ၏ဓားကို

လျင်မြန်စွာဆွဲထုတ်ပြီး

တစ်ကြိမ်ထပ်ခုတ်ပိုင်းလိုက်သည်။

ဓားစွမ်းအင် အလင်းတန်းတစ်ခု

ကောင်းကင်ယံအထက်သို့ ပြေးတင်လာကာ

ရွှေရောင်လက်သည်းကြီးကို ထိမှန်သည်။

တိုက်မိသည်နှင့် တပြိုင်နက်

ကောင်းကင်ယံအထက်၌

စွမ်းအင်လှိုင်းများပြန့်ကျဲသွားကာ

မရေမတွက်နိုင်သော

စွမ်းအင်လှိုင်းလုံးများသည်
ပတ်ဝန်းကျင်ဆီသို့ ရိုက်ခတ်သွားကြသည်။

ဤမြင်ကွင်းသည်
လူတိုင်းကိုထိတ်လန့်စေသော်လည်း
ရွှေရောင်စွမ်းအင်လှိုင်းများက
ဓားစွမ်းအင်ဖြင့်
ချေဖျက်ခံလိုက်ရသောကြောင့် အားလုံး
စိတ်သက်သာရာရသွားကြသည်။

ထိုအချိန်တွင် ရွှေရောင်ဝတ်ရုံဝတ်လူက ယန်ယဲ့၏ အထက်လေထုထဲသို့ ရောက်ရှိလာသည်။ ဒီတစ်ခါတော့ သူ၏မူလပုံစံမဟုတ်တော့ဘဲ လူသားပုံစံကို ပြန်ပြောင်းထားခဲ့သည်။

"ဒါကိုယူ" စကားတစ်ခွန်းသာပြောလိုက်ပြီး ရွှေရောင်ဝတ်ရုံဝတ်လူ၏ ညာလက်သီးက ယန်ယဲ့ထံ လျှပ်စီးတန်းတစ်ခုအလား ရောက်လာလေသည်။

သို့သော်လည်း ယန်ယဲ့သည်
ချက်ချင်းဆိုသလိုပင် ပျောက်ကွယ်သွား၏။
နောက်တစ်ကြိမ်ပြန်ပေါ်လာသည့်အခါ
ရွှေရောင်ဝတ်ရုံဝတ်လူ၏အထက်
လေထဲတွင် ရှိနေခဲ့သည်။ ထို့နောက်တွင်
ဟာကျူလီယံဓားက
ရွှေရောင်ဝတ်ရုံဝတ်လူ၏ခေါင်းကို
ပိုင်းချလိုက်တော့သည်။

ဘောင်း!

ရွှေရောင်ဝတ်ရုံဝတ်လူ၏ခန္ဓာကိုယ်က
အနည်းငယ်တုန်ခါသွားသော်လည်း
ယန်ယဲ့ကတော့
နောက်ပြန်လွင့်ထွက်လာခဲ့လေသည်။

မြို့ထဲရှိ လူတိုင်း တုန်လှုပ်သွားကြ၏။

ရှန်ချင်းယင်၊ ယုဝူရှွမ် နှင့်
တိမ်ပင်လယ်အကယ်ဒမီ၏ ပညာရှင်များ
သည်ပင် မျက်နှာပျက်သွားခဲ့သည်။

ဒီအချိန်မှာ ယန်ယဲ့ဟာ လုံးဝ ရှုံးနိမ့်လို့မရ
သို့မဟုတ် သေလို့မရပေ။ ယန်ယဲ့သာ
ကျရှုံးသွားပါက မြို့ထဲရှိ
လူသားစစ်တပ်လည်း ချက်ချင်း
ပြိုလဲသွားပေမည်။

မှန်သည်၊ ယန်ယဲ့ ကိုယ်တိုင်လည်း အရှုံးမ
ပေးနိုင်ပါ။အဘယ်ကြောင့်ဆိုသော်
သူရှုံးသွားခဲ့ပါက ဤနေရာ၌ ရပ်နေသော
လူတိုင်း၏ နှလုံးသားထဲတွင်
နတ်ဆိုးဝံပုလွေစစ်တပ်ကို

အကြီးအကျယ်ကြောက်ရွံ့သွားကြပါလိမ့်မ
ည်။ ထိုအချိန်တွင်
နတ်ဆိုးဝံပုလွေစစ်တပ်က
တိုက်ခိုက်စရာပင်မလိုဘဲ
အလိုလိုအနိုင်ယူပြီးသားဖြစ်သည်။

ယန်ယဲ့သည် မြေပြင်ပေါ်တွင်
ထပ်ရပ်လာပြီး သူ့လက်များကို
တစ်ချက်ကြည့်လိုက်သည်။
ဤအခိုက်အတန့်တွင် သူ၏လက်များသည်

ကွဲအက်သွားကာ ဟာကျူလီယံဓား ပင်လျှင် အနည်းငယ်ကောက်ကွေးသွားသည်။

"ဟင်း" ယန်ယဲ့က

အသက်ပြင်းပြင်းရှူလိုက်ပြီး ခေါင်းမော့ကာ မလှမ်းမကမ်းရှိ ရွှေရောင်ဝတ်ရုံဝတ်လူကို ကြည့်ကာ "ပြောစရာမလိုအောင် မင်းရဲ့ခန္ဓာကိုယ်က အရမ်းသန်မာတယ်"

ရွှေရောင်ဝတ်ရုံဝတ်လူက "မင်းရဲ့အရှိန်က အရမ်းမြန်တယ်၊ ငါ့ထက်

အများကြီးမြန်တယ်။ ဥပဒေသစွမ်းအင်က မျှော်လင့်ထားတဲ့အတိုင်းပဲလေ..”

ယန်ယွဲ့က ရုတ်တရက်ပြောလိုက်လေသည် "မင်းသာ ငါ့ရဲ့ဓားအစေခံဖြစ်လာရင် အရမ်းကောင်းမှာပဲ"

"မင်းရဲ့အစေခံ..." ရွှေရောင်ဝတ်ရုံဝတ်လူက အနည်းငယ် အံ့အားသင့်သွားကာ “ဒီလောကမှာ ငါ့ကို တလိုတလားနဲ့ သူတို့ရဲ့အစေခံဖြစ်အောင်လုပ်နိုင်တဲ့သူတွေ

အများကြီးရှိတယ်။ ဒါပေမဲ့ အဲဒီအထဲမှာ မင်းတော့မပါဘူး။ မင်းမှာ ဝှက်ဖဲတွေရှိမှန်း ငါသိတယ်၊ ဒါပေမဲ့ မင်း စမ်းကြည့်လို့ရတယ်"

အာဝူး!

ထိုအချိန်တွင် ကောင်းကင်ယံအထက်၌ အူသံရှတ်တရက် ထွက်ပေါ်လာသည်။ ရွှေရောင်ဝတ်ရုံဝတ်လူက အူသံကိုကြားသောအခါ အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။ သူ့နောက်မှ
နတ်ဆိုးဝံပုလွေစစ်တပ်သည် အမှန်တကယ်
မြေပြင်ပေါ်တွင် ညီညာစွာ
စုစည်းလာကြသည်။

အူသံ ထုတ်လိုက်သူက
ရွှေနတ်ဆိုးဝံပုလွေဘုရင် ပါ။

“ဒီအချိန်ကစပြီး မြို့သူမြို့သားအားလုံး
ရဲယန် ရဲ့အမိန့်ကို နာခံရမယ်။

အမိန့်ကိုဖီဆန်တဲ့ ဘယ်သူ့ကိုမှ
သနားညှာတားရာမလိုဘူး” ထိုအချိန်တွင်
ကောင်းကင်အထက်မှ အေးစက်စက်အသံ
ရှတ်တရက် ထွက်ပေါ်လာသည်။
ထိုအသံက တိမ်ပင်လယ်အကယ်ဒမီ၏
ဌာနမှူးဖြစ်သည်။

ထိုအမိန့်စကားကို ကြားသောအခါ
ရှန်ချင်းယင်၏
နှလုံးသားက တုန်လှုပ်သွားသည်။
ဌာနမှူးပြောသည့်စကားအတိုင်း

မြို့တွင်းရှိလူတိုင်းနှင့် သူမအပါအဝင်
အကယ်ဒမီမှုလူတိုင်း ယခုအချိန်မှစ၍
ယန်ယဲ့၏အမိန့်ကို
နာခံရတော့မည်ဖြစ်သည်။

ယန်ယဲ့သာ အကြွင်းမဲ့အာဏာကို
ဆုပ်ကိုင်ထားမည်ဆိုပါက
တိမ်ပင်လယ်အကယ်ဒမီနှင့်
တိမ်ပင်လယ်မြို့တော်အတွက်
ကောင်းချီးလား၊ သို့မဟုတ်
ကပ်ဘေးလားဟု လူတိုင်းတွေးမိကြသည်။

ယန်ယဲ့သည် ရုတ်တရက် သူ့ဓားကို တစ်ချက်လွှဲယမ်းကာ နောက်လှည့်ကြည့်လိုက်ပြီး သူ့နောက်မှ လူအုပ်ကြီးကို စိုက်ကြည့်ကာ "ပြောစမ်း....၊ မင်းတို့အားလုံး သေချင်ကြလား"

လူအားလုံး ထိတ်လန့်သွားပြီး ခေါင်းကို ဆတ်ဆတ်ခါလိုက်ကြသည်။ ဘယ်သူမှ မသေချင်ကြပေ။

ယန်ယဲ့က သူ့ဓားကို

ရွှေရောင်ဝတ်ရုံဝတ်လူအား ညွှန်ပြပြီး "ဒါကို

တွေ့လား။ အဲဒါ

ရွှေနတ်ဆိုးဝံပုလွေတောင်တန်းရဲ့

ရွှေနတ်ဆိုးဝံပုလွေကလန် လေ။ သူတို့က

ငါတို့အားလုံးကို သတ်ပစ်ဖို့

ရည်ရွယ်ထားတယ်။မင်းတို့အားလုံးက

သူတို့သတ်တာကို ငြိမ်ခံနေမှာလား"

အားလုံးက နောက်တစ်ခါ ခေါင်းယမ်းလိုက်

ကြသည်။

ယန်ယဲ့က "ဒါဆို မင်းတို့အားလုံး ငါတို့ ဘာလုပ်သင့်တယ် ထင်လဲ"

"သူတို့ကိုသတ်ပစ်"

"သူတို့အားလုံးကိုသတ်ပစ်!"

“သတ်”

“သတ်ကြ...”

မရေမတွက်နိုင်သော လူများက စတင်အော်ဟစ်လိုက်ကြသည်။

အောင်း!

ယန်ယွဲ့၏ဟာကျူလီယံဓားက စူးရှသောဓားအူသံတစ်ချက်ထွက်လာသည်။ အဝေးမှ

နတ်ဆိုးဝံပုလွေစစ်တပ်ကို ညွှန်ပြပြီး “မြို့ကို နတ်ဆိုးဝံပုလွေစစ်တပ်က သိမ်းပိုက်လိုက်ပြီ” ဟု အေးစက်စက်အော်လိုက်ရင်း "နတ်ဆိုးဝံပုလွေစစ်တပ်က ငါတို့ကို ရှေ့နဲ့နောက် နှစ်ဖက်ညှပ်ဝိုင်းထားတယ်။ လူတိုင်း! မင်းတို့မသေချင်ရင် သတ်လိုက်ပါ"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက် ယန်ယဲ့၏ပုံရိပ်က

တဖျပ်ဖျပ်တောက်ပလာကာ
ရွှေရောင်ဝတ်ရုံဝတ်လူ ဆီသို့
အလင်းတန်းတစ်ခုလား
ပြေးဝင်သွားပါသည်။

ယန်ယဲ့ စတင်လှုပ်ရှားလိုက်သည့်နောက်
သူ့နောက်မှ လူအုပ်ကြီးလည်း
သွေးများဆူပွက်လာပြီး အားလုံး ရှေ့ကို
တစ်လှမ်းချင်း တိုးထွက်လာကြသည်။

ယုဝ္ဂရွမ်က ရုတ်တရက်ပြောလိုက်သည်

"လူသားတွေဟာ အရမ်းအတ္တဆန်တယ်။

ဒါကြောင့် သူတို့ဟာ အများအားဖြင့်

ဘယ်တော့မှ မစည်းလုံးကြဘူး။ ဒါပေမဲ့

သူတို့ သေခြင်းရှင်ခြင်းအခြေအနေကို

ရင်ဆိုင်ရတဲ့အခါ၊

လုံးဝထွက်လမ်းမရှိတော့ရင်

တစ်ကိုယ်ကောင်းဆန်တဲ့စိတ်ကို

စွန့်လွှတ်ပြီး ပူးပေါင်းတိုက်ခိုက်ဖို့

ရွေးချယ်ကြလိမ့်မယ်"

ယုဝူရှမ် ဘေးတွင် ရပ်နေသည့်
ရှန်ချင်းယင်က ရုတ်တရက်
အံ့အားသင့်စွာဖြင့် ပြောခဲ့သည်။ "ဒါ...ဒါက
ယန်ယဲ့ ဝက်ပါအစီအရင်ကိုပိတ်ပြီး
မြို့တံခါးတွေ ဖွင့်ခိုင်းတဲ့
အကြောင်းရင်းအမှန်ပဲလား"

ယုဝူရှမ်က ခေါင်းညိတ်ပြီး
ပြောလိုက်ပါသည်။ "လူသားတွေဟာ
အသက်ရှင်လိုစိတ် ပြင်းပြတယ်။
လုံးဝထွက်ပေါက်မရှိရင်

အသက်ရှင်ဖို့အတွက် နတ်ဆိုးတွေအဖြစ်
ပြောင်းလဲသွားလိမ့်မယ်။ ဒီအချိန်မှာ
သူတို့အားလုံးကို စစ်တပ်လို စနစ်တကျ
တိုက်ခိုက်ဖို့ မစုစည်းနိုင်သေးပေမဲ့ သူတို့ရဲ့
အသက်ရှင်လိုစိတ်က သာမန်စစ်တပ်တွေနဲ့
တန်းတူဖြစ်သွားစေတယ်။ ဟုတ်ပါတယ်၊
ကြိုတင်သတ်မှတ်ချက်ကတော့ သူတို့မှာ
သူတို့ကို ဦးဆောင်ဖို့
တစ်စုံတစ်ယောက်ရှိနေလို့၊ ပြောရရင် သူတို့
အသက်ရှင်နိုင်မယ်လို့ မျှော်လင့်ထားလို့ပဲ”

"အခုငါနားလည်ပြီ" ရှန်ချင်းယင်က
ခေါင်းညိတ်ကာ သူမ၏နောက်မှ
တပ်ဖွဲ့များကို အချက်ပြပြီး
စတင်တိုက်ခိုက်ခဲ့သည်။

ရွှေရောင်ဝတ်ရုံဝတ်လူ နှင့်
နတ်ဆိုးဝံပုလွေစစ်တပ်သည်လည်း
ယန်ယဲ့နှင့် လူသားကျင့်ကြံသူများက
အမှန်တကယ်
တဟုန်ထိုးတိုက်ခိုက်လိမ့်မည်ဟု
ရှင်းရှင်းလင်းလင်း မမျှော်လင့်ထားပေ။

သူတို့ထင်ထားသည်မှာ လူသားများသည်
ဤမျှကြီးမားသော
နတ်ဆိုးဝံပုလွေတပ်ဖွဲ့ကြီးနှင့်
ရင်ဆိုင်နေရချိန်တွင် မြို့ကိုသာ
ကာကွယ်သင့်သည် မဟုတ်လော။

ယန်ယဲ့၏အမြင်ကတော့ မတူပေ။ သူတို့က
ခံစစ်အနေအထားမလုပ်နိုင်ပေ။
အကြောင်းမှာ နတ်ဆိုးဝံပုလွေစစ်တပ်ကို
ဦးစွာတိုက်ခိုက်ခွင့်ပြုလိုက်သည်နှင့်
တစ်ပြိုင်နက်

သန်းချီသောနတ်ဆိုးဝံပုလွေများက
လူသားစစ်တပ်ကို
ချက်ခြင်းပြိုကွဲသွားစေနိုင်သည်။
နောက်ဆုံးတွင် သူက လူသားစစ်တပ်ကို
အလျင်စလို စုစည်းခဲ့ပြီး
သင့်လျော်သောလေ့ကျင့်မှုတစ်ခုမျှပင်
မသင်ကြားပေးခဲ့ရပေ။ ထို့ကြောင့်
လူသားစစ်တပ်က နတ်ဆိုးဝံပုလွေစစ်တပ်
ထက်အင်အားကြီးသော်လည်း
လက်တွေ့တိုက်ခိုက်ပါက အကျိုးဆက်ကို
လုံးလုံးလျားလျား ခုခံနိုင်စွမ်းမရှိခဲ့ကြပေ။

၎င်းကိုဖြေရှင်းဖို့

တစ်ခုတည်းသောနည်းလမ်းက

လူသားစစ်တပ်ကို

အရင်ဦးစွာတိုက်ခိုက်စေပြီး

ယုံကြည်မှုမြှင့်တင်ပေးဖို့သာ ဖြစ်သည်။

ထိုမှသာ နတ်ဆိုးဝံပုလွေစစ်တပ်နှင့်

ရင်ဆိုင်ရချိန်၌ ချက်ချင်းပြိုကွဲသွားမည်ကို

တားဆီးနိုင်ပါလိမ့်မည်။

အာဝူး!

သိပ်မကြာလိုက်ပေ၊ ကျယ်လောင်သော အူသံများ ထွက်ပေါ်လာပြီးနောက် နတ်ဆိုးဝံပုလွေစစ်တပ်ကလည်း လှုပ်ရှားလာခဲ့သည်။

သန်းချီသော နတ်ဆိုးဝံပုလွေများသည် ရှေ့သို့ တရကြမ်းချီတက်လာပြီး ယန်ယဲ့နှင့် လူသားစစ်တပ်ထံ တိုက်ခိုက်လိုက်ကြသည်။

သန်းချီသော စစ်တပ်ကြီးနှစ်ခု
ရင်ဆိုင်လိုက်သည်ဖြစ်ရာ မြေပြင်သည်
ပြင်းထန်စွာ တုန်လှုပ်သွားခဲ့သည်။

နတ်ဆိုးဝံပုလွေများ
တပြိုင်တည်းလှုပ်ရှားလာပြီးနောက် ၎င်းတို့
ထုတ်လွှတ်သော အရှိန်အဝါက ယန်ယဲ့၏
ကောင်းကင်အဆင့် ၃ စိတ်ဆန္ဒ
နှစ်ခုပေါင်းဖန်တီးထားသည့်
အတားအဆီးကို ချက်ခြင်း
ချိုးဖျက်သွားသည်။

အောင်း!

ရုတ်တရက် လခြမ်းကွေးသဏ္ဍာန် ဓားစွမ်းအင်အလင်းတန်းတစ်ခု လျှင်မြန်စွာ တောက်ပလာပြီး နတ်ဆိုးဝံပုလွေစစ်တပ်ထဲသို့ ချက်ချင်း ပစ်ချလိုက်သည်။

ဓားစွမ်းအင်အလင်းတန်းက ဝံပုလွေအုပ်ထဲ ကျရောက်သွားသည့်နောက် ထောင်ချီသော

နတ်ဆိုးဝံပုလွေများ ချက်ချင်း
အသတ်ခံလိုက်ရသည်။

“သတ်…” ယန်ယဲ့သည်
ညာခြေကိုတစ်ချက်ဆောင့်ကာခုန်ထွက်လို
က်ပြီး ရွှေရောင်ဝတ်ရုံဝတ်လူ ဆီသို့
တိုက်ရိုက်ဦးတည်လိုက်သည်။

ထိုမြင်ကွင်းကြောင့်
ယန်ယဲ့၏နောက်ကွယ်မှ လူသားစစ်တပ်၏

ယုံကြည်မှုသည် ချက်ချင်း
မြင့်တက်လာသည်။ ယန်ယွဲ့သည်
ဓားတစ်ချက်တည်းနှင့် ထောင်နှင့်ချီသော
နတ်ဆိုးဝံပုလွေများအား
သတ်လိုက်သည်ကို မြင်လိုက်ရာ သူတို့၏
မျက်လုံးများသည် သွေးရောင်များ
နီရဲလာကြ၏။

သိပ်ကြာမလိုက်ပါ၊
နတ်ဆိုးဝံပုလွေစစ်တပ်နှင့်
လူသားစစ်တပ်တို့က ရှေ့သို့

တရကြမ်းတက်လာပြီး
ပြင်းထန်စွာတိုက်ခိုက်ကြတော့သည်။

၁၁၅၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ
(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး
အပိုင်း ၁၁၅၀ - အနိုင်ရခြင်း

"စစ်ပွဲကို မြန်မြန်ပြီးအောင်လုပ်ပါ"
ရုတ်တရက်ဆိုသလိုပင် ယုဝ္ဂူရှမ်၏အသံ
ထွက်ပေါ်လာသည်။

ယန်ယွဲ့၏ပုံရိပ်သည် ကောင်းကင်အထက်
မီတာအတော်များများထိ
ခုန်တက်လာပြီးနောက်
အောက်ဖက်မြေပြင်ကို ငုံ့ကြည့်လိုက်သည်။
အောက်မှမြင်ကွင်းကို မြင်လိုက်ရသောအခါ
သူ့နှလုံးသားက တုန်လှုပ်သွားပြီး

မျက်နှာတစ်ခုလုံးလည်း ချက်ချင်းပင်
အုံ့မှိုင်းသွားသည်။

လက်ရှိတွင် လူသားစစ်တပ်က
အခြေအနေဆိုးရွားနေခဲ့သည်။
လူသားစစ်တပ်၏အင်အားက
နတ်ဆိုးဝံပုလွေစစ်တပ်ထက်
သာလွန်သော်လည်း
၎င်းတို့တိုက်ခိုက်ရေးစွမ်းအားဟာ
နတ်ဆိုးဝံပုလွေစစ်တပ်ထက် များစွာ
နိမ့်ကျ၏။

အထူးသဖြင့် လူသားကျင့်ကြံသူများက နတ်ဆိုးဝံပုလွေစစ်တပ်၏ ခံစစ်ကို လုံးလုံးလျားလျား ထိုးဖောက်နိုင်စွမ်းမရှိသည်ဖြစ်ရာ အခြေအနေက အလွန်ဆိုးရွားနေသည်ဟု ဆိုနိုင်သည်။

ရွှေရောင်ဝတ်ရုံဝတ်လူက "ငါပြောပြီးပြီ။ မင်းမြို့ကို ကာကွယ်နိုင်မှာ မဟုတ်ဘူး"

ယန်ယဲ့က ရုတ်တရက်ပြောလိုက်သည်
"အရင်က ငါပြောခဲ့တာကို မင်းမှတ်မိလား"

ရွှေရောင်ဝတ်ရုံဝတ်လူက
မျက်မှောင်ကြုတ်ကာ “ဘာလဲ”

ယန်ယဲ့က "ငါ့အစေခံလေ..."

ရွှေရောင်ဝတ်ရုံဝတ်လူ၏ ပါးစပ်ထောင့်တွင်
လှောင်ပြောင်သရော်သံ

ထွက်ပေါ်လာသည်။ “မင်းဘာလို့
မစမ်းတာလဲ”

"ဒါဆို ဖြစ်အောင်လုပ်မယ်"
ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့ဟာ
နေရာတွင်ပင် ပျောက်ကွယ်သွားသည်။

သို့သော် ခဏအကြာတွင်
သူ၏ခန္ဓာကိုယ်သည် လွင့်ပျံသွားခဲ့သည်။

ဒီမြင်ကွင်းကြောင့် လူသားစစ်တပ်လည်း ထိတ်လန့်သွားသည်။

"ယန်ယဲ့ သေသွားပြီလား"

ဒီအတွေးက ဤနေရာရှိ လူတိုင်း၏ စိတ်ထဲမှာ ပေါ်လာသည်။

ကံကောင်းထောက်မစွာ၊ ယန်ယဲ့သည် လေထဲ၌ တည်ငြိမ်စွာရပ်လိုက်ရာ လူတိုင်း သက်ပြင်းချလိုက်နိုင်ကြသည်။

ရှန်ချင်းယင်လည်း သက်ပြင်းတစ်ချက်ချလိုက်သည်။ယခုအချိ န်တွင် ယန်ယဲ့ကို လူသားစစ်တပ်တစ်ခုလုံး၏ ကျောရိုးအဖြစ် သတ်မှတ်နိုင်သည်။ သူသေဆုံးသွားပါက လူသားစစ်တပ်၏ စိတ်ဓာတ်သည် ချက်ခြင်းယိုင်လဲသွားမည်မှာ

သံသယဖြစ်စရာမလိုပေ။ ထိုအချိန်တွင် ၎င်းတို့၏လူသားစစ်တပ်သည် ပြန်လည်တိုက်ခိုက်နိုင်စွမ်းမရှိပဲ သတ်ဖြတ်ခံရမည်ဖြစ်သည်။ ထို့ကြောင့် ယခုအချိန်တွင် ယန်ယဲ့ကို မည်သည့်အမှားမျိုးမှ အမှားမခံနိုင်ပေ။

တိုက်ပွဲသည် တခဏမျှသာ ရပ်တန့်သွားပြီး လူသားကျင့်ကြံသူများနှင့် နတ်ဆိုးဝံပုလွေများက နောက်တစ်ကြိမ် တိုက်ပွဲပြန်စလိုက်ကြတော့သည်။

ဤအခိုက်အတန့်တွင် ၎င်းတို့အားလုံးသည်
သတ်ဖြတ်လိုစိတ်များဖြင့် ပြည့်နှက်နေပြီး
နတ်ဆိုးဝံပုလွေစစ်တပ်ကို ရူးသွပ်စွာ
တိုက်ခိုက်နေကြသည်။

လူသားစစ်တပ်သည်
နတ်ဆိုးဝံပုလွေစစ်တပ်ထက်
အရည်အသွေးနိမ့်သော်လည်း မြို့ထဲရှိ
လူသားကျင့်ကြံသူများ
ဆက်တိုက်ရောက်လာနေသောကြောင့်

အင်အားအသာစီးရလာခဲ့သည်။ ဒီအချိန်မှာ လူသားစစ်တပ်က အင်အား ၁၅ သန်းထိပင်ရှိလာပါသည်။

ထို့အပြင် လူသားကျင့်ကြံသူအများအပြားအပြေးအလွှား ရောက်လာနေကြဆဲပင်။

ဒီအချိန်မှာ ယန်ယဲ့ နှင့် ရွှေရောင်ဝတ်ရုံဝတ်လူ တို့ကြား တိုက်ပွဲက ခဏတာရပ်တန့်သွားသည်။

ယခုအချိန်တွင် ယန်ယဲ့၏အခြေအနေက
အနည်းငယ်ဆိုးရွားခဲ့သည်။ အစောပိုင်းက
ပြန်လည်ကောင်းမွန်လာခဲ့သည့်
သူ့ရင်ဘတ်ဟာ
နောက်တစ်ကြိမ်ပွင့်ထွက်သွားပြီး
သူ့ပါးစပ်ထောင့်ကနေလည်း သွေးများ
အဆက်မပြတ် စီးကျလာသည်။

ယန်ယဲ့ရှေ့တွင် ရပ်နေသော ရွှေရောင်ဝတ်ရုံဝတ်လူကတော့ ပို၍ပင်ဆိုးနေသေး၏။

သူ့လည်ချောင်းက သွေးဒဏ်ရာတစ်ချက်ရှိနေပြီး သွေးများ တစိမ့်စိမ့်စီးထွပ်နေခံသည်။ ထို့အပြင် သူ့ရင်ဘတ်၌ ရှည်လျားသောဓားဒဏ်ရာတစ်ခုရှိနေသည်။ ဓားဒဏ်ရာ သူ၏အတွင်းအင်္ဂါများကိုပင် မြင်နိုင်လောက်အောင်နက်ရှိုင်းလွန်းလှသည်

။

ရှေရောင်ဝတ်ရုံဝတ်လူက လက်ကိုဆန့်ကာ သူ့လည်ပင်းကို ထိလိုက်ပြီး တဖန် ယန်ယဲ့ကို ပြန်ကြည့်လိုက်သည်။ သူ့လက်ပေါ် ရှိ သွေးများကို ကြည့်ကာ "ဟင်းလင်းပြင်တစ်ပိုင်းအဆင့် ဓားစိတ်ဆန္ဒပဲ။ ထားလိုက်ပါ၊ ငါ မင်းကို တကယ်လျှော့တွက်ခဲ့တယ်။အခု မင်း ငါ့ရဲ့ တတိယညီတော်ကို ဘာကြောင့်သတ်နိုင်ခဲ့တာလဲဆိုတာ ငါနားလည်သွားပြီ။ သူ့ရဲ့ရုပ်ခန္ဓာကိုမပြောနဲ့၊

ငါတောင်မှ ဟင်းလင်းပြင်တစ်ပိုင်းအဆင့်

ဓားစိတ်ဆန္ဒကို မခံနိုင်ဘူး။ သူ့သေဆုံးမှုက

တကယ်ကံမကောင်းလို့ မဟုတ်ဘူးပဲ။

လုံးဝကို ကံဆိုးတာ..."

ယန်ယဲ့သည် ရွှေရောင်ဝတ်ရုံဝတ်လူကို

စိုက်ကြည့်ကာ သူ့မျက်နှာက

အနည်းငယ်ရှုံ့မဲ့သွား၏။

သူသည် ရွှေရောင်ဝတ်ရုံဝတ်လူကို

တစ်ချက်တည်းနှင့် အဆုံးသတ်နိုင်မည်ဟု

မျှော်လင့်ခဲ့သဖြင့်

ဟင်းလင်းပြင်တစ်ပိုင်းအဆင့်

ဓားစိတ်ဆန္ဒကို ရုတ်တရက်

အသုံးပြုခဲ့သည်။ ကံဆိုးစွာပဲ သူ့အထင်က

မှားယွင်းသွား၏။ ရွှေရောင်ဝတ်ရုံဝတ်လူကို

ဒဏ်ရာရစေရုံသာဖြစ်ပြီး

သူကိုယ်တိုင်လည်း

၎င်း၏လက်သီးချက်ဖြင့်

အပြင်းအထန်ဒဏ်ရာရခဲ့သည်။

သူ၏ရုပ်ခန္ဓာအကာအကွယ်ကြောင့်သာမဟု
တ်ပါက ဒီလက်သီးချက်ဖြင့်ပင်
သေနေလောက်ပြီ ဖြစ်သည်။

ဘုန်း!

ထိုအချိန်တွင်
ရွှေရောင်ဝတ်ရုံဝတ်လူ၏ခန္ဓာကိုယ်ထဲကနေ
ရွှေရောင်အလင်းတန်းများ ရုတ်တရက်
ထွက်ပေါ်လာသည်။

ရွှေရောင်အလင်းတန်းများက
၎င်း၏တစ်ဝိုက်တွင်ရစ်ပတ်သွားကာ
အလွန်ပါးလွှာသော ဝတ်ရုံတစ်ခု
ဖြစ်ပေါ်လာသည်။ ရွှေရောင်အလွှာက
၎င်း၏မျက်လုံးများကို လုံးလုံးလျားလျား
ဖုံးအုပ်ထားပြီး ရွှေရောင်မျက်လုံးများဟုပင်
ဆိုနိုင်လေသည်။

“ဒါကို နတ်ဘုရားရွှေဝတ်ရုံ လို့ခေါ်တယ်၊
အဲဒါက ငါ့ရဲ့မွေးရာပါနတ်ဘုရားစွမ်းရည်ပဲ”

ရွှေရောင်ဝတ်ရုံဝတ်လူက “ငါ့အနားမှာ ငါ…
.”

“အချိန်ဖြုန်းတာကလွဲလို့ ငါတို့က
အပိုစကားတွေပြောနေတာ
လုံးဝအဓိပ္ပါယ်မရှိဘူးလို့ ငါထင်ပါတယ်။
ဒါဆိုအပိုစကားတွေရပ်ပြီး ငါ့ကို
တိုက်ခိုက်လိုက်စမ်း" ယန်ယွဲ့က
အေးစက်စက်ပြောပြီး
ရွှေရောင်ဝတ်ရုံဝတ်လူ ထံ
ခုန်အုပ်လိုက်သည်။

တစ်ချိန်တည်းမှာပင် မရေမတွက်နိုင်သော ခေါ်စွမ်းအင်များက ရွှေရောင်ဝတ်လူကို လွှမ်းခြုံသွားသည်။

ဒီအချိန်မှာ ယန်ယွဲ့သည် သူ၏ ဟင်းလင်းပြင်တစ်ပိုင်းအဆင့် ခေါ်စိတ်ဆန္ဒကို ဖုံးကွယ်မထားတော့ပေ။ သူက ၎င်းကို အသုံးမပြုဘဲ တိုက်ခိုက်နေပါက ရွှေရောင်ဝတ်ရုံဝတ်လူ၏ လက်ချက်ဖြင့်

သူသေသည်အထိ

ရိုက်နှက်ခံရမည်ဖြစ်သည်။

နောက်ဆုံးတွင်

ဟင်းလင်းပြင်တစ်ပိုင်းအဆင့်

ဓားစိတ်ဆန္ဒကို အသုံးမပြုဘဲ

သူ၏တိုက်ခိုက်မှုက ရွှေရောင်ဝတ်လူ၏

အကာအကွယ်ကို

မဖောက်နိုင်ပါ။အကယ်၍ သူသည်

ပြိုင်ဖက်၏ခံစစ်ကို မထိုးဖောက်နိုင်ပါက

သူကိုယ်တိုင်သာ အရိုက်ခံနိုင်သည်။

ဟင်းလင်းပြင်တစ်ပိုင်းအဆင့် ဓားစိတ်ဆန္ဒ ၏ ဖိအားကြောင့်  ကောင်းကင်ကြီးသည် တုန်ခါသွားကာ အထက်ကောင်းကင်ယံမှ အော်ဟစ်သံများ အဆက်မပြတ် ထွက်ပေါ်လာသည်။

ယုဝူရှမ်သည် မြေပြင်တစ်နေရာမှ ကောင်းကင်ယံအထက်ကို စူးစိုက်စိုက်ကြည့်နေပြီး သူမ၏မျက်လုံးများသည် စိုးရိမ်မှုဖြင့် ပြည့်နှက်နေသည်။

အောက်ခြေမှ စစ်တပ်နှစ်ခုသည်
မြေပြင်တွင်
အပြင်းအထန်တိုက်ခိုက်နေကြ၏။
သို့သော်လည်း ကောင်းကင်ယံအထက်တွင်
တိုက်ခိုက်နေသော
သိုင်းသူတော်စင်များအပြင် ယန်ယဲ့ နှင့်
ရွှေရောင်ဝတ်ရုံဝတ်လူ
တို့ကြားတိုက်ပွဲကသာ နှစ်ဖက်စစ်တပ်၏
တိုက်ပွဲ၏ရလာဒ်ကို ဆုံးဖြတ်နိုင်ပါမည်။

နတ်ဆိုးဝံပုလွေစစ်တပ်ပင်ဖြစ်စေ

လူသားစစ်တပ်ပင်ဖြစ်စေ

ခေါင်းဆောင်မရှိပါက

ချက်ခြင်းပြိုကွဲသွားပါလိမ့်မည်။

ယန်ယဲ့ အနိုင်ရခဲ့ပါက

လူသားစစ်တပ်ဟာသူ၏ခေါင်းဆောင်မှု

အောက်တွင် နတ်ဆိုးဝံပုလွေစစ်တပ်ကို

ချေမှုန်းနိုင်မည်ဖြစ်သည်။

အပြန်အလှန်အားဖြင့် ယန်ယဲ့သာ

ကျရှုံးသွားပါက နတ်ဆိုးဝံပုလွေစစ်တပ်ဟာ

ရွှေရောင်ဝတ်လူ၏ ဦးဆောင်မှုဖြင့် မြို့ထဲမှ
လူတိုင်းကို သေချာပေါက်
သတ်ဖြတ်ပစ်ပါလိမ့်မည်။

တစ်နည်းဆိုရသော် ယန်ယဲ့ နှင့်
ရွှေရောင်ဝတ်ရုံဝတ်လူ တို့ကြားမှ
တိုက်ပွဲသည် လူသားစစ်တပ်နှင့်
နတ်ဆိုးဝံပုလွေစစ်တပ်ကြားက
ဤတိုက်ပွဲ၏ ရလာဒ်ကို ဆုံးဖြတ်ဖို့
အဓိကသော့ချက်အဖြစ် ယူဆနိုင်သည်။

"နယ်မြေ…." ရုတ်တရက်ဆိုသလိုပင်
ကောင်းကင်ယံအထက်မှ ထိတ်လန့်တုန်
လှုပ်သွားသော အသံ ထွက်ပေါ်လာသည်။

ရွှေရောင်ဝတ်ရုံဝတ်လူ၏အသံပါ။
သူ့အသံက ရုတ်တရက် ပဲ့တင်ထပ်လာပြီး
ကောင်းကင်ယံအထက်ဟာ ချက်ချင်း
တိတ်ဆိတ်သွားသည်။ ထိုနေရာတွင်
မရေမတွက်နိုင်သော ဓားစွမ်းအင်များ
တလက်လက် ရှိနေသော်လည်း
ဆူညံသံများပင် မကြားရပေ။

တိတ်ဆိတ်မှုက အသက်ရှူ ၁၀
ရှိုက်စာခန့်ကြာပြီးနောက်
ကောင်းကင်ယံအထက်၌ ဓားစွမ်းအင်များ
တဖြည်းဖြည်း ပျံ့လွင့်လာသည်။
ထို့နောက်တွင် လူတစ်ဦးက
အားလုံးရှေ့တွင် ပေါ်လာခဲ့သည်။

ဤလူကို မြင်လိုက်သောအခါ
လူသားအားလုံး တညီတညွတ်တည်း
အော်ဟစ်လိုက်ကြတော့သည်။ တစ်ဖက်ရှိ

နတ်ဆိုးဝံပုလွေစစ်တပ်ကတော့
ဝမ်းနည်းပူဆွေးစွာ အူကြသည်။

သူတို့ရှေ့တွင် ပေါ်လာသူက ယန်ယွဲ့
ဖြစ်နေသောကြောင့်ပင်တည်း။

သို့သော် ယန်ယွဲ့လည်း
အကောင်းကြီးတော့မဟုတ်ပေ။
သူ့တစ်ကိုယ်လုံး သွေးများဖုံးလွှမ်းနေပြီး
ပါးစပ်ထောင့်ကနေ သွေးများ
အဆက်မပြတ်

စီးကျနေသော်။အရေးအကြီးဆုံးကတော့ ယန်ယဲ့၏ဆံပင်များဟာ နှင်းဖြူရောင် ပြောင်းသွားခဲ့ပြီ ဖြစ်သည်။

သို့သော် လူတိုင်းက ထိုအခြေအနေကို အာရုံမစိုက်နိုင်အားပေ။ သူတို့သိသည်မှာ ယန်ယဲ့ အနိုင်ရခဲ့ကြောင်းဟူ၍သာ။

"လူသား! ငါ့ရွှေနတ်ဆိုးဝံပုလွေဘုရင်...၊ မင်းကိုမသတ်နိုင်ရင် ငါ့ကိုယ်ငါသတ်သေမယ်လို့

ငါ့အတွင်းစိတ်နတ်ဆိုးတွေကို

ကျိန်ဆိုတယ်" ရုတ်တရက်

ကောင်းကင်ယံအထက်မှ ပြင်းထန်သော

အော်သံကြီး ထွက်ပေါ်လာပြီး

ကောင်းကင်ပြင်က

လှိုင်းတွန့်များထလာခဲ့သည်။ အလွန်

ထိတ်လန့်ဖွယ်ရာ မြင်ကွင်းတစ်ခု

ပင်ဖြစ်ခဲ့သည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်၏အသံ

ထွက်ပေါ်လာသည့်နောက်

နတ်ဆိုးဝံပုလွေစစ်တပ်က နောက်လှည့်ပြီး ရွှေနတ်ဆိုးဝံပုလွေတောင်တန်းဆီ ပြန်ဆုတ်သွားပါတော့သည်

"ဒီအခွင့်အရေးကို အသုံးချပြီး သူတို့ကို လိုက်တိုက်ခိုက်သင့်လား" ရှန်ချင်းယင်က ယန်ယဲ့၏ဘေးနားကို ပျံသန်းသွားပြီး စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

ထိုအခိုက် ယုဝ္ဂူရှမ်က ယန်ယဲ့၏နံဘေးမှာ ပေါ်လာပြီး  အေးစက်သောလေသံဖြင့် ပြောလိုက်သည်။ သူမက ရှန်ချင်းယင်ကို ကြည့်လိုက်ပြီး "ဆရာမရှန်၊ နင်သေမှာမကြောက်ရင် သွားလိုက်"

"ဘာလို့လဲ" ရှန်ချင်းယင်က အံ့အားသင့်သွားပြီး "ငါတို့တပ်ဖွဲ့ရဲ့ စိတ်ဓာတ်က ဒီအချိန်မှာ အရမ်းမြင့်မားနေတယ်။ ယန်ယဲ့က ငါတို့ကို ဦးဆောင်နေသရွေ့

ငါတို့ကနတ်ဆိုးဝံပုလွေတွေကို

အပြင်းအထန် ထိုးနှက်နိုင်မှာ သေချာတယ်”

ယုဝူရှမ်က ရှန်ချင်းယင်ကို

အရူးတစ်ယောက်လို ကြည့်နေသကဲ့သို့

ကြည့်လိုက်ပြီးနောက် ဂရုမစိုက်တော့ပေ။

သူမသည် ယန်ယဲ့၏ဘေးနားကို

လျှောက်သွားကာ ပါးစပ်ထောင့်မှ သွေးများ

စီးကျနေဆဲ မျက်လုံးမှိတ်ထားသော

ယန်ယဲ့ကို စိုက်ကြည့်ရင်း နာကျင်မှု

အရိပ်အယောင်များ ထွက်ပေါ်လာသည်။

သူမက တိုးတိုးလေးနှင့်မေးလိုက်လေသည်
"နင်အဆင်ပြေရဲ့လား"

၁၁၅၁

Almighty Sword Domain

အဆိုးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၅၁ - အပြင်စည်းခြံဝန်းကို

အကုန်သတ်မယ်

ထိုအခိုက်တွင်
လှုံကိုင်ထားသောလူတစ်ယောက်
မြို့အဝင်ဝတွင် ရုတ်တရက်ပေါ်လာသည်။

ယန်ယဲ့သည် ထိုလူကိုမြင်သောအခါ
နိုးကြားသောအမူအရာတစ်ခုကို
ချက်ချင်းထုတ်ဖော်လိုက်သည်။အဘယ်
ကြောင့်ဆိုသော် သူက ထိုလူထံကနေ
လူသတ်လိုစိတ်ကို
ခံစားမိသောကြောင့်ဖြစ်သည်။

ရှန်ချင်းယင်က ဝမ်းသာအားရနှင့် "ချန်းဖန်၊ နင် တံခါးပိတ်ကျင့်ကြံတာကနေ ထွက်လာပြီလား"

ထိုလူက ရှန်ချင်းယင်ကို ဂရုမစိုက်ဘဲ ယန်ယွဲ့ကို စူးစိုက်ကြည့်ကာ "မင်းက ငါ့လျှို့ဝှက်ခြံဝန်းရဲ့အဖွဲ့ဝင်အားလုံးကို သတ်လိုက်တာလား"

ရှန်ချင်းယင်၏အမူအရာသည် အနည်းငယ် ပြောင်းလဲသွားသည်။ သူမ တစ်ခုခု

ပြောချင်သော်လည်း ထိုလူက သူ့လက်ကို

ဝှေ့ယမ်းကာ “ဒါ မင်းပဲ ဖြစ်နိုင်တယ်။

မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး၊

သွားတစ်ချောင်း။

ငါ့လျှို့ဝှက်ခြံဝန်းကလူတိုင်းကို

မင်းသတ်လိုက်တယ်ဆိုမှတော့

မင်းရဲ့အပြင်စည်းခြံဝန်းကလူအားလုံးကို

ငါသတ်ပစ်မယ်"

စကားပြောပြီးသည်နှင့် သူ၏လုံကို ယန်ယဲ့
ဆီသို့ လျင်မြန်စွာ ထိုးလိုက်ပြီး
"ကြယ်ကြွေ...."

လုံပတ်လည်ရှိ အာကာသဟင်းလင်းပြင်က
ချက်ချင်းပင် ကွဲအက်သွား၏။
တစ်ချိန်တည်းမှာပဲ သူ့လုံထိပ်က
အာကာသဟင်းလင်းပြင်ကို ဆုတ်ဖြဲ၍
ယန်ယဲ့ရှေ့ကို ချက်ချင်းရောက်သွားသည်။

ယန်ယဲ့၏အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားသည်။ သူ့ခွန်အားအချို့ကို
စုဆောင်းထားသည်ဟု မဆိုလိုသော်လည်း
သူ၏ လက်ရှိအခြေအနေတွင်
လှုပ်ရှားရန်ပင် ခက်ခဲလှသည်။

သေချာတာတစ်ခုက
သေခြင်းတရားရောက်လာဖို့
စောင့်ဆိုင်းနေရုံနှင့်တော့မပြီးပေ။
သူ့ခန္ဓာကိုယ်ထဲရှိ ဆန်းကြယ်ချီစွမ်းအင်ကို
အကန့်အသတ်ထိမြှင့်တင်လိုက်သည်။
ရုတ်တရက် သူ့လက်အား

ဆုပ်ကိုင်လိုက်သည်ကို ခံစားမိလိုက်ကာ သူ့ရှေ့တွင် သေးငယ်ပြီး နူးညံ့သိမ်မွေ့သောပုံရိပ်လေးပေါ်လာပြီး ယန်ယဲ့လည်း ဘေးသို့ အနည်းငယ် လွင့်သွားခဲ့သည်။

"ဝူရှမ်လား၊ မင်း....
မင်းနောက်ပြန်ဆုတ်စမ်း" ယန်ယဲ့က ထိတ်လန့်သွားပြီး အော်ဟစ်လိုက်သည်။

ဘန်း

လုံ့က ယုဝူရွှမ်၏ခန္ဓာကိုယ်လေးကို ထိမှန်သွားပါသည်။

သူမ၏ နှုတ်ခမ်းများကြားမှ သွေးအချို့ ဖြန်းခနဲ အန်ထွက်လာပြီး ချစ်စဖွယ်မျက်လုံးလေးများပင် ပြူးကျယ်သွားသည် ။ ထို့နောက်တွင် လုံ့ချက်မှဖိအားက သူမနှင့်ယန်ယဲ့ကို မီတာရာချီအကွာသို့ လွင့်ထွက်သွားစေခဲ့သည်။

"ဝူရှမ်" ဒီမြင်ကွင်းကို မြင်လိုက်သောအခါ
ယုဝူကျား၏မျက်နှာသည်
ချက်ချင်းဖြူဖျော့သွားသည်။ သူမက
ယန်ယဲ့နှင့် ယုဝူရှမ်
တို့လွင့်ထွက်သွားသည့်နေရာကို
အရူးတစ်ယောက်အလား
ပြေးသွားလေတော့သည်။

ထိုအချိန်တွင် ဖုန်းဝူချောင် နှင့် အခြား
အပြင်စည်းကျောင်းသားများ
ထိတ်လန့်တုန်လှုပ်သွားကြသည်။

အပြင်စည်းကျောင်းသား အားလုံး
ဒေါသတကြီးထြစ်သွားကာ ဂူချန်းဖန် ကို
တိုက်ခိုက်လိုက်ကြတော့သည်။
သူတို့တင်မကပေ၊
ကျင့်ကြံသူအများအပြားပင် ဂူချန်းဖန် ကို
ဒေါသတကြီးတိုက်ခိုက်ခဲ့ကြသည်။

ဂူချန်းဖန်က သူ့ဆီ ပြေးဝင်လာသည့်
လူအုပ်ကို မြင်လိုက်ရာ
မျက်လုံးများကျဉ်းသွားပြီး

ရက်စက်သောအမူအရာများ
တလက်လက်တောက်ပလာသည်။

ဂူချုန်းဖန်က တိုက်ခိုက်ဖို့ပြင်လိုက်စဉ်
ရှန်ချင်းယင်က လူအုပ်ရှေ့တွင် ရုတ်တရက်
ပေါ်လာပြီး
ဒေါသတကြီးအော်ဟစ်လိုက်သည်
"အားလုံးရပ်လိုက်ကြစမ်း"

လူတိုင်း ချက်ချင်းရပ်သွားသည်။
ရှန်ချင်းယင်သည်

တိမ်ပင်လယ်အကယ်ဒမီ၏

နည်းပြဆရာဖြစ်ရာ မည်သူမျှ သူမကို
မလွန်ဆန်ဝံ့ပေ။

သို့သော် ဖုန်းဝူချောင် နှင့်
အပြင်စည်းကျောင်းသားများက
မရပ်တန့်ဘဲ ဂူချန်းဖန် ထံ
ဆက်၍တိုက်ခိုက်လိုက်ကြသည်။

"သေချင်နေတာတွေ...."
ဂူချန်းဖန်၏မျက်လုံးများတွင်

ရက်စက်ကြမ်းကြုတ်သောအမူအရာတစ်ခု ထွက်ပေါ်လာပြီး သူ့လက်ထဲမှလုံကြ အပြင်စည်းကျောင်းသားများ ဆီသို့ ပြေးသွားလေသည်။ ဖုန်းဝူချောင်၊ လီမိုကျန်း တို့ထက်စာလျှင် အားနည်းသော အပြင်စည်းကျောင်းအချို့က လွင့်ထွက်သွားကာ ချက်ချင်းပင်သေဆုံးသွားခဲ့သည်။

အပြင်စည်းကျောင်းသားများအားလုံး တိုက်ခိုက်မှုတစ်ခုတည်းဖြင့် ရှုံးနိမ့်ခဲ့သည်။

ဤနေရာရှိလူတိုင်း အံ့သြသွားကြသည်။

"ဘယ်လောက်တောင် အမှိုက်တွေလဲ"
ဂူချန်းဖန်၏မျက်လုံးများတွင်
အထင်အမြင်သေးမှု တစ်ချက်
ထွက်ပေါ်လာသည်။ သူက နောက်တစ်ကြိမ်
တိုက်ခိုက်ဖို့ ပြင်လိုက်၏။

သို့သော် ရှန်ချင်းယင်က သူ့ရှေ့တွင်
ပေါ်လာပြီး သူမ၏ မျက်နှာပေါ်တွင်

မှုန်မှိုင်းသော အမူအရာဖြင့်
စူးစိုက်ကြည့်ကာ "ဂူချန်းဖန်၊
နင်ဘာလုပ်နေတာလဲ"

"ငါဘာလုပ်နေတာလဲ" ဂူချန်းဖန်က
အေးစက်စွာ ရယ်မောရင်း “ဆရာမရှန်၊
ငါ့လျှို့ဝှက်ခြံဝန်းကကျောင်းသားတွေ
အားလုံးကို ရဲယန်က သတ်လိုက်တာ။
ဒါတောင် မင်းက ငါ့ကို ဒီမှာ
ဘာလုပ်နေတာလဲလို့ မေးနေတာလား။
ဒါတကယ်ရယ်စရာမဟုတ်ဘူးလား"

ထိုအချိန်တွင် ယန်ယဲ့သည် နောက်ဆုံးတွင် မြေပြင်ပေါ်မှ တွားသွားထလာခဲ့သည်။ ထို့နောက် ပတ်ဝန်းကျင်ကို ချက်ချင်း ကြည့်လိုက်သည်။ အဆုံးတွင် သူ့အကြည့်များသည် သူနှင့် သိပ်မဝေးသော မြေတွင်းငယ်တစ်ခုပေါ်သို့ ကျဆင်းသွားသည် ။

ယန်ယဲ့သည် ချက်ချင်း ထိတ်လန့်သွားပြီး သူ့လက်ဖဝါးနှစ်ဖက်ကို

မြေပြင်ထောက်ကာ တွင်းငယ်လေးဆီသို့ သွားလိုက်၏။ တွင်းထဲမှာ သေးငယ်သော မိန်းမငယ်လေးတစ်ယောက်ရှိနေခဲ့သည်။ မိန်းမငယ်လေးက ယန်ယဲ့ကို ဝင်ရောက်ကယ်တင်ခဲ့သည့် ယုဝူရှမ်း ပင်။

ယန်ယဲ့သည် သူမကိုမြင်သောအခါ ချက်ချင်းပင်ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

..

"သူမ သေပြီလား" ယန်ယဲ့သည် တုန်လှုပ်သွားပြီး တွင်းထဲရှိ

သိမ်မွေ့သောရုပ်ပုံလေးကို စိုက်မကြည့်မိ
မြေပေါ်သို့ လဲကျသွားခဲ့သည်။

"ဒီအတိုင်းပဲ သူသေသွားပြီလား။ သူက
ငါ့အတွက် အသေခံလိုက်တာလား"

ဒီအချိန်မှာ ယန်ယွဲ့၏
နှင်းဖြူရောင်ဆံပင်များက တဖြည်းဖြည်း
အနီရောင်ပြောင်းလာသည်။ သူ့ဆံပင်များ
နီရဲလာရုံသာမကပေ၊

ယန်ယဲ့၏မျက်လုံးများဟာ
ကြက်သွေးရောင်သမ်းလာခဲ့သည်။
အသက်၅၂ ရှိုက်စာအတွင်းမှာပင်
ယန်ယဲ့၏ဆံပင်များက
သွေးရောင်ပြောင်းသွားကာ
သူ့မျက်လုံးများကလည်း
သွေးရောင်အတိဖြစ်သွားလေတော့သည်။

တဖန် သူ့မျက်လုံးအစုံကနေ သွေး
မျက်ရည်များ ဖြည်းညှင်းစွာ
စီးကျလာပါသည်...။

တစ်ချိန်တည်းမှာပင်

ယန်ယဲ့၏ခန္ဓာကိုယ်ထဲကနေ

အနီရောင်အလင်းတန်းများ အဆက်မပြတ်

ပေါက်ကွဲလာပြီး

ရောမသွေးတိုင်လုံးကြီးတစ်ခုသဖွယ်

ကောင်းကင်ထက်သို့

ထိုးတက်သွားခဲ့ပါသည်။

ဤအခိုက်တွင်

သွေးရောင်အလင်းတန်းများဟာ

ပတ်ဝန်းကျင်ကို လွှမ်းခြုံသွားပြီး
ကြောက်မက်ဖွယ်ရာ
သတ်ဖြတ်ခြင်းစိတ်ဆန္ဒပါ
လိုက်ပါလာခဲ့သည်။

ယန်ယဲ့၏ပတ်ဝန်းကျင် ၃ ကီလိုမီတာ
အကွာအဝေးရှိ လူအများအပြားကိုပင်
လွှမ်းမိုးစပြုလာသောကြောင့်
လူတိုင်းထိတ်လန့်တုန်လှုပ်သွားကာ
၎င်းတို့မျက်လုံးထဲမှ
သတ်ဖြတ်လိုစိတ်များဖြင့်
ကြက်သွေးရောင်သမ်းလာခဲ့သည်။

"နည်းပြဆရာရဲ၊ မြန်မြန်ရပ်လိုက်တော့"
အဆင့်မြင့်ပညာရှင်အများအပြားက
အနီးပတ်ဝန်းကျင်ရှိ လူအများ အချင်းချင်း
စတင်တိုက်ခိုက်လာသောကြောင့်
ကျယ်လောင်စွာ အော်ဟစ်တား
ဆီးကြသည်။

သို့သော်လည်း ယန်ယွဲ့သည်
ရပ်တန့်ဖို့ငြင်းဆိုရုံမျှမက
သူထုတ်လွှတ်လိုက်သော

သွေးတိုင်လုံးကြီးက ပို၍ ပင်
အားကောင်းလာခဲ့သည်။

ကောင်းကင်သည်ပင် အရောင်ပြောင်းကာ
သွေးရောင်လွှမ်းနေသော
ကောင်းကင်ကြီးဖြစ်သွား၏။
တစ်ချိန်တည်းမှာပင်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒသည်
ပိုမိုအားကောင်းလာကာ
သူတော်စင်တစ်ပိုင်းအဆင့်များကိုပါ
ဖိနှိပ်လိုက်သည်။

အားလုံးက သတ်ဖြတ်ခြင်းစိတ်ဆန္ဒဖြင့်
လွှမ်းမိုးခံရပြီး
အချင်းချင်းတိုက်ခိုက်ခဲ့သည်။
အခြေအနေက လုံးဝကို ပရမ်းပတာ
ဖြစ်သွားလေသည်။

ထိုအချိန်တွင် ရှန်ချင်းယင် နှင့်
သူမ၏နောက်မှ လူတိုင်းလည်း
လှုပ်ရှားမှုများရပ်တန့်သွားကာ ယန်ယဲ့ကို
အံ့အားသင့်စွာ စိုက်ကြည့်နေကြသည်။

ဤအခိုက်အတန့်တွင်

ယန်ယဲ့၏တစ်ကိုယ်လုံးဟာ

ကြက်သွေးရောင်နီရဲနေပြီး

မရေမတွက်နိုင်သော

အနီရောင်အလင်းတန်းများနှင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒများ

ပေါက်ကွဲထွက်လာသည်။

အနီရောင်အလင်းတန်းသည်

ကောင်းကင်တစ်ခုလုံးကို

ဖုံးလွှမ်းသွားရုံသာမကဘဲ ပတ်ဝန်းကျင် ၃

ကီလိုမီတာရေးယာကိုပင်
လွှမ်းခြုံသွားခဲ့သည်။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ၏
ကြောက်မက်ဖွယ်ရာဖိအားက ရှန်ချင်းယင်
နှင့်
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်များ
ကိုပင် ခန္ဓာကိုယ်များ
ပြိုလဲလုမတတ်ဖြစ်သွားစေသည်။

“ဒါ… ဒါက ဟင်းလင်းပြင်တစ်ပိုင်းအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ….” ရှန်ချင်းယင်က ယန်ယဲ့ကို အံ့အားသင့်စွာဖြင့် စိုက်ကြည့်နေသည်။

ယန်ယဲ့ဟာ ဟင်းလင်းပြင်တစ်ပိုင်းအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို နားလည်လိမ့်မည်ဟု တစ်ခါမှမထင်ခဲ့ပေ။

စိတ်ဆန္ဒတစ်မျိုးစီ၏ အကျိုးသက်ရောက်မှုက လုံးဝ

ကွဲပြားပါသည်။ ဥပမာအားဖြင့်၊

ခံစားစိတ်ဆန္ဒက

ခံစားစွမ်းအင်ကို အားကောင်းလာစေပြီး

ပြိုင်ဖက်များကို ဖိနှိပ်ချုပ်နှောင်နိုင်သည်။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒနှင့် ပတ်သက်လျှင်

အခြားသူများ၏ စိတ်ဝိညာဉ်ကိုဖိနှိပ်ပြီး

လူသတ်လက်နက်များဖြစ်လာစေခြင်းပင်။

ထို့အပြင် လူတိုင်းကို

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဖြင့်ပင်

ထိန်းချုပ်ထားနိုင်မည်ဖြစ်သည်။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ မရှိလျှင်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ၏ ဖိအားက
အဆင့်နိမ့်စိတ်ဝိညာဉ်နှင့်
ကျင့်ကြံသူများအပေါ်
သေချာပေါက်ထိန်းချုပ်သွားပေမည်။
ထို့ကြောင့် ကောင်းကင်အဆင့်ထက်
ကျော်လွန်သော သတ်ဖြတ်ခြင်းစိတ်ဆန္ဒက
အလွန်ကြောက်စရာကောင်းလှသည်။

မည်သည့် စိတ်ဆန္ဒ အမျိုးအစားမဆို
ကောင်းကင်အဆင့်ထက်

ကျော်လွန်နေသရွေ့ ဓားစိတ်ဆန္ဒနှင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ တို့နှင့်

မတွေ့ဆုံသရွေ့

အလွန်ကြောက်စရာကောင်းသော

စွမ်းအားကို ပိုင်ဆိုင်ထားပါလိမ့်မည် ။

ဂူချန်းဖန် လည်း သူ့မျက်နှာပေါ်တွင်

အလွန်လေးနက်သော

အမူအရာတစ်ခုရှိနေ၏။ သူက

အစွမ်းထက်ပညာရှင် ဖြစ်သည့်တိုင်

ကောင်းကင်အဆင့်ထက်

ကျော်လွှန်နေသော စိတ်ဆန္ဒကို
လျှော့မတွက်ဝံ့ပေ။

ဂူချန်းဖန်၏ မျက်လုံးများ
ကျဉ်းမြောင်းလာကာ
သွေးရောင်အလင်းတန်းများ
အဆက်မပြတ်ထွက်ပေါ်လာနေသည့်
ယန်ယဲ့ကို စိုက်ကြည့်နေရင်း
သူ့မျက်လုံးများက
အရောင်တစ်ချက်လက်သွားခဲ့သည်။

ရုတ်တရက် သူ၏ညာခြေကို
မြေပြင်တစ်ချက်ဆောင့်ကာ
သူ့ခန္ဓာကိုယ်က
အလင်းတန်းတစ်ခုအသွင်ဖြင့် ယန်ယွဲ့ ဆီသို့
ခုန်ဝင်သွားလေသည်။

ရှန်ချင်းယင် နှင့် လူတိုင်းလည်း
ထိတ်လန့်သွားပြီး
သတိပြန်ဝင်လာချိန်မှာတော့ ဂူချန်းဖန်ကို
တားဖို့ အချိန်နှောင်းသွားခဲ့ပြီဖြစ်သည်။

ဒီအချိန်မှာ ဂူချန်းဖန်က ယန်ယဲ့ရှေ့တွင် ရောက်နေပါပြီ။ တစ်ချိန်တည်းမှာပင် သူ၏လုံ့ကြောက်မက်ဖွယ်ရာစွမ်းအားများ ဖြာထွက်လာပြီး ယန်ယဲ့၏ခေါင်း ဆီသို့ ထိုးသွင်းလိုက်လေသည်။

အပိုင်း ၁၁၅ -
ဟင်းလင်းပြင်တစ်ပိုင်းအဆင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

ဤတိုက်ခိုက်မှု၏ စွမ်းအားသည် အလွန်ကြောက်စရာကောင်းပြီး ၎င်းပတ်လည်ရှိ နေရာလွတ်များကိုပင် အပိုင်းပိုင်းကွဲထွက်သွားစေခဲ့သည်။ လုံက ချဉ်းကပ်လာသော တွင်းနက်ကြီးတစ်ခုကဲ့သို့ ဖြစ်ခဲ့ပြီး အလွန်ကြောက်လန့်စရာကောင်းလှသည်။

ထို့အပြင် လုံ့က ကောင်းကင်အဆင့် ၂ အထွတ်အထိပ် လုံ့စိတ်ဆန္ဒဖိအားများ သယ်ဆောင်လာသည်။

ထိုကြောက်မက်ဖွယ်ကောင်းသော လုံ့စိတ်ဆန္ဒ ပေါ်လာသည်နှင့် တပြိုင်နက် ယန်ယွဲ့၏ ပတ်ဝန်းကျင်ရှိ အာကာသဟင်းလင်းပြင်သည် ၎င်း၏ဖိနှိပ်မှုအောက်သို့ ရောက်သွားတော့သည်။

ဖုန်းဂူချောင် နှင့်
အပြင်စည်းကျောင်းသားများသည်
ဒီမြင်ကွင်းကို မြင်သောအခါ
ထိတ်လန့်သွားသော်လည်း ၎င်းတို့ဟာ
မည်သည့်အရာကိုမျှ
လုပ်ဆောင်နိုင်စွမ်းမရှိပေ။
ဂူချန်းဖန်၏လှံက ယန်ယွဲ့၏ခေါင်းအထက်
ထိုးဆင်းသွားသည်ကိုသာ
ကြည့်နေနိုင်ခဲ့သည်။

"သေလိုက်တော့..." ဂူချန်းဖန်က

မျက်လုံးထဲတွင်

ရိုင်းစိုင်းသောအမူအရာပေါ်လာပြီး သူ့လုံ့ကို

အားကုန် ထိုးသွင်းလိုက်သည်။

လှံက အလွန်တရာလျင်မြန်သောအရှိန်ဖြင့်

ယန်ယဲ့၏

နဖူးအလယ်တည့်တည့်သို့

ချက်ချင်းရောက်လာသည်။

ထိုအခိုက် ယန်ယဲ့၏မျက်လုံးများသည်

ရုတ်တရက် ပွင့်လာပြီး သူ့မျက်လုံးများထဲမှ

အနီရောင်အလင်းတန်းများ

ထွက်ပေါ်လာပြီး လုံ့ကို
ရိုက်ထုတ်လိုက်သည်။

ထို့နောက်တွင် ဂူချန်းဖန်၏ လုံ့က
ပြင်းထန်စွာတုန်ခါသွားပြီး
အပိုင်းပိုင်းပေါက်ကွဲသွားသည်ကို လူတိုင်း
မြင်တွေ့လိုက်ကြရသည်။

တစ်ချိန်တည်းမှာပင် ဂူချန်းဖန်၏
ကောင်းကင်အဆင့် ၂ အထွတ်အထိပ်
လုံ့စိတ်ဆန္ဒက

တစ်ခါမှမရှိတော့သည့်အလား ချက်ချင်း

ပျောက်ကွယ်သွားခဲ့သည်။

ဂူချန်းဖန်က ထိတ်လန့်သွားပြီး

နောက်ပြန်ဆုတ်ဖို့ ပြင်လိုက်၏။

သို့သော်လည်း မမြင်နိုင်သော

စွမ်းအားတစ်ခုက

တောင်ပေါင်းတစ်သန်းလောက် သူ့အပေါ်ကို

ရုတ်တရက် ဖိချလိုက်သည့်အလား

အသက်ရှူရပ်လုနီးပါး ဖြစ်သွားစေသည်။

ထိုခဏမှာပင်
အနီရောင်အလင်းတန်းများက ဂူချန်းဖန်ကို
ချက်ချင်း ဖုံးလွှမ်းသွားပြီး
သူ့မျက်လုံးများက တဖြည်းဖြည်း
နီရဲလာသည်။

“ဟင်းလင်းပြင်တစ်ပိုင်းအဆင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နဲ့
ဟင်းလင်းပြင်တစ်ပိုင်းအဆင့်
ဓားစိတ်ဆန္ဒ...။ မတူညီတဲ့
ဟင်းလင်းပြင်တစ်ပိုင်းအဆင့် စိတ်ဆန္ဒ

နှစ်မျိုးလား ....” အဝေးကနေ
စောင့်ကြည့်နေသော
ကျင့်ကြံသူအုပ်ကြီးဟာ ဒီမြင်ကွင်းကြောင့်
အံ့အားသင့်သွားကြသည်။

ဟင်းလင်းပြင်တစ်ပိုင်းအဆင့်
စိတ်ဆန္ဒတစ်ခု ပင်လျှင်
အလွန်ကြောက်စရာကောင်းနေပါပြီ။
သို့သော်လည်း ယန်ယွဲ့ဟာ စိတ်ဆန္ဒနှစ်ခုကို
နားလည်ထားသည့်အပြင်
ဟင်းလင်းပြင်တစ်ပိုင်းအဆင့် စိတ်ဆန္ဒ များ

ဖြစ်နေ၏။ ထိုအရာက မည်သည်ကို ဆိုလိုသနည်း။

ယန်ယဲ့ဟာ လက်ကိုမြှောက်ဖို့ပင်မလိုဘဲ စိတ်ဆန္ဒနှစ်ခုဖြင့် အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်ကို သတ်နိုင်သည်ဟု ဆိုလိုသည်မဟုတ်လား။

ဤအခိုက်အတန့်လိုပင်။ ဂူချန်းဖန်က သာမန်အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့် မဟုတ်ပေ။ သို့ရာတွင် သူက ယန်ယဲ့၏

ဟင်းလင်းပြင်တစ်ပိုင်းအဆင့်
စိတ်ဆန္ဒနှစ်ခုကို
ပြန်လည်တိုက်ခိုက်နိုင်စွမ်းမရှိခဲ့ပေ။

အစပိုင်းတွင် ဂူချန်းဖန်၏မျက်လုံးများသည်
အနည်းငယ်ကြည်လင်နေသေးပြီး
ရှန်းကန်နေနိုင်သည်။
သူက ယန်ယွဲ့၏ထိန်းချုပ်မှုအောက်ကနေ
လွတ်မြောက်ဖို့
အသည်းအသန်ရှန်းကန်လိုက်သည်။

သို့သော် သူ၏လုံ့စိတ်ဆန္ဒက
ဟင်းလင်းပြင်တစ်ပိုင်းအဆင့်
စိတ်ဆန္ဒနှစ်ခုကို မယှဉ်နိုင်သဖြင့်
အရာအားလုံးက အချည်းနှီးသာ။

သိပ်မကြာခင်မှာပဲ
ဂူချန်းဖန်၏မျက်လုံးများက
နီရဲလာပါတော့သည်။ သူ့မျက်လုံးများက
နဂိုကြည်လင်နေသော အရိပ်အယောင်များ
လုံး၀ ပျောက်ကွယ်သွားပါပြီ။

ထို့နောက်တွင် လူတိုင်းက ထိတ်လန့်ဖွယ်ရာ မြင်ကွင်းတစ်ခုကို မြင်လိုက်ရပါတော့သည်။

ဂူချန်းဖန်က ရုတ်တရက်

ဓားမြှောင်တစ်လက်ကို ထုတ်ယူပြီး

ဝှေ့ယမ်းကာ

သူ၏ဘယ်ဖက်လက်ကိုဖြတ်တောက်လိုက်

သည်။ ထို့နောက်

သူ့လက်ထဲကဓားမြှောင်ကို လျင်မြန်စွာ

ဝှေ့ယမ်းလိုက်ပြီး

သူ၏ခြေထောက်နှစ်ဖက်လုံးကို
ဖြတ်ပစ်လိုက်သည်။

သို့သော် ၎င်းက အဆုံးမဟုတ်ပေ။
ဂူချန်းဖန်က သူ့ကိုယ်သူ
အပိုင်းပိုင်းဖြတ်နေသကဲ့သို့ သူ့အသားကို
ဖြည်းဖြည်းချင်း လှီးဖြတ်နေသည် အားလုံး
မြင်လိုက်ကြရသည်။

"ရဲယန်၊ နင့်ကိုယ်နင်ထိန်းပါဦး။ မြန်မြန်!
အဲဒါကို အခု ရပ်လိုက်..." ရှန်ချင်းယင်က

ထိတ်လန့်သွားပြီး ယန်ယဲ့ကို
တားလိုသောကြောင့် ဂူချန်းဖန်အား
တိုက်ခိုက်လိုက်သည်။

သို့သော်လည်း ယန်ယဲ့သည် ရုတ်တရက်
သူမကို စူးစိုက်ကြည့်ပြီးနောက်
သူ့မျက်လုံးထဲမှ အနီရောင်အလင်းတန်းများ
ထွက်ပေါ်လာပြီး ရှန်ချင်းယင် ဆီသို့
လွှမ်းခြုံသွားသည်။

တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်တွင်
မမြင်နိုင်သော စွမ်းအားတစ်ခု ပေါ်လာပြီး

ရှန်ချင်းယင်ကို ပြင်းပြင်းထန်ထန်
ဖိနှိပ်ထားခဲ့သည်။

ရှန်ချင်းယင် နှင့် အကယ်ဒမီ၏
အခြားအဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆ
င့်များလည်း ထိတ်လန့်သွားကာ
ရှန်ချင်းယင်၏ရှေ့တွင် ကမန်းကတန်း
ရပ်လိုက်ကြသည်။
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
အကြီးအကဲတစ်ဦးက "နည်းပြဆရာရဲ၊
မြန်မြန်ထိန်းချုပ်ပါ။ မြန်မြန်နိုးထပါ။

ငါတို့က မင်းဖက်မှာရှိတယ်။ ငါတို့က မင်းဖက်မှာရှိတယ်။ အရှုးအမူးမလုပ်နဲ့...."

ထိုအချိန်မှာပဲ
ကြောက်မက်ဖွယ်ကောင်းသော
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့် စားစိတ်ဆန္ဒ
ဖိအားတို့ ဖြာထွက်လာခဲ့လေသည်။
သူတို့အပေါ် ကျရောက်လာသော
ဖိအားကြောင့် ရှန်ချင်းယင် အပါအဝင်
လူတိုင်း မျက်နှာများ ဖြူဖျော့သွားကြသည်။

"သေလိုက်ကြ..."  ယန်ယဲ့သည် ရုတ်တရက် အေးစက်စက်အော်လိုက်ပြီး အနီရောင်အလင်းတန်းတစ်ခုအသွင်ဖြင့် ရှန်ချင်းယင် တို့အဖွဲ့ ဆီ ပြေးဝင်လာခဲ့၏။

"ဆရာမရှန်၊ မဟုတ်ဘူး......

နည်းပြဆရာရဲ၊ မြန်မြန်နိုးထပါ။ ငါတို့က မင်းရဲ့ဖက်တော်သားတွေလေ။ ငါ့ကို စောင့်ကြည့်ပါ! ငါတို့က မင်းဖက်မှာ တကယ်ရှိတယ်လို့ ငါကတိပေးတယ်"

"သောက်ကျိုးနည်းစကားတွေ၊... မင်းက
ဒီလိုစကားတွေနဲ့ အချိန်ဖြုန်းနေတာ
ရပ်လိုက်။ သူ လုံးဝ ရူးသွားပြီ!
မြန်မြန်ပြေးကြ...."

ဒီအချိန်မှာ ယန်ယွဲ့၏စိတ်က
သတ်ဖြတ်ခြင်းစိတ်ဆန္ဒဖြင့်
ဖုံးလွှမ်းထားသည်ဖြစ်ရာ
ရှင်းရှင်းလင်းလင်းမရှိသေးပါ။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒသည်

အခြားသူများကို ဖိနှိပ်နိုင်သလို

၎င်း၏ပိုင်ရှင်ကိုလည်း

ထိခိုက်စေနိုင်သည်။အကယ်၍

အတိတ်ကဖြစ်ခဲ့လျှင် သူ၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒက သူ့ကို

ထိခိုက်စေဖို့ မဖြစ်နိုင်ပေ။

အစောပိုင်းတွင် သူ၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒသာ

ကောင်းကင်အဆင့် ၃ သာရှိသောကြောင့်

ဟင်းလင်းပြင်တစ်ပိုင်းအဆင့်

ဓားစိတ်ဆန္ဒဖြင့် ၎င်းကို

ဖိနှိပ်ထားနိုင်ခဲ့သည်။

ယခုအချိန်တွင် သူ၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒက

ဟင်းလင်းပြင်တစ်ပိုင်းအဆင့် သို့

တက်လှမ်းသွားပြီဖြစ်ရာ ဓားစိတ်ဆန္ဒနှင့်

အဆင့်တူ ဖြစ်သွားသည်။

ထို့ကြောင့် ယခုအချိန်တွင် သူ၏
သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို ဖိနှိပ်ဖို့
မဖြစ်နိုင်တော့ပေ။

ယုဂူရှမ် ဖြစ်ပျက်သွားသော
အခြေအနေကြောင့် ယန်ယွဲ့၏စိတ်က
အကန့်အသတ်မဲ့ နာကြည်းမှုများနှင့်
သတ်ဖြတ်လိုစိတ်များ ပြည့်နှက်နေပါသည်။
ထိုအရာက သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို
လုံးဝမြင့်တက်သွားစေပြီး
သူ၏ဓားစိတ်ဆန္ဒကို ဖိနှိပ်ပစ်ခဲ့သည်။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒက
အသာစီးရသွားသော ကြောင့် ယခု
သူ့စိတ်ထဲတွင် အရူးတစ်ယောက်လို
သတ်ဖြတ်လိုစိတ်များသာ ရှိတော့သည်။

ဒီလိုအခြေအနေမျိုးဖြင့် ယန်ယဲ့ကို
မြင်လိုက်သောအခါ အားလုံးက
ထိတ်လန့်သွားကြသည်။ အမှန်တွင်
ယန်ယဲ့သည်
ဒဏ်ရာအပြင်းအထန်ရခဲ့သော်လည်း

သူသည် ဟင်းလင်းပြင်တစ်ပိုင်းအဆင့်
ခံစားစိတ်ဆန္ဒ နှင့်
ဟင်းလင်းပြင်တစ်ပိုင်းအဆင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ တို့ကို
အပြည့်အဝဖိနှိပ်နိုင်စွမ်းရှိသည်။

ပြေး....!

ဒီအချိန်မှာ "ထွက်ပြေး"ဟူသော
စကားကသာ သူတို့စိတ်ထဲ ပေါ်လာသည့်
တစ်ခုတည်းသော အတွေးဖြစ်ကာ

တတ်နိုင်သမျှ အမြန်ဆုံး
ထွက်ပြေးဖို့ပင်ဖြစ်လေသည်။

မရေမတွက်နိုင်သောလူများဟာ မြို့ပြင်သို့
ရှုးသွပ်စွာ ထွက်ပြေးကြပြီး လုံးဝကို
ပရမ်းပတာနိုင်သောမြင်ကွင်းတစ်ခုဖြစ်ခဲ့သ
ည်။

မမြင်နိုင်သော စွမ်းအားက ရှန်ချင်းယင်ကို
ဖိနှိပ်ထားပြီး အနီရောင်အလင်းတန်းများနှင့်

မမြင်နိုင်သောစားစိတ်ဆန္ဒဖိအားက
သူမဆီသို့ ရှူးသွပ်စွာ ဖိနှိပ်လာခဲ့သည်။

ရှန်ချင်းယင်က ထိတ်လန့်သွားသည်။
သူမသည် အခြားအရာများကို
ဂရုမစိုက်တော့ဘဲ
ထွက်ပြေးဖို့ပြင်လိုက်လေသည်။

သို့သော်လည်း ယန်ယွဲ့သည်
အမြန်နှုန်းဥပဒေသကို သုံးကာ သူမရှေ့တွင်

ချက်ချင်းပေါ်လာပြီး
ပိတ်ဆို့ထားလိုက်သည်။

"ငါတော့ပြီးပြီ "

အနီရောင်အလင်းတန်းတစ်ခုက သူမ
အပေါ်ကို ပိတ်လှောင်သွားကာ
ရှန်ချင်းယင်၏ မျက်လုံးများက
ချက်ချင်းပင်
ကြက်သွေးရောင်ပြောင်းသွားခဲ့သည်။

ထို့အပြင် သူမ တစ်ဦးတည်းသာမဟုတ်ပဲ
သူမနောက်မှ ဒါဇင်ချီသော
အဖွဲ့ဝင်များလည်း မျက်လုံးများ
ကြက်သွေးရောင်သမ်းလာခဲ့သည်။

ထို့နောက်တွင် ရှန်ချင်းယင် အပါအဝင်
သူတို့အားလုံး ကိုယ်ပိုင်လက်နက်များကို
ဖြည်းညှင်းစွာ မြှောက်ကာ
ကိုယ့်ရင်ဘတ်ဆီသို့
ပြန်ထိုးသွင်းလိုက်ကြသည်။

"ရပ်လိုက်ကြ! ရဲယန်၊ ဝူရှမ်က
အခုထိအသက်ရှင်နေသေးတယ်"ထိုအခိုက်
ယုဝူကျား၏စိုးရိမ်တကြီးအသံ
ထွက်ပေါ်လာသည်။

ထိုအသံထွက်လာသည့်နောက် ရှန်ချင်းယင်
နှင့် အခြားသူများလည်း ချက်ချင်း
မလှုပ်မယှက် ဖြစ်သွားကြသည်။

သို့သော်လည်း
အချိန်အနည်းငယ်နောက်ကျနေသေးသည်
ဖြစ်ရာ အနည်းငယ်

ဒဏ်ရာရသွားခဲ့သေး၏။
ကံကောင်းထောက်မစွာ ဒဏ်ရာများက
အရေပြားကို ဖောက်ရုံသာရှိခဲ့သည်။

ဒီအချိန်မှာ ယန်ယွဲ့၏ခန္ဓာကိုယ်က
တောင့်တင်းသွားသည်။
အချိန်အတော်ကြာအောင်
ရှန်းကန်နေပုံရပြီး ပတ်ဝန်းကျင်ကို
လွှမ်းခြုံထားသော
အနီရောင်အလင်းတန်းများဟာ သူ့ဆီကို
တရွေ့ရွေ့ပြန်ဝင်လာပါတော့သည်။

ထိုကဲ့သို့ပင် အချိန် ၁၅ မိနစ်ခန့်

ကြာပြီးနောက် ကောင်းကင်တစ်ခုလုံး

လွှမ်းခြုံထားသော

သွေးနီရောင်အလင်းကန့်လန့်ကာကြီးက

ပျောက်ကွယ်သွားသည်။

ခဏအကြာတွင်တော့ ယန်ယဲ့၏ဆံပင်နှင့်

မျက်လုံးများသည် တဖြည်းဖြည်း

ပုံမှန်ပြန်ဖြစ်သွားခဲ့သည်။

ဤမြင်ကွင်းကိုမြင်လိုက်သောအခါ
ဤနေရာရှိလူတိုင်း သက်ပြင်းချကြသည်။

ရှန်ချင်းယင် နှင့် အခြားသူများလည်း
ယန်ယဲ့ သတိပြန်ဝင်လာသည်ကို
မြင်လိုက်မှသာ ချက်ချင်းပင် နဖူးကနေ
ချွေးအေးများ စီးကျလာတော့သည်။
ယုဝူကျား သာ အနည်းငယ်ထပ်မံ
နောက်ကျနေပါက သူတို့ဟာ ကိုယ့်ကိုယ်ကို
သတ်သေသွားရပါလိမ့်မည်။

ယန်ယဲ့သည်နေရာတွင် ခဏရပ်ပြီးနောက်
သူ့ပုံရိပ်ဟာ ယုဝူရှမ် ထံသို့
ရောက်ရှိလာသည်။ ထိုအချိန်တွင်
ယုဝူရှမ်က ယုဝုကျား၏ ရင်ခွင်ထဲတွင်
လဲလျောင်းနေသည်။
သူမ၏မျက်နှာလှလှလေးက ယန်ယဲ့ကို
ငေးကြည့်နေကာမျက်ရည်များဖြင့်ဖုံးလွှမ်း
သွားသည်။

###Book.67